# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ကဆုန်လပြည့် ၊ တနင်္ဂနွေနေ့ ၊ (11-5-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၁၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုဗာစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksan-drovich နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် မေ ၁၀**

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် ၈၀ ပြည့်အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့သည့်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ဘနူကာဘာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အစိုးရပရိုတိုကောဌာန၏ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ) ဗိုလ်မှူးချုပ်ကျော်စိုးဦးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ်

စာမျက်နှာ ၁၇ ကော်လံ ၁




ရတနာပုံ
၂၀၂၅ ခုနှစ် မေ ၁၁ ရက်
အယ်ဒီတာ့အာဘော်

# ကဆုန်လပြည့် ဗုဒ္ဓနေ့

ကဆုန်လသည် မြန်မာလများတွင် ဒုတိယမြောက်လဖြစ်၍ နွေဥတုတွင်ပါဝင်သည်။ ကဆုန်လသည် ရာသီအားဖြင့် ပြိဿရာသီ၊ ရာသီနက္ခတ်မှာ ဝိသာခါနက္ခတ်၊ ရာသီပန်းမှာ စံကားပန်းဖြစ်သည်။ ကဆုန်လ၏ရာသီပွဲတော်မှာ ညောင်ရေသွန်းလောင်းသော ပွဲတော်ဖြစ်သည်။ ဗုဒ္ဓသာသနာထွန်းကားသော မိမိတို့နိုင်ငံတွင် ကဆုန်လပြည့်နေ့ရောက်တိုင်း ဘာသာရေးအခမ်းအနားများ၊ အလှူဒါနပြုခြင်းများနှင့်အတူ ကဆုန်ညောင်ရေသွန်းလောင်းပွဲတော် ကျင်းပကြလေ့ရှိပါသည်။

မြန်မာလူမျိုးတို့သည် ရှေးနှစ်ပေါင်းများစွာမှစ၍ ယနေ့ကာလထိ ကဆုန်လပြည့်နေ့ရောက်တိုင်း ညောင်ရေသွန်းပွဲတော်ကို ရိုးရာယဉ်ကျေးမှု ရာသီပွဲတော်အဖြစ် အခမ်းအနားကျင်းပကုသိုလ်ယူကြလေ့ရှိသည်။ ညောင်ရေသွန်းရာတွင်လည်း ဂေါတမမြတ်စွာဘုရားပွင့်တော်မူခဲ့ရာ မဟာဗောဓိညောင်ပင်၏ဆင့်ပွားညောင်ပင်များကို အမွှေးနံ့သာရည် သို့မဟုတ် သန့်စင်သောရေတို့ဖြင့် ရိုသေစွာသွန်းလောင်းပူဇော်ကြလေ့ရှိသည်။ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့ ညောင်ရေသွန်းပူဇော်သော ဗောဓိညောင်ပင်သည် မြတ်စွာဘုရား သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူရာနေရာမှ သစ်ပင်ထူးသစ်ပင်မြတ်ပင်ဖြစ်သည်။ ထို့ကြောင့် ဗောဓိညောင်ပင်သည် ကမ္ဘာမြေပေါ်မှ အခြားသစ်ပင်များထက် သာလွန်ထူးခြားမြင့်မြတ်သည့်သစ်ပင်၊ စေတီတော်တို့တွင် ပရိဘောဂစေတီထိုက်သော သစ်ပင်အဖြစ် ဘုရားရှင်ကိုယ်စား ပူဇော်ကြခြင်းပင်ဖြစ်သည်။

ထို့ပြင် ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့အဖို့ ညောင်ရေသွန်းပွဲတော်ကျင်းပရာလထူးလမြတ် နေ့ထူးနေ့မြတ် တစ်ခုတည်းမဟုတ်ပေ။ ကဆုန်လပြည့်နေ့သည် "ဗျာဒိတ်ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း"ဟူ၍ အမည်ပေးကင်ပွန်းတပ် ခေါ်ဆိုရသော နေ့ထူးနေ့မြတ်ပင်ဖြစ်သည်။ ကဆုန်လပြည့်နေ့တွင် ဂေါတမဘုရားလောင်း သုမေဓာရှင်ရသေ့ ဒီပင်္ကရာမြတ်စွာဘုရားထံတော်မှ "ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်" ဟု နိယတဗျာဒိတ်ခံတော်မူခြင်း၊ ဘုရားလောင်းဖွားမြင်တော်မူခြင်း၊ သစ္စာလေးပါး မြတ်တရားကိုသိမြင်၍ ဘုရားဖြစ်တော်မူခြင်း၊ မဟာဗောဓိပင်ပေါက်ခြင်း၊ ပရိနိဗ္ဗာန်စံတော်မူခြင်း ဟူသော အလွန်ထူးခြားသည့် ဗုဒ္ဓဝင်မှတ်တိုင်ကြီးများကို စိုက်ထူတော်မူနိုင်ခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်အပေါင်းတို့က ကဆုန်လပြည့် ဗုဒ္ဓနေ့ဟု သတ်မှတ်ကာ ဘာသာရေးဆိုင်ရာ အခမ်းအနားများကို ရှေးမြန်မာမင်းများလက်ထက်ကတည်းက ယနေ့တိုင် စဉ်လာမပြတ် ကျင်းပပူဇော်ကြခြင်းဖြစ်ပါသည်။

ဤသို့ ကဆုန်လပြည့်ဗုဒ္ဓနေ့အဖြစ် ကဆုန်ညောင်ရေသွန်းပွဲတော်သည် မြန်မာမှုမြန်မာ့ဟန်ဖြင့် တီထွင်ဖန်တီးဖြစ်ပေါ်လာသော မြန်မာယဉ်ကျေးမှုဓလေ့ပွဲတော်ဖြစ်သည်။ ပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်သည်လည်း ကုသိုလ်ရမှုတစ်ခုတည်းအတွက်သာ ကျင်းပခြင်းမဟုတ်ပေ။ စိုက်ပျိုးရေးကို အဓိကအားထားရသော မိမိတို့နိုင်ငံအတွက် မိုးလေဝသမှန်ကန်ပြီး ကောက်ပဲသီးနှံများ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းပြည်သာယာဝပြောရေး၊ အေးချမ်းသာယာရေးတို့အတွက်လည်း ဦးတည်ကျင်းပသောပွဲတော်ဖြစ်ကြောင်း ရှေးစာပေမှတ်တမ်းများအရ သိရှိရသည်။

သို့ဖြစ်ရာ ယနေ့ကျရောက်သော ကဆုန်လပြည့်နေ့ နေ့ထူးနေ့မြတ်၌ ဗုဒ္ဓဘာသာဝင်သူတော်ကောင်းအပေါင်းတို့သည် ဗုဒ္ဓါဘိသေကမင်္ဂလာဆင်ယင်ကျင်းပခြင်း၊ ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ အလှူဒါနများပြုလုပ်ခြင်း၊ မြတ်စွာဘုရားရှင်ကိုယ်စား ပရိဘောဂစေတီထိုက်သော မဟာဗောဓိညောင်ပင်ကို ရေစင်သွန်းလောင်းပူဇော် ကုသိုလ်ယူခြင်းများဖြင့် ကဆုန်ညောင်ရေနှင့် ထိတွေ့ကုသိုလ်ပြုရမှုတို့ကြောင့် ကိုယ်စိတ်နှစ်ပါးအေးမြချမ်းသာကာ ပြုခဲ့သောကုသိုလ်ဓာတ်အစွမ်းဖြင့် မိမိကိုယ်တိုင်ကစ၍ မြန်ပြည်တစ်ဝန်း စားရေရိက္ခာဖူလုံပြီး သာယာဝပြောကာ ဘေးမသန်းအေးချမ်းနေမည်သာဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပါသည်။

# မလှိုင်မြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် မေ ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို မေ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၈ ဒသမ ၂ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရွာသစ်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၂၅ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၁၉သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၂ ဒသမ ၄သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံ ငွေကျပ် ၄၈ ဒသမ ၂ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၂၂၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကျွန်းလှ မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၂၂၃ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၂၂၃ ဧက စိုက်ပျိုးရန်လျာထားပြီး မေလတတိယပတ်တွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ယခုလက်ရှိတွင် မြေပဲများ စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများ ထွန်ယက်လျက်ရှိကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်မှာ မိုးသီးနှံစိုက်ပျိုးရာသီက မြေပဲဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ မြေပဲကို ဒီလတတိယပတ်ထဲမှာ စိုက်ပျိုးဖို့ ဆောင်ရွက်နေပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်သွားမှာပါ။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် မြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းနိုင်စေရန်၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်း စစ်ဆေးခြင်းတို့ကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်မည်ဖြစ်၍ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ကန့်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ကျားပျံ့စပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကန့်ကြီးထောင့် မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလအတွင်း ကျားပျံ့စပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကန့်ကြီးထောင့်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိဆွေက ပြောပြသည်။

ကန့်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်းက ကျားပျံ့စပါး အမျိုးအစားတင်းရေ ၅၁၀၀၀ သာ



တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ကျားပျံ့စပါးအမျိုးအစား တင်းရေ ၆၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ကျားပျံ့စပါး တင်းရေ ၆၉၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ အစ်မတို့မြို့ကနေ စပါးတွေ၊ ဆန်တွေနဲ့ အခြား လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချပါတယ်။ အဲ့ဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူမှုများနေလို့ တင်ပို့အား တက်ခဲ့တာဖြစ်ပါတယ်။ ကျားပျံ့စပါးအမျိုးအစားက အခြားစပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ တစ်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ အရောင်းအဝယ် ပိုဖြစ်နေပါတယ်"ဟု ကန့်ကြီးထောင့်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီရိဆွေက ပြောပြသည်။

ကန့်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားပျံ့စပါးအမျိုးအစား တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၆၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရပ်စောက်မြို့နယ် စမ်းရေဦးခေတ်မီစံပြကျေးရွာ၌ RBF စီမံကိန်းဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

**ရပ်စောက် မေ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်းရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရပ်စောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရှေးရယ်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စမ်းရေဦး ခေတ်မီစံပြကျေးရွာတွင် အစုအဖွဲ့စနစ်ဖြင့် ရွှေပြောင်းအဖွဲ့မှ ပြောင်းစိုက်ပျိုးထားရှိမှု၊ ရွှေချင်းစိမ်းအဖွဲ့မှ ချင်းစိုက်ပျိုးထားရှိမှု၊ ရွှေမြေသီးအဖွဲ့မှ ခရမ်းချဉ်သီး စိုက်ပျိုးထားရှိမှုနှင့် ဖူးပွင့်ဝေ အစုအဖွဲ့မှ နှင်းဆီပန်းစိုက်ပျိုးထားရှိမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက RBF အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများကို ပိုမိုကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စမ်းရေဦးခေတ်မီစံပြကျေးရွာတွင် အစုအဖွဲ့လေးဖွဲ့က အစုအဖွဲ့စနစ်ဖြင့် မိသားစုဝင်ငွေတိုး စိုက်ပျိုးရေးလုပ်ငန်းများကို အစုအဖွဲ့တစ်ဖွဲ့လျှင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်းချေးငွေကျပ် ၇၅ သိန်း၊ အသင်းဝင်များ၏ မတည်ငွေများဖြင့် အဆိုပါကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သော အရင်းအနှီး ရရှိစေရန် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်ခိုင်

# ဘားအံမြို့နယ် နိုင်းကြာကျေးရွာ၌ လက်သမား၊ ပန်းရန်သင်တန်းဖွင့်

**ဘားအံ မေ ၁၀**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လက်သမား၊ ပန်းရန်သင်တန်းဖွင့်ပွဲကို လှာကဒေါင်ကျေးရွာအုပ်စု နိုင်းကြာကျေးရွာ၌ မေ ၉ ရက် နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝင်းနိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဘားအံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ သင်တန်းပြီးဆုံးပါက ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး သင်တန်းတွင် အသုံးပြုမည့် သင်ထောက်ကူ ပစ္စည်းများကို သင်တန်းသားများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းကို နိုင်းကြာကျေးရွာမှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ပြီး သင်တန်းကို ယခုနှစ် မေ ၉ ရက်မှ ၂၃ ရက်ထိ ၁၅ ရက်ကြာ အခမဲ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လူ

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ဧယာဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မော်လမြိုင်ကျွန်း မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ဧယာဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မတ်လ တစ်လအတွင်း ဧယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ဧယာဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၀၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ဧယာဆန်အမျိုးအစား အိတ်ရေများများ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ အစ်မတို့မြို့ကနေလယ်ယာ ထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ဧယာဆန်အမျိုးအစားက စားကောင်းတဲ့ ဆန်အမျိုးအစားဖြစ်ပါတယ်။ အဲဒီ ဆန်တွေကို ရန်ကုန်ဘက်က ဝယ်ယူမှုများပြားနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ဧယာဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်" ဟု မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဧယာဆန် တစ်အိတ်လျှင်ငွေကျပ် ၁၀၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဧယာဆန်အိတ်များကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်း ရရှိလျက်ရှိကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းထံမှသိရသည်။

ကျော်ကျော်လင်း

# ပဲခူးမြို့နယ်ရှိ ကျေးရွာသုံးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပဲခူး မေ ၁၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဈေးညောင်ပင်လေး ကျေးရွာ၊ တောင်ရွာလေးကျေးရွာနှင့် ကုန်းတန်းလေးကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို မေ ၉ ရက်က တောင်ရွာလေးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြား မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါကျေးလက်နေ ပြည်သူများလိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အဆိုပါကျေးရွာသုံးရွာတို့ရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၄၂ ဦးကို ငွေကျပ် ၆၁ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သုတ

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံဖူးစားပြောင်း ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

**ယင်းမာပင် မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဖူးစားပြောင်း ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းဧက ၃၃၁၂၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပြောင်းဖူး အဖူးရေ ၂၃၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ယင်းမာပင်ခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဖူးစားပြောင်းဧက ၃၃၁၂၀ ထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းစိုက်ခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေဖို့အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ဖူးစားပြောင်း ရိတ်သိမ်းပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၈၉၈၀၊ ကနီမြို့နယ်တွင် ၁၃၃၆၅ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၆၂၄၄ ဧကနှင့် ပုလဲမြို့နယ်တွင် ၄၅၃၁ ဧက စုစုပေါင်းဧက ၃၃၁၂၀ တို့ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ဖူးစားပြောင်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခဲ့ကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို ပိုမို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)



# ချမ်းသာရန်လိုအပ်သည့် ကျွမ်းကျင်မှုများ

မျိုးသူ(ကုန်သွယ်မြှင့်)

**❖ ဝင်ငွေနှင့်ထွက်ငွေကိုချိန်ဆပြီး စီမံခန့်ခွဲခြင်း၊ ရင်းနှီးမြှုပ်နှံမှုအတွက် ငွေကြေးစီမံခန့်ခွဲခြင်း၊ စီးပွားရေးဆိုင်ရာငွေကြေးစီမံခန့်ခွဲခြင်း၊ ငွေကြေးစာရင်းဇယားများထိန်းသိမ်းခြင်း စသည့်ငွေကြေးနှင့်ပတ်သက်၍ စီမံခန့်ခွဲခြင်းဆိုင်ရာကျွမ်းကျင်မှုများရှိထားရန်လိုအပ်သည်။ ငွေကြေးစီမံခန့်ခွဲတတ်သူသည်သာ ချမ်းသာသည်ဟုဆိုကြသည်။ ငွေကြေးကုန်ကျမှုများသည့်အတွက် အပျော်အပါးကိစ္စများတွင်လည်း ပါဝင်မှုမရှိသည့်တိုင်အောင် အလုပ်ကြိုးစားပြီး ဆင်းရဲနေသူအချို့၏ အားနည်းချက်မှာ ငွေကြေးစီမံခန့်ခွဲမှု အားနည်းခြင်းဖြစ်သည်ကို တွေ့နိုင်သည်။ ❖**

ချမ်းသာချင်သူတစ်ဦးအတွက် ချမ်းသာရန်လိုအပ်သော ကျွမ်းကျင်မှုများရှိထားရန်လိုအပ်သည်။ အချို့သူများသည် ဘဝအတွေ့အကြုံများအရ အဆိုပါကျွမ်းကျင်မှုများကို ရရှိခဲ့တတ်ကြပြီး ချမ်းသာလာကြသည်ကို တွေ့နိုင်သည်။ ထို့အတူ မိမိတို့လည်း ချမ်းသာကြွယ်ဝမှုအတွက် ကျွမ်းကျင်မှုများကို လေ့ကျင့်ပြီး တတ်မြောက်အောင် လုပ်ကိုင်နိုင်ကြသည်။ ချမ်းသာကြွယ်ဝရန်အတွက် ငွေကြေးရင်းနှီးမြှုပ်နှံမှုများကို လိုအပ်သည်ဟု ယေဘုယျအားဖြင့် ထင်မြင်တတ်ကြသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုများအပြင် နည်းပညာတတ်မြောက်မှုများ၊ အခြားသောကျွမ်းကျင်မှုများကိုလည်း လိုအပ်နေသေးကြောင်း တွေ့ရသည်။ ယနေ့ခေတ်တွင် တစ်နေရာ၊ တစ်ကဏ္ဍတွင် ကျွမ်းကျင်မှုရှိလျှင်ပင် ချမ်းသာကြွယ်ဝမှုကို ရရှိအောင် လုပ်ယူနိုင်ကြသည်။ ထို့ကြောင့် မိမိကျင်လည်ရာနယ်ပယ်တွင် ကျွမ်းကျင်မှုရှိအောင် လုပ်ကိုင်ကြရမည်။ မည်သည့်အချက်များကို ကျွမ်းကျင်အောင်လေ့ကျင့်ပြီး ချမ်းသာကြွယ်ဝမှုကို ရှာကြမည်နည်း။ အလုပ်အပြင်းအထန်လုပ်ရုံဖြင့် ချမ်းသာကြွယ်ဝနိုင်ပါသလား၊ ကံကောင်းရန်သာ လိုအပ်ပါသလား။ ချမ်းသာကြွယ်ဝသူများတွင် ကောင်းသောအလေ့အထများ၊ အလေ့အကျင့်များနှင့် ကျွမ်းကျင်မှုများရှိကြသည်။

**ငွေကြေးစီမံခန့်ခွဲတတ်ခြင်း**

ပထမဆုံးကျွမ်းကျင်ရန် လိုအပ်ချက်မှာ ငွေကြေးစီမံခန့်ခွဲတတ်ခြင်းပင်ဖြစ်သည်။ ဝင်ငွေနှင့်ထွက်ငွေကိုချိန်ဆပြီး စီမံခန့်ခွဲခြင်း၊ ရင်းနှီးမြှုပ်နှံမှုအတွက် ငွေကြေးစီမံခန့်ခွဲခြင်း၊ စီးပွားရေးဆိုင်ရာငွေကြေးစီမံခန့်ခွဲခြင်း၊ ငွေကြေးစာရင်းဇယားများ ထိန်းသိမ်းခြင်း စသည့်ငွေကြေးနှင့်ပတ်သက်၍ စီမံခန့်ခွဲခြင်းဆိုင်ရာ ကျွမ်းကျင်မှုများရှိထားရန်လိုအပ်သည်။ ငွေကြေးစီမံခန့်ခွဲတတ်သူသည်သာ ချမ်းသာသည်ဟုဆိုကြသည်။ ငွေကြေးကုန်ကျမှုများသည့်အတွက် အပျော်အပါးကိစ္စများတွင်လည်း ပါဝင်မှုမရှိသည့်တိုင်အောင် အလုပ်ကြိုးစားပြီး ဆင်းရဲနေသူအချို့၏ အားနည်းချက်မှာ ငွေကြေးစီမံခန့်ခွဲမှု အားနည်းခြင်းဖြစ်သည်ကို တွေ့နိုင်သည်။ ဝင်ငွေနှင့်ထွက်ငွေကို မျှတအောင် သုံးစွဲနိုင်ခြင်းသည် ရေရှည်တွင် ချမ်းသာမှုကွာဟချက်ဖြစ်လာမည်။

**မဟာဗျူဟာချမှတ်ခြင်းနှင့် စီမံကိန်းချမှတ်ခြင်း**

အနာဂတ်တွင် မည်သို့ဖြစ်မည်ကို လူတိုင်းက ကြိုတင်ခန့်မှန်းသိရှိလိုကြသည်။ မိမိစီးပွားရေးလုပ်ငန်းများ၏ရှေ့အနာဂတ်ကို သိလိုကြသည်။ အဆိုပါအနာဂတ်စီးပွားရေး အောင်မြင်မှုရရှိရန်အတွက် ကြိုတင်ခန့်မှန်းခြင်းကို မဟာဗျူဟာများချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲချမှတ်ခြင်းတို့ကို ပြုလုပ်ပြီး အဆိုပါစီမံကိန်း၊ စီမံချက်များအတိုင်း ဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုများရရှိလာမည်ဖြစ်သည်။ သို့ရာတွင် ထိုစီမံကိန်း၊ စီမံချက်များအတွက် တွေးခေါ်ဆင်ခြင်စဉ်းစားခြင်း၊ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းများသည်မိမိလုပ်ငန်း၏ အနာဂတ်အောင်မြင်ရေးအတွက် ချမှတ်သည့်လမ်းစဉ်များဖြစ်၍ အဆိုပါကြိုတင်စဉ်းစားဆင်ခြင်ခြင်း ဟူသောကိစ္စတွင် ကျွမ်းကျင်နေရန်အတွက် လေ့ကျင့်ထားရန် များစွာလိုအပ်သည်။ ကျွမ်းကျင်မှသာ အမှားအယွင်းနည်းပါးပြီး အောင်မြင်မှုလမ်းမှန်မည်ဖြစ်သည်။

**ပေါင်းသင်းဆက်ဆံရေး**

ပေါင်းသင်းဆက်ဆံရေးဟု ဆိုရသော်လည်း ဤကျွမ်းကျင်မှုတွင် အခြားသူများနှင့် စကားပြောဆိုစည်းရုံးနိုင်သည့်အရည်အချင်း၊ ရှင်းလင်းပြတ်သားစွာဖြင့် ယုံကြည်မှုရရှိအောင်ပြောဆိုနိုင်ခြင်း၊ တက်ကြွသောနားထောင်သူဖြစ်ခြင်း၊ အခြားသူများကို စည်းရုံးနိုင်ခြင်း၊ အများ၏ယုံကြည်မှု၊ ဖောက်သည်များ၏ယုံကြည်မှုကိုရရှိအောင် စွမ်းဆောင်နိုင်ခြင်း၊ ခေါင်းဆောင်ကောင်းတစ်ယောက်အနေဖြင့် ဝန်ထမ်းများ၏ ယုံကြည်အားကိုးမှုရအောင် ဆောင်ရွက်နိုင်ခြင်း၊ ကျွမ်းကျင်မှုရှိခြင်း စသည်တို့ကို တည်ဆောက်ထားရမည်။ စကားပြောစွမ်းရည်တိုးအောင် လေ့ကျင့်ထားသင့်သည်။ ပေါင်းဆက်ဆံမှုကောင်းခြင်းသည် အခွင့်အလမ်းကောင်းများကို ပွင့်လန်းစေနိုင်သည်။

**ဆုံးဖြတ်ချက်**

ကိစ္စတစ်ခုတိုင်းကို အဆုံးအဖြတ်ပေးသည့်အလုပ်သည် လုပ်ငန်းတိုင်းအတွက် အရေးအကြီးဆုံး၊ အရေးအပါဆုံးသည် မှန်ကန်သောဆုံးဖြတ်ချက်ချခြင်းဖြစ်သည်။ ကိစ္စကြီးငယ်မရွေး အဆုံးအဖြတ်ကသာ အောင်မြင်မှုကိုပြဋ္ဌာန်းသည်။ အောင်မြင်မှုအတွက် အဆုံးအဖြတ်သည် အရေးကြီးသည်။ နောက်ဆုံးပိတ်အဆုံးအဖြတ်သည် အရေးအကြီးဆုံးဟုဆိုနိုင်သည်။ ကုန်ပစ္စည်းတစ်ခုကို မည်သည့်အချိန်တွင်ဝယ်မည်၊ မည်မျှဝယ်မည်၊ မည်သည့်နေရာကဝယ်မည် စသည့်မေးခွန်းတိုင်းအတွက် အဖြေများသည်လုပ်ငန်းအတွက် အဆုံးအဖြတ်များပင်ဖြစ်သည်။ ဝယ်ထားပြီးပစ္စည်းကို မည်သည့်အချိန်၊ မည်သည့်နေရာတွင် မည်သည့်ဈေးနှုန်းဖြင့် ရောင်းချမည် စသည်တို့ကိုလည်း အမှားအယွင်းနည်းနည်းနှင့် ဆုံးဖြတ်နိုင်ရသည်။ သို့မှသာ အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်လာနိုင်သည်။ အဆုံးအဖြတ်သည် စီးပွားရေးလုပ်ငန်းတွင်သာမက ဘဝအတွက် လိုအပ်သောအလှည့်အပြောင်းတိုင်းသည်လည်း ဆုံးဖြတ်ချက်ကြောင့်သာဖြစ်တတ်သည်။

**ပြဿနာဖြေရှင်းခြင်း**

မည်သည့်လုပ်ငန်းတိုင်းမဆို ပြဿနာများကို မကြာခဏ ဖြေရှင်းပေးနေရတတ်သည်။ ထိုသို့ဖြေရှင်းသည့်အခါတွင် နည်းမှန်လမ်းမှန်နှင့် သမာသမတ်ကျကျ ဖြေရှင်းပေးနိုင်ရေးနှင့် ဖြစ်ပွားသည့်ပြဿနာအတိမ်အနက်ကိုလိုက်၍ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဖြေရှင်းပေးနိုင်ခြင်း၊ ပြဿနာဆိုသည်မှာ ပုံစံအမျိုးမျိုးရှိသော်လည်း ဖြေရှင်းသည့်အခါတွင် နှစ်ဦးနှစ်ဖက် ကျေနပ်မှုရရေးအတွက် ရည်ရွယ်ဆောင်ရွက်ရန်နှင့် မိမိဘက်က မှန်ကန်မှုရှိစေရေး သတိပြုရမည်ဖြစ်သည်။ ဖောက်သည်တစ်ဦးက ဝယ်ယူသွားသောပစ္စည်းနှင့်ပတ်သက်၍ ပျက်စီးမှု၊ မမှန်ကန်မှုများပါဝင်ကြောင်း ပြောလာပါက မည်သို့လုပ်ရမည်ကိုပါ ကြိုတင်စဉ်းစားအဖြေရှာထားရန်လိုအပ်သည်။ ပြဿနာကို ကိုင်တွယ်ရာတွင် နူးညံ့မှု၊ မှန်ကန်မှု၊ တစ်ဖက်လူကို လေးစားမှုများကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးရန် လိုအပ်သည်။ ပြဿနာကိုဖြေရှင်းရာတွင် မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ဖြေရှင်းပေးနိုင်သည့် အလေ့အထကောင်းများကို ကျွမ်းကျင်နေရန် လိုအပ်သည်။

**အတွေးအခေါ်**

စီးပွားရေးလုပ်ငန်းတစ်ခုတွင် ကုန်ကျစရိတ်များနှင့်ပတ်သက်၍ စဉ်းစားတွေးခေါ်ခြင်း၊ နည်းပညာပိုင်းတွင်ထက်ထက်မြက်မြက်ရှိခြင်း၊ စနစ်တကျစီမံခန့်ခွဲတတ်ခြင်း၊ သက်ဆိုင်သော ဥပဒေရေးရာများတွင် ကျွမ်းကျင်နားလည်ခြင်း၊ တီထွင်ဖန်တီးတတ်ခြင်း စသော အချက်များတွင် ကျွမ်းကျင်မှုရှိစေရန်အတွက် လေ့လာအားထုတ်နေခြင်းဖြင့် ကျွမ်းကျင်မှုတိုးလာစေသည်။ အတွေးအခေါ်ပိုင်းတွင် မတွေးဘဲထားသဖြင့် မလုပ်ဖြစ်ခြင်းမျိုးမရှိစေရန်အတွက် စေ့စေ့စပ်စပ် တွေးခေါ်နိုင်ရန်လိုအပ်သကဲ့သို့ အတွေးအခေါ်ကောင်းရန်နှင့် အတွေးအခေါ်မှန်ရန်အတွက် လေ့ကျင့်မှုများ၊ လေ့လာမှုများကို လုပ်ဆောင်ပေးနေမှသာလျှင် ကျွမ်းကျင်ကောင်းမွန်သော အတွေးအခေါ်ရှိသည့် ထိပ်တန်းလုပ်ငန်းရှင်တစ်ဦးဖြစ်လာနိုင်သည်။

**ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု**

ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုသည် ခွဲခြား၍မရဘဲ နှစ်ခုစလုံးသည် စီးပွားရေးလုပ်ငန်းရှင်များအတွက်လည်း အထူးလိုအပ်သော အရည်အချင်းတစ်ခုဖြစ်သည်။ ထိုအရည်အချင်းကို အလေ့အထတစ်ခုအဖြစ် လေ့ကျင့်မွေးမြူနိုင်လျှင် ကျွမ်းကျင်မှုရှိလာပြီး ခေါင်းဆောင်ကောင်းတစ်ယောက်၊ စီမံခန့်ခွဲမှုကောင်းသူတစ်ဦးဖြစ်လာမည်ဖြစ်သည်။ ထိုအခါ လုပ်ငန်းအတွက် အဘက်ဘက်မှအားကိုးနိုင်သော လုပ်ငန်းရှင်တစ်ဦးဖြစ်ပေါ်လာမည်။ ကျွမ်းကျင်လိမ္မာသောခေါင်းဆောင်ကောင်းတစ်ဦး သို့မဟုတ် မန်နေဂျာကောင်းတစ်ဦးမရှိဘဲ အောင်မြင်သောလုပ်ငန်းတစ်ခု မဖြစ်နိုင်ပါ။ လုပ်ငန်းများကို အဆင်ပြေချောမွေ့တိုးတက်အောင်ဆောင်ရွက်နိုင်ရန် မလွယ်ကူပါ။

**အချိန်ကို စီမံခန့်ခွဲခြင်း**

ငွေကြေးကို စီမံခန့်ခွဲခြင်း၊ လုပ်ငန်းကို စီမံခန့်ခွဲခြင်းတို့ကို ကျွမ်းကျင်လိမ္မာပါက အောင်မြင်သောလုပ်ငန်းတစ်ခုဖြစ်ပေါ်လာမည်။ ထို့ပြင် အချိန်ကိုပါကောင်းစွာ စီမံခန့်ခွဲနိုင်သူဖြစ်ပါက စီးပွားရေးလုပ်ငန်းတွင် အောင်မြင်မှုများ အတိုင်းထက်အလွန်ရရှိလာမည်ဖြစ်သည်။ အချိန်ကို ကောင်းစွာစီမံခန့်ခွဲနိုင်ရန်အတွက် မိမိကိုယ်ကို စည်းစနစ်ဖြင့် နေထိုင်တတ်သည့် အလေ့အထကို မွေးမြူရမည်ဖြစ်ပြီး အချိန်ကိုအောင်နိုင်သူတစ်ဦးဖြစ်ရန်မှာ အချိန်ဆွဲခြင်း၊ ဖင့်လေးတတ်ခြင်းမရှိသူတစ်ဦးဖြစ်ရန် အထူးလိုအပ်လှသည်။ အချိန်မဆွဲတတ်သူသည်သာ အချိန်ကိုကောင်းစွာ စီမံခန့်ခွဲနိုင်သူဖြစ်နိုင်သည်။

**သိလိုစိတ်ပြင်းပြခြင်း**

လုပ်ငန်းတွင် အကျွမ်းကျင်ဆုံးပုဂ္ဂိုလ်ဖြစ်ရန်မှာ သိလိုစိတ်ပြင်းပြရန် လိုအပ်သည်။ မိမိလုပ်ငန်းတွင် ဆရာတစ်ဆူဖြစ်ရန်အတွက် လုပ်ငန်းနှင့်ဆက်စပ်သမျှကို သိလိုစိတ်ပြင်းပြစွာဖြင့် လေ့လာနေရန် မှတ်သားနေရန်လိုအပ်သည်။ ထို့ကြောင့် စဉ်ဆက်မပြတ် လေ့လာသင်ယူမှတ်သားနေသူသည်သာ မိမိလုပ်ငန်းတွင် အကျွမ်းကျင်ဆုံးပုဂ္ဂိုလ်ဖြစ်လာနိုင်သည်။

ခေတ်စနစ်နှင့်ကိုက်ညီသော အတွေးအခေါ်၊ နည်းလမ်းများကို လုပ်ငန်းရှင်များ၊ စီးပွားရေးသမားများသည်လည်း သိရှိနားလည်နေရန်လိုအပ်သည်။ မကြာသေးခင်ကခေတ်စားလာသည့် အင်တာနက်၊ AI နည်း ပညာသည်လည်း လုပ်ငန်းနယ်ပယ်အသီးသီးတွင် များစွာအထောက်အကူဖြစ်သည်။ ထိုကဲ့သို့ နည်းပညာများကိုလည်း စဉ်ဆက်မပြတ် လေ့လာနေခြင်းဖြင့် လုပ်ငန်းနှင့်ပတ်သက်၍ ကျွမ်းကျင်မှုကို အမြင့်ဆုံးမြှင့်တင်နိုင် သည်။ အသစ်အဆန်းများသည် နေ့စဉ်နှင့်အမျှထွက်ပေါ်နေသကဲ့သို့ နည်းပညာများမှာလည်း မသိမဖြစ်၊ မကျွမ်းကျင်၍မဖြစ်သည့် အနေအထားမျိုးရှိလာသည်။ ထို့ကြောင့် အသက်ရှိနေသရွေ့ပညာများကို လေ့လာဆည်းပူးနေမှသာ မိမိလုပ်ငန်းတွင် ကျွမ်းကျင်သောလုပ်ငန်းရှင်တစ်ဦး ဖြစ်လာနိုင်သည်။

ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းရှင်ငယ်လေးများအနေဖြင့် လုပ်သားနည်းနည်းကိုခေါင်းဆောင်၍ ငွေစာရင်းကိုလည်း ကိုယ်တိုင်ကိုင်တွယ်ကာ လုပ်ငန်းဆောင်ရွက်ရတတ်သည်။ ထို့အတွက်ကြောင့် ငွေကြေးစီမံခန့်ခွဲခြင်း၊ စွန့်စားရမှုများကို စီမံခန့်ခွဲခြင်း၊ အချိန်ကိုစီမံခန့်ခွဲခြင်း၊ ပြဿနာကိုဖြေရှင်းခြင်းနှင့် ဆုံးဖြတ်ချက်များကို ချမှတ်ရခြင်းများအားလုံးကို တစ်ဦးတည်းက လုပ်ကိုင်နေရတတ်သည်။ ထိုအခါတွင် အဆိုပါလုပ်ငန်းငယ်ပိုင်ရှင်အနေဖြင့် ခေါင်းဆောင်မှုကျွမ်းကျင်ပြီး စီမံခန့်ခွဲမှုကိုပိုင်နိုင်စွာလုပ်နိုင်သူဖြစ်ရန်လိုအပ်လာသည်။ ထိုမှသာ စီးပွားရေးလုပ်ငန်းရှင်များအတွက် အချိန်ကိုလည်းဖြုန်းတီးရာမရောက်ဘဲ ငွေကြေးအကျိုးအမြတ်ကိုလည်း ရှာဖွေနိုင်မည်။

ထို့ကြောင့် လုပ်ငန်းရှင်တစ်ဦးသည် လုပ်ငန်းတွင်းရှိ အလုပ်များကို ပြီးစီးအောင်ဆောင်ရွက်ပေးခြင်းဖြင့် အဆုံးအဖြတ်ပေးရသည့်အခါတွင်လည်း လုပ်ငန်းရှင်ကသာ ဆုံးဖြတ်ရသူဖြစ်လာသည်။ ထို့ကြောင့် အဆုံးအဖြတ်ပေးခြင်းသည် လုပ်ငန်းအားလုံး၏နိဂုံးချုပ်ဖြစ်ပြီး ထိုအချက်သည် လုပ်ငန်းကို အရှုံးအမြတ်၊ အောင်မြင်မှုများ မည်သို့ဖြစ်စေသည်ဆိုသော အချက်နှင့်လည်းပတ်သက်ဆက်စပ်လျက်ရှိသည်။ ဆုံးဖြတ်ချက်အမှားတစ်ခုကြောင့် လုပ်ငန်းတစ်ခုလုံး ဆုံးရှုံးသွားစေနိုင်သဖြင့် အဆုံးအဖြတ်ကို မြန်မြန်နှင့်မှန်မှန် ဆုံးဖြတ်နိုင်သည့် ကျွမ်းကျင်မှုရှိရန် အထူးလိုအပ်ကြောင်း တင်ပြအပ်သည်။ ကျွမ်းကျင်မှုကိုရရှိစေရန် အဓိကလိုအပ်သော အချက်မှာ ဆင်ခြင်တုံတရားနှင့်လုပ်သောကောင်းမွန်သည့် အလေ့အကျင့်နှင့် အလေ့အထများပင်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

**– New Trade U Vlog’s 10 Skills You Must Perfect To Be Rich by Steve Burns.**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ဝါးခယ်မမြို့နယ်တွင် ဘိုကိတ်ပဲကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၁၇ ဒသမ ၃၆ တင်းထွက်ရှိ



**မြောင်းမြ မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဘိုကိတ်ပဲ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ဝါးဆယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဘိုကိတ်ပဲ ၅၀၅၉ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော ဘိုကိတ်ပဲများကို ပြန်လည်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဘိုကိတ်ပဲ ၅၀၅၉ ကေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး ဘိုကိတ်ပဲတစ်ကေလျှင် ၁၇ ဒသမ ၃၆ တင်းထိထွက်ရှိခဲ့ကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဘိုကိတ်ပဲ ၅၀၅၉ ကေထိ စိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ဆောင်းသီးနှံတွေအခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ကို စိုက်ပျိုးရေးနည်းပညာတွေ ပို့ချပေးခဲ့ပါတယ်။ ဆောင်းသီးနှံတွေအာလုံး ပိုးမွှား အန္တရာယ်ကင်းရှင်းစေဖို့နဲ့အထွက်နှုန်းကောင်းစေဖို့ဒေသခံတောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။ အခုလိုဓာတ်မြေဩဇာတွေ၊ ပိုးသတ်ဆေးတွေ စနစ်တကျသုံးစွဲတတ်စေဖို့၊ ဇွဲဓာတာအသုံးပြုဖို့ နည်းပညာပေးလုပ်ငန်းတွေကိုလဲ အသိပညာပေးဆောင်ရွက်ခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံ ဘိုကိတ်ပဲများ လျာထားကေအတိုင်း အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေး၊ ဒေသခံတောင်သူများစိုက်ပျိုးရေး အလေ့အကျင့်ကောင်းများသိရှိပြီး သီးနှံများအထွက်နှုန်း ကောင်းမွန်စေရေး၊ အရည်အသွေး ကောင်းမွန်စေရေး၊ ပိုးမွှားရောဂါကင်းရှင်းစေရေးစသည့်လုပ်ငန်းများကို လယ်မြေစိုက်ကွက်များထိ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းပြီး တောင်သူအသိပညာပေးလုပ်ငန်းများကို ပို့ချဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဘိုကိတ်ပဲသီးနှံများကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ဘိုကိတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

## ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၁၅၉၉ ကေစိုက်ပျိုးမည်

**ကန့်ဘလူ မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၁၅၉၉ ကေ စိုက်ပျိုးမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၅၁၅၉၉ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုလက်ရှိတွင် မြေပဲများစိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများ ထွန်ယက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ မြေပဲကေ ၅၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ မြေပဲစိုက်ပျိုးမှုကို ဒီလထဲမှာစိုက်ပျိုးဖို့အတွက် ဆောင်ရွက်နေပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ကေကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ကေ စိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် မြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်မည်ဖြစ်၍ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ် ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍သိရသည်။

(၂၀၆)

## လကဆုန်

- လကဆုန်မှာ
  စံကားဝါ
  ပွင့်လွှာရွှေသွေး မွှေးသလေ့။

- လကဆုန်မှာ
  ပူရှိန်ဖြာ
  လေသာစေရေး တွေးသလေ့။

- လကဆုန်မှာ
  ရေခန်းလာ
  ပင်မှာရွက်ညှိုး မိုးသလေ့။

- လကဆုန်မှာ
  တို့ရိုးရာ
  သွန်းကာရေပွဲ နွှဲသလေ့။

- လကဆုန်တွင်
  ဗောဓိပင်
  ရေစင်သွန်းလောင်း ပေါင်းသလေ့။

- လကဆုန်တွင်
  တူတူယှဉ်
  ဦးတင်ဖူးမြော် ပျော်သလေ့။

- လကဆုန်တွင်
  ဆုပန်ဆင်
  တစ်ခွင်အေးချမ်း မှန်းသလေ့။ ။

မန်းတင့်မော်

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# နိုင်ငံတကာ သတင်းများ

## ရုရှား-ယူကရိန်းစစ်ပွဲ၌ မြောက်ကိုရီးယားပါဝင်မှု တရားမျှတကြောင်း ကင်ဂျုံအန်ပြောကြား



**ပြုံယမ်း မေ ၁၀**

ရုရှား-ယူကရိန်း စစ်ပွဲ၌ မြောက်ကိုရီးယားပါဝင်မှုမှာ တရားမျှတကြောင်း မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအန်က ထုတ်ဖော်ပြောကြားခဲ့ကြောင်း ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

ရုရှား-ယူကရိန်းစစ်ပွဲကို မိမိတို့ ပါဝင်ရမှုသည် အချုပ်အခြာပိုင်နိုင်ငံတစ်နိုင်ငံ၏ အခွင့်အရေးအရ ညီနောင်နိုင်ငံ တစ်နိုင်ငံကို အကာအကွယ်ပေးခြင်းသာဖြစ်ကြောင်း မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က မေ ၉ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

သို့ဖြစ်ရာ ယူကရိန်းစစ်ပွဲ၌ မြောက်ကိုရီးယား ပါဝင်မှုမှာ မျှတမှုရှိပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ အခွင့်အရေးများထဲတွင် အကျုံးဝင်ကြောင်း ကင်ဂျုံအန်က ပြောကြားခဲ့သည်။

ရုရှားနှင့် မြောက်ကိုရီးယားနိုင်ငံတို့သည် ယူကရိန်းစစ်ပွဲ စတင်ခဲ့ပြီးနောက်ပိုင်း စစ်ရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်လုပ်ဆောင်ခဲ့ကြသည်။

မြောက်ကိုရီးယားနိုင်ငံသည် ယူကရိန်းစစ်မြေပြင်၌ ရုရှားတပ်များအသုံးပြုရေးအတွက် အမြောက်ကျည်နှင့် ခဲယမ်းမီးကျောက်များ ထောက်ပံ့ ဖြည့်ဆည်းပေးခဲ့သလို တပ်ဖွဲ့ဝင်ဦးရေ ၁၅၀၀၀ ခန့်လည်း စေလွှတ်ပေးခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် ရုရှားသမ္မတပူတင်တို့သည် ပြီးခဲ့သည့်နှစ်တွင် နှစ်နိုင်ငံ မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## အခွန်စနစ်ပြုပြင်ပြောင်းလဲရေး ဥပဒေကြမ်းလေးခု နိုင်ဂျီးရီးယားအထက်လွှတ်တော် အတည်ပြု



**အဘူဂျာ မေ ၁၀**

အခွန်အကောက် ကောက်ခံမှု ပြုပြင်ပြောင်းလဲရေး ဥပဒေကြမ်း လေးခုကို နိုင်ဂျီးရီးယားအထက် လွှတ်တော်က မေ ၉ ရက်တွင် အတည်ပြုပေးခဲ့ကြောင်း သိရသည်။

အစိုးရ၏ နှစ်စဉ်ဝင်ငွေကို မြှင့်တင်နိုင်ရေး ရည်ရွယ်ချက်ဖြင့် အခွန်အကောက် ပြုပြင်ပြောင်းလဲရေးဥပဒေကြမ်းများကို နိုင်ဂျီးရီးယား အထက်လွှတ်တော်က အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဥပဒေကြမ်း လေးခုကို နိုင်ဂျီးရီးယားအထက်လွှတ်တော်က အတည်ပြုပေးခဲ့ခြင်းသည် ဘဏ္ဍာရေးပြုပြင်ပြောင်းလဲရေးအစီအစဉ်များကြောင့် ဝေဖန်ခံနေရသည့် နိုင်ဂျီးရီးယားသမ္မတ တီဒူဘူအတွက် နိုင်ငံရေးအရ အောင်ပွဲတစ်ခုဖြစ်ခဲ့ရသည်။

နိုင်ဂျီးရီးယားနိုင်ငံသည် ကမ္ဘာပေါ်၌ နှစ်စဉ်စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)နှင့် အခွန်ကောက်ခံရရှိမှုအချိုး ကမ္ဘာ့အနိမ့်ဆုံးနိုင်ငံဖြစ်သည်။

သို့ဖြစ်ရာ နိုင်ဂျီးရီးယားအစိုးရအနေဖြင့် နှစ်စဉ်အသုံးစရိတ် ကာမိစေရေးအတွက် ချေးငွေများအပေါ် အားပြုနေခဲ့ရသည်။

အခွန်အကောက် ကောက်ခံမှု ပြုပြင်ပြောင်းလဲရေး ဥပဒေကြမ်း လေးခုကို နိုင်ဂျီးရီးယားအောက်လွှတ်တော်က ယခုနှစ် မတ်လအတွင်း အတည်ပြုပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ပီရူးနိုင်ငံ ချန်ကေးဆိပ်ကမ်းနှင့် ဘရာဇီးကိုချိတ်ဆက်ပေးသည့် ရထားလမ်းအတွက် ဘရာဇီးနှင့် တရုတ်ဆွေးနွေး

**ရီယိုဒီဂျနေးရိုး မေ ၁၀**

ပီရူးနိုင်ငံ ချန်ကေးဆိပ်ကမ်းနှင့် ဘရာဇီးနိုင်ငံတို့ကို ချိတ်ဆက်ပေးမည့် ရထားလမ်းတစ်ခု တည်ဆောက်ရန် တရုတ်နှင့် ဘရာဇီး တာဝန်ရှိသူများကြား ဆွေးနွေးနေကြောင်း မေ ၉ ရက်သတင်းများတွင် ဖော်ပြထားသည်။

ချန်ကေးဆိပ်ကမ်းနှင့် ဘရာဇီးနိုင်ငံတို့ကြား ချိတ်ဆက်ပေးမည့် ရထားလမ်းအတွက် တရုတ်နှင့် ဘရာဇီးတို့အကြား ဆွေးနွေးနေမှုကို ဘရာဇီးအစိုးရ စီမံကိန်းရေးဆွဲရေးဝန်ကြီး ဆိုင်မွန်တီဘက်က မေ ၉ ရက်တွင် အတည်ပြုခဲ့ခြင်းဖြစ်သည်။

ချန်ကေး ဆိပ်ကမ်းသည် တရုတ်နိုင်ငံက ပီရူးနိုင်ငံ၌ တည်ဆောက်ပေးထားသည့် မဟာဆိပ်ကမ်းကြီးတစ်ခုဖြစ်သည်။



အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံတန်ဖိုးရှိသော ချန်ကေးဆိပ်ကမ်းစီမံကိန်းသည် တောင်အမေရိကဒေသ၌ တရုတ်နိုင်ငံ၏ အကြီးမားဆုံးရင်းနှီးမြှုပ်နှံမှု စီမံကိန်းဖြစ်သည်။

ချန်ကေး ပင်လယ်ရေနက်ဆိပ်ကမ်းကို ပြီးခဲ့သည့်နှစ် နိုဝင်ဘာလတွင် ဖွင့်လှစ်ခဲ့ရာ ဖွင့်ပွဲသို့ တရုတ်သမ္မတ ရှီကျင့်ဖျင်ကိုယ်တိုင် တက်ရောက်ခဲ့သည်။

ချန်ကေး ဆိပ်ကမ်းသည် တရုတ်နှင့် တောင်အမေရိကတို့ကြား အတိုဆုံးလမ်းကြောင်းပေါ်၌တည်ရှိသော ပင်လယ်ရေနက် ဆိပ်ကမ်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အိန္ဒိယနှင့် ပါကစ္စတန်ပဋိပက္ခတွင် အပြုသဘောဖြင့် ပါဝင်လိုကြောင်း တရုတ်အစိုးရ ကမ်းလှမ်း

**ပေကျင်း မေ ၁၀**

အိန္ဒိယနှင့် ပါကစ္စတန်တို့ကြား စစ်ရေးတင်းမာမှု မြင့်တက်လာမှုနှင့်ပတ်သက်၍ တရုတ်နိုင်ငံအနေဖြင့် စိုးရိမ်မိကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် အိန္ဒိယနှင့် ပါကစ္စတန်တို့ကြား လက်ရှိပြဿနာများကို ဖြေရှင်းရေးအတွက် တရုတ်နိုင်ငံအနေဖြင့် အပြုသဘောဆောင်သည့် အခန်းကဏ္ဍ၌ ပါဝင်လိုကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောကြားချက်တွင် ဖော်ပြထားသည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံအနေဖြင့် အိန္ဒိယနှင့် ပါကစ္စတန်တို့ကြား လက်ရှိအခြေအနေကို အနီးကပ်စောင့်ကြည့်နေကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနက ပြောကြားထားသည်။

ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့အကြား တိုက်ပွဲများဆက်တိုက်ဖြစ်ပွားခဲ့ပြီးနောက် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဆိုပါသတင်းထုတ်ပြန်ချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ ဂျမ္မူးနှင့် ကတ်ရှ်မီးယားဒေသ၌ ဧပြီ ၂၂ ရက်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုတစ်ရပ်ကို အကြောင်းပြု၍ အိန္ဒိယနိုင်ငံက မေ ၇ ရက်တွင် ပါကစ္စတန်နိုင်ငံကို တိုက်ခိုက်ခဲ့ပြီးနောက် နှစ်နိုင်ငံကြား တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။

အိန္ဒိယနှင့် ပါကစ္စတန်တို့အနေဖြင့် စစ်ရေးတင်းမာမှုများ လျှော့ချရန် အမေရိကန်အစိုးရကလည်း တိုက်တွန်းထားသည်။

Ref : Xinhua

Trs : KKO

## အိန္ဒိယနှင့် ပါကစ္စတန် အပြန်အလှန်တိုက်ခိုက်မှုများပြုလုပ်



**အစ္စလာမ္မာဘတ် မေ ၁၀**

အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့သည် ယနေ့တွင် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် တိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ ရန်စတိုက်ခိုက်မှုများကို တုံ့ပြန်သည့်အနေဖြင့် အိန္ဒိယနိုင်ငံတစ်ဝန်းရှိ စစ်စခန်း ၂၅ ခုကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

အလားတူ ပါကစ္စတန်နိုင်ငံ၏ အဆိုပါ လေကြောင်းတိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် အိန္ဒိယနိုင်ငံကလည်း ပါကစ္စတန်နိုင်ငံတွင်းရှိ စစ်စခန်းများကို တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ ဂျမ္မူးနှင့် ကတ်ရှ်မီးယားဒေသ၌ ဧပြီ ၂၂ ရက်တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုတစ်ရပ်ကို အကြောင်းပြု၍ အိန္ဒိယစစ်ဘက်က ပါကစ္စတန်နိုင်ငံကို မေ ၇ ရက်တွင် တိုက်ခိုက်ခဲ့ပြီးနောက် အိန္ဒိယနှင့် ပါကစ္စတန်တို့အကြား အပြန်အလှန်တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။

သို့ရာတွင် ယနေ့ အပြန်အလှန်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် စစ်ရေးတင်းမာမှုအရှိန်ကိုလျှော့ချရန် ဆန္ဒရှိကြောင်း အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံစလုံးက ပြောကြားထားသည်။

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့ကြား လက်ရှိပေါ်ပေါက်နေသော စစ်ရေးပဋိပက္ခသည် ၁၉၉၉ ခုနှစ်နောက်ပိုင်း အပြင်းထန်ဆုံး နှစ်နိုင်ငံ စစ်ရေးပဋိပက္ခဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## အာကာသယာဉ်မှူးများလိုက်ပါမည့် ဂါဂန်ယန်းမစ်ရှင်ကို ၂၀၂၇ ခုနှစ်အတွင်းလွှတ်တင်ရန် အိန္ဒိယနိုင်ငံက စီစဉ်ထား



**နယူးဒေလီ မေ ၁၀**

အာကာသယာဉ်မှူးများလိုက်ပါမည့် ဂါဂန်ယန်းမစ်ရှင်ကို ၂၀၂၇ ခုနှစ်အတွင်း လွှတ်တင်ရန် အိန္ဒိယနိုင်ငံက စီစဉ်ထားကြောင်း မေ ၉ ရက်သတင်းများအရ သိရသည်။

အိန္ဒိယ အာကာသအေဂျင်စီ အနေဖြင့် အာကာသယာဉ်မှူးများ လိုက်ပါမည့် ဂါဂန်ယန်းမစ်ရှင်ကို ၂၀၂၇ ခုနှစ် ပထမသုံးလအတွင်း လွှတ်တင်မည်ဖြစ်ကြောင်း အိန္ဒိယ အာကာသ နည်းပညာဝန်ကြီးဌာနဝန်ကြီး ဂျိုင်တန်ဒရာဆင်းက မေ ၇ ရက်တွင် ပြောကြားထားသည်။

ဂါဂန်ယန်းမစ်ရှင်သည် အိန္ဒိယနိုင်ငံ၏ပထမဆုံးသော အာကာသယာဉ်မှူးများလိုက်ပါမည့်အာကာသမစ်ရှင်ဖြစ်သည်။

အိန္ဒိယ အာကာသအေဂျင်စီသည် ဂါဂန်ယန်းမစ်ရှင်ကို မလွှတ်တင်မီ အာကာသယာဉ်မှူးများ လိုက်ပါခြင်းမရှိသည့် ဂါဂန်ယန်း-၁ အမည်ရှိ စမ်းသပ်မစ်ရှင်ကို ယခုနှစ်ကုန်ပိုင်းတွင် လွှတ်တင်ရန် စီစဉ်ထားသည်။

ထို့ပြင် အိန္ဒိယအာကာသအေဂျင်စီသည် ၂၀၂၆ ခုနှစ်တွင်လည်း အာကာသယာဉ်မှူးများ လိုက်ပါခြင်းမရှိသည့် ဂါဂန်ယန်း-၂ နှင့် ဂါဂန်ယန်း-၃ စမ်းသပ်မစ်ရှင်များကို ဆက်လက်လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

အာကာသယာဉ်မှူးများလိုက်ပါမည့် ဂါဂန်ယန်းမစ်ရှင်အတွက် အာကာသယာဉ်မှူး လေးဦးကို အိန္ဒိယ အာကာသအေဂျင်စီက ရွေးချယ်ထားပြီး ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## SPHEREX အာကာသတယ်လီစကုပ်က လူသားမျက်စိဖြင့် မမြင်တွေ့နိုင်သော အလင်းလှိုင်းအလျား ၁၀၂ မျိုးဖြင့် ကောင်းကင်တစ်ခွင်ကို စတင်လေ့လာနေ

**ဝါရှင်တန် မေ ၁၀**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ SPHEREX အာကာသ တယ်လီစကုပ်သည် လူသားမျက်စိဖြင့် မမြင်တွေ့နိုင်သော အလင်းလှိုင်းအလျား ၁၀၂ မျိုးဖြင့် ကောင်းကင်တစ်ခွင်ကို စတင်လေ့လာနေပြီဖြစ်ကြောင်း မေ ၉ ရက်သတင်းများအရ သိရသည်။

SPHEREX ရေဒီယိုတယ်လီစကုပ်သည် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ သီတင်းခြောက်ပတ်ကြာမျှ စူးစမ်းလေ့လာရေးစနစ်များကို စမ်းသပ်ခြင်း၊ ချိန်ညှိခြင်းများပြုလုပ်ခဲ့ပြီးနောက် အာကာသဟင်းလင်းပြင် စူးစမ်းလေ့လာရေးလုပ်ငန်းများကို တရားဝင်စတင်နေခြင်းဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် SPHEREX အာကာသရေဒီယိုတယ်လီစကုပ်ကို မတ် ၁၁ ရက်တွင် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။



SPHEREX အာကာသရေဒီယိုတယ်လီစကုပ်သည် အာကာသစူးစမ်းရေးလုပ်ငန်းများကို တရားဝင်စတင်ခဲ့ပြီးနောက် လာမည့် နှစ်နှစ်တာကာလအတွင်း အာကာသဟင်းလင်းပြင်ကို တစ်ရက်လျှင် ဓာတ်ပုံပေါင်း ၃၆၀၀ ခန့် နေ့စဉ် ရိုက်ကူးပေးမည်ဖြစ်သည်။

SPHEREX အာကာသရေဒီယိုတယ်လီစကုပ်သည် မစ်ရှင်သက်တမ်းအတွင်း ကမ္ဘာကို အပတ်ရေ ၁၁၀၀၀ ကျော်ထိ လှည့်ပတ်၍ ကောင်းကင်ပြင်ကို ဓာတ်ပုံရိုက်ကူးပေးမည်ဖြစ်သည်။

အဆိုပါ အာကာသရေဒီယိုတယ်လီစကုပ်သည် ကြယ်စုသန်းပေါင်းများစွာတို့၏ တည်နေရာများကို မြေပုံရေးထုတ်မည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ကြယ်စုများအနက် အသေးငယ်ဆုံးကြယ်စုအဖြစ်သတ်မှတ်နိုင်မည့် ကြယ်စုတစ်ခုကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် မေ ၁၀**

ရှာဖွေတွေ့ရှိဖူးသမျှ ကြယ်စုများအနက် အသေးငယ်ဆုံးကြယ်စုအဖြစ် သတ်မှတ်နိုင်မည့် ကြယ်စုတစ်ခုကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း မေ ၉ ရက် သတင်းများအရ သိရသည်။

UMa3/U1 ဟူ၍အမည်ပေးထားသော ၎င်းကြယ်စုပေါ်သို့ အာလ်ဆာမေဂျာ နက္ခတ်တာရာနယ်မြေအတွင်း၌ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

UMa3/U1 သည် အချင်းအားဖြင့် အလင်းနှစ် ၂၀ သာရှိပြီး ကြယ်အစင်း ၆၀ သာ ပါဝင်သော်လည်း ကြယ်စုတစ်ခု၏ လက္ခဏာများကို ပိုင်ဆိုင်ထားကြောင်း သိရသည်။

UMa3/U1 သည်အရွယ်အစားအားဖြင့် သေးငယ်ပြီး ကြယ်အုပ်စုအဆင့်၊ မဟူရာဒြပ်စင်အဆင့်တွင်သာရှိသော်လည်း မဟူရာဒြပ်စင် (Dark Matter) တည်ရှိမှုအပါအဝင် ကြယ်စုတစ်ခု၏ လက္ခဏာများကို ပိုင်ဆိုင်ထားသည်ဟု အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

UMa3/U1 ကြယ်အုပ်စု၏ ပတ်လမ်းသည် ဒြပ်ဆွဲအားသက်ရောက်မှု လွန်စွာပြင်းထန်သည့် နဂါးငွေ့တန်းကြယ် အတွင်းပိုင်းကို ဖြတ်သန်းတည်ရှိနေသော်လည်း မဟူရာဒြပ်စင်များတည်ရှိမှုကြောင့် ၎င်းကြယ်စုမှာ ပြိုကွဲခြင်းမရှိဘဲ ဆက်လက်ရှင်သန်နေခြင်းဖြစ်သည်ဟု အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## လက်ချောင်းနှင့်လက်ဖဝါးများ အပျော့လွန်နေမှုက အသက်ရှူလမ်းကြောင်းပြဿနာများ ပေါ်လာနိုင်

**နယူးယောက် မေ ၁၀**

လက်ချောင်းများနှင့်လက်ဖဝါးကို ပုံမှန်ထက် အလွယ်တကူကွေးညွတ်လာနိုင်အောင် ပျော့ပျောင်းနေမှုသည် အသက်ရှူလမ်းကြောင်း ကျန်းမာရေးပြဿနာများ ပေါ်လာနိုင်မှုကို ပြသနေသည့် လက္ခဏာတစ်ရပ်ဖြစ်နိုင်ကြောင်း မေ ၉ ရက် သတင်းများအရ သိရသည်။

လက်ချောင်းများ၊ လက်ဖဝါးများ အလွယ်တကူကွေးညွတ်နိုင်မှုသည် ခန္ဓာကိုယ်တွင်းရှိ ချိတ်ဆက်တစ်ရှူးများ အားနည်းလာမှု၊ မတည်မငြိမ်ဖြစ်လာမှု၏ လက္ခဏာဖြစ်နိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

အရိုးဆက်နှင့် အရိုးနုကဲ့သို့သော ကိုယ်တွင်းချိတ်ဆက်တစ်ရှူးများသည် အရိုးများ၊ ကြွက်သားများနှင့် ကိုယ်တွင်းအင်္ဂါများ ဖွဲ့စည်းပုံကို အထောက်အကူပေးသည့် တစ်ရှူးများဖြစ်ကြကြောင်း သိရသည်။

အထူးသဖြင့် ချိတ်ဆက်တစ်ရှူးများသည် အဆုတ်အင်္ဂါအတွက် အရေးကြီးပြီး အဆုတ်တစ်ခုလုံး အလေးချိန်၏ ၂၅ ရာခိုင်နှုန်းခန့်မှာ ချိတ်ဆက် တစ်ရှူးများဖြစ်ကြကြောင်း သိရသည်။

သို့ဖြစ်ရာ အဆုတ်အတွင်းရှိ ချိတ်ဆက်တစ်ရှူးများအားနည်းလာချိန်တွင် ပန်းနာရင်ကျပ်ရောဂါ၊ အိပ်စက်ချိန် လေပြွန်ပိတ်ဆို့မှုပြဿနာကဲ့သို့ အသက်ရှူလမ်းကြောင်း ကျန်းမာရေးပြဿနာများ ပေါ်ထွက်လာနိုင်သည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

အမေရိကန်နိုင်ငံသား လေးဦးလျှင်တစ်ဦးမှာ လက်ချောင်းနှင့်လက်ဖဝါးအပျော့လွန်မှုပြဿနာနှင့်ရင်ဆိုင်နေရကြောင်း သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Sputnik News

Trs : KKO

## အလွန်အကျွံပြုပြင်ထားသည့် အစားအစာများကြောင့် ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ မြင့်တက်နိုင်

**ပေကျင်း မေ ၁၀**

အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများ စားသုံးပါက ပါကင်ဆန်ရောဂါ ဖြစ်နိုင်ခြေ မြင့်မားလာနိုင်သည်ဟု တရုတ်သုတေသန ပညာရှင်များက မေ ၉ ရက် သတင်းများတွင် ရေးသားထားကြောင်း သိရသည်။

တရုတ်နိုင်ငံ ဝူတန်းတက္ကသိုလ်မှ သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများကို တစ်ရက်လျှင် ၁၁ ကြိမ်ခန့်ထိ စားသူများသည် အနည်းဆုံး စားသုံးသူများထက် ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက် နှစ်ဆခွဲမြင့်တက်နေတတ်ကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ အစားအစာ စားသောက်မှုပုံစံသည် ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေအပေါ် အကျိုးသက်ရောက်မှုရှိနေတတ်သည်ကို တွေ့ရကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ မြင့်တက်လာမှုကို တားဆီးရေးအတွက် ကျန်းမာရေးနှင့်ညီညွတ်သည့်အစားအစာများကို ရွေးချယ်စားသုံးသင့်ကြောင်း တရုတ် သုတေသနပညာရှင်များက အကြံပြုထားသည်။

ပါကင်ဆန်ရောဂါသည် ဒိုပါမိုင်းခေါ် ဟော်မုန်းတစ်မျိုးကို ထုတ်ပေးသည့် ဦးနှောက်ဆဲလ်များ သေဆုံးချိန်တွင် ဖြစ်ပွားတတ်သည့် ရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO






# ပရီးမီးယားလိဂ်ပြိုင်ပွဲ တစ်လတာ အကောင်းဆုံးကစားသမားဆုကို လီဗာပူးအသင်းမှ အယ်လစ်စတာဆွတ်ခူး



**လန်ဒန်မေ ၁၀**

ပရီးမီးယားလိဂ် ပြိုင်ပွဲ၏ ဧပြီလအတွက် တစ်လတာ အကောင်းဆုံး ကစားသမားဆုကို လီဗာပူးအသင်း ကွင်းလယ်ကစားသမား အယ်လစ်စတာက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အယ်လစ်စတာသည် ဧပြီလအတွင်း လီဗာပူးအသင်းနှင့်အတူကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်များတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး ဖူလ်ဟမ်အသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုး၊ ဝက်စ်ဟမ်းအသင်းနှင့်ပွဲစဉ်တွင် ဂိုးဖန်တီးမှု တစ်ကြိမ်၊ စပါးအသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အယ်လစ်စတာသည် ယခုနှစ်ဘောလုံးရာသီ လီဗာပူးအသင်း ပရီးမီးယားလိဂ် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားအဖြစ်ပါဝင်ခဲ့ပြီး အသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ငါးဂိုးသွင်းယူနိုင်ခဲ့ပြီး ငါးကြိမ်ဂိုးဖန်တီးမှု ပြုလုပ်နိုင်ခဲ့သည်။

ထို့ပြင် ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ ဧပြီလအတွက် တစ်လတာအကောင်းဆုံး နည်းပြဆုကို ဝုဖ်အသင်းကို ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြပါရဲရားက ရရှိခဲ့ပြီး၊ တစ်လတာအကောင်းဆုံး သွင်းဂိုးဆုကို ဘရိုက်တန်အသင်းမှ ကွင်းလယ်ကစားသမား ဘာလီဘာနှင့် တစ်လတာအကောင်းဆုံး ဂိုးသမားဆုကို စပါးအသင်းမှ ဂိုးသမား ဗစ်ကာရီယိုတို့က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

# ဂိုးသမား ဒွန်နာရမ်မာအတွက် ယူရို သန်း ၆၀ ပေးချေရန်အသင့်ရှိဟု မန်ယူအသင်းထုတ်ပြန်

**မန်ချက်စတာ မေ ၁၀**

မန်ယူအသင်းသည် အသင်းမှ ပထမဦးစားပေးဂိုးသမား အိုနာနာ နေရာတွင် အစားထိုးရန်အတွက် ဂိုးသမားတစ်ဦး ရှာဖွေလျက်ရှိရာ လက်ရှိတွင် ပီအက်စ်ဂျီအသင်း ဂိုးသမား ဒွန်နာရမ်မာကို ခေါ်ယူရန်ကြိုးပမ်းနေပြီး ကစားသမားအတွက် ယူရို သန်း ၆၀ ထိ ပေးချေရန် အသင့်ရှိကြောင်း သိရသည်။

မန်ယူအသင်းသည် ၂၀၂၃ ခုနှစ်က ဂိုးသမား အိုနာနာကို ခေါ်ယူပြီးနောက် အသင်းနှင့် ပထမဆုံးဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင် ပေးဂိုး ၅၈ ရစ်ဂိုးထိ ပေးခဲ့ရသဖြင့် ရာသီပိတ်သိမ်းချိန်တွင် အသင်းအနေဖြင့် အမှတ်ပေးဇယား အဆင့်(၈)ထိ ရောက်ရှိခဲ့ပြီး ယခုနှစ်တွင်လည်း ၎င်း၏ အမှားများတစ်ဆင့် ပေးဂိုးများခဲ့ကာ အမှတ်ပေးပြိုင်ပွဲတွင် အဆင့်(၁၅) တွင်သာ ရပ်တည်နိုင်ခဲ့ပြီးနောက် အသင်းတာဝန်ရှိသူများက လာမည့်နွေရာသီတွင် အိုနာနာ၏ နေရာတွင် ဂိုးသမားသစ်တစ်ဦး အစားထိုးရန် ပြင်ဆင်နေခြင်းဖြစ်သည်။

မန်ယူအသင်းအနေဖြင့် အက်စ်ပန်ညိုအသင်းဂိုးသမား ဂါစီယာကို ခေါ်ယူရန်ကြိုးပမ်းနေသော်လည်း ပရီးမီးယားလိဂ် ထိပ်သီးကလပ်များနှင့် ယှဉ်ပြိုင်ရမည်ဖြစ်၍ ယခုနှစ်ပြိုင်ပွဲစုံတွင် ပီအက်စ်ဂျီအသင်း၌ လက်စွမ်းပြနေသည့် ဂိုးသမားဒွန်နာရမ်မာကို ခေါ်ယူရန် ပစ်မှတ်ထားခဲ့ပြီး ယူရို သန်း ၆၀ ထိ အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

စာချုပ်သက်တမ်း နောက်ဆုံးနှစ်သို့ ရောက်ရှိနေသည့် ဒွန်နာရမ်မာသည် ယခုနှစ်တွင် ပီအက်စ်ဂျီအသင်းကို အမှတ်ပေးဆုဖလား ရယူပေးနိုင်ခဲ့သည့်အပြင် ချန်ပီယံလိဂ် ပြိုင်ပွဲတွင်လည်း ၎င်း၏ လက်စွမ်းပြသနိုင်မှုကြောင့် အသင်းကို ဗိုလ်လုပွဲသို့ ပို့ဆောင်နိုင်ခဲ့သဖြင့် မန်ယူအသင်းက ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်ပြီး ကစားသမား ကိုယ်တိုင်ကလည်း ပီအက်စ်ဂျီအသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

**Ref : 90min**
**Trs : ML**



# ယူရိုပါလိဂ်ဗိုလ်လုပွဲကို ပြင်ဆင်သည့်အနေဖြင့် လာမည့်ပွဲစဉ်များတွင် ကစားသမားအလှည့်ကျအသုံးပြုမည်ဟု အာမိုရင်ပြောကြား

**မန်ချက်စတာ မေ ၁၀**

မန်ယူအသင်းသည် ယူရိုပါလိဂ်ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီးနောက် လာမည့် ပရီးမီးယားလိဂ်ပွဲစဉ်များတွင် ကစားသမား အလှည့်ကျအသုံးပြုသွားမည်ဖြစ်ကြောင်း နည်းပြအာမိုရင်က ထုတ်ဖော်ပြောကြားခဲ့သည်။

မန်ယူအသင်းအနေဖြင့် ယခုနှစ်အမှတ်ပေးပြိုင်ပွဲတွင် ပြိုင်ပွဲပြီးဆုံးရန် သုံးပွဲအလိုတွင် အမှတ်ပေးဇယား အဆင့်(၁၅)တွင် ရပ်တည်နေသဖြင့် ဥရောပဝင်ခွင့်ရရှိရန် မဖြစ်နိုင်တော့သော်လည်း ယူရိုပါလိဂ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ တက်ရောက် နိုင်ခဲ့သောကြောင့် ဆုဖလားရယူနိုင်ပါက ချန်ပီယံလိဂ်ဝင်ခွင့် ရရှိရမည်ဖြစ်သဖြင့် လာမည့် လက်ကျန်ပွဲစဉ်များတွင် ကစားသမားများ အနားပေးသည့်အနေဖြင့် အလှည့်ကျ အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

လာမည့် ပွဲစဉ်များအဖြစ် ဝက်စ်ဟမ်းအသင်းကို အိမ်ကွင်းတွင်လည်းကောင်း၊ ချဲလ်ဆီးအသင်းကို အဝေးကွင်းတွင်လည်းကောင်း ကစားပြီးပါက စပါးအသင်းနှင့် ယူရိုပါလိဂ်ဗိုလ်လုပွဲ ကစားရမည်ဖြစ်၍ ကစားသမားများ ဒဏ်ရာရပွဲပန်းမှုကို ရှောင်ရှားနိုင်ရန် ကစားသမား အလှည့်ကျအသုံးပြုရန် နည်းပြအာမိုရင်က ဆုံးဖြတ်ခဲ့သည်။

နည်းပြအာမိုရင်က “ကျွန်တော့်အနေနဲ့ ကစားသမားတွေ ဒဏ်ရာမရဖို့ ကာကွယ်ရမှာဖြစ်ပါတယ်။ ကစားသမားတွေအနေနဲ့ ပရီးမီးယားလိဂ်ပွဲတွေကိုလည်း ကစားချင်ကြပါတယ်။ လက်ရှိမှာ ဖာနန်ဒက်စ်အနေနဲ့ ဒဏ်ရာပြဿနာ မရှိတာကြောင့် ဝက်စ်ဟမ်းနဲ့ပွဲကို ပါနိုင်ပေမဲ့ စပါးနဲ့ပွဲစဉ်မတိုင်မီ ချဲလ်ဆီးအသင်းနဲ့ပွဲကိုတော့ အနားပေးသွားမှာပါ။ ဒါ့ပြင် ဒဏ်ရာပြဿနာရှိနေတဲ့ မက်ဂွဲယားကိုတော့ အသုံးပြုမှာမဟုတ်ပါဘူး။ သူတို့ကတော့ ကစားချင်ပေမဲ့ ကျွန်တော်ကတော့ အနားပေးသွားမှာပါ”ဟု ပြောကြားခဲ့ကြောင်း သိရသည်။



ထို့ပြင် နည်းပြအာမိုရင်သည် ယူရိုပါလိဂ် ဆီမီးဖိုင်နယ်မတိုင်မီ အမှတ်ပေးပွဲတွင်လည်း အဓိက ကစားသမားများကို အနားပေး၍ ကစားသမားရှစ်ဦးထိ ပြောင်းလဲအသုံးပြုခဲ့ကြောင်း သိရသည်။

**Ref : Daily mail**
**Trs : ML**

## အားကစားသတင်းအတိုအထွာများ

- ❑ မန်စီးတီးအသင်းတိုက်စစ်မှူး ဟာလန်းကို ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့က စာချုပ်ဖျက်သိမ်းကြေး ယူရို ၁၇၅ သန်းပေး၍ ခေါ်ယူရန် ကြိုးပမ်းနေသောကြောင့် ကစားသမားအနေဖြင့် လာလီဂါသို့ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။
- ❑ စပါးအသင်းက ညာတောင်ပံခံစစ်ပိုင်းမှ ပက်ထရိုပိုရိုကို ဆက်လက်ထိန်းသိမ်းရန် အခက်တွေ့လာသောကြောင့် ၎င်း၏နေရာတွင် အစားထိုးရန်အတွက် အသက် ၂၃ နှစ်ရှိ ပါနာသီယာကို့စ်အသင်း ခံစစ်ကစားသမား ဗာဂျီယန်နီဒိစ်ကိုခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။
- ❑ အေဗီလာအသင်းက ချဲလ်ဆီးအသင်းမှ အငှားခေါ်ယူထားသည့် ခံစစ်ကစားသမား ဒီဆာဆီကို အပြီးသတ်ဝယ်မည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

**ML**

# လာမည့်နွေရာသီတွင် အဓိက ကစားသမားလေးဦးထိ ထွက်ခွာမည်ဟု ဝက်စ်ဟမ်းအသင်းထုတ်ပြန်



**လန်ဒန် မေ ၁၀**

ဝက်စ်ဟမ်း အသင်းသည် လာမည့်နှစ်တွင် အသင်းကို ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန်အတွက် လာမည့်နွေရာသီတွင် အသင်းအတွက် ပြိုင်ပွဲစုံ ပွဲပေါင်း ၃၅၀ ကျော် ကစားထားသည့် အဓိက ကစားသမားအပါအဝင် ကစားသမားလေးဦးထိ ထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

အသင်းအနေဖြင့် ပြီးခဲ့သည့် ဇန်နဝါရီလက နည်းပြလိုပက်တီဂူနေရာတွင် နည်းပြသစ် ဂရာဟမ်ပေါ်တာကို ခန့်အပ်ခဲ့သော်လည်း ပြိုင်ပွဲစုံတွင် ရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ရပြီးနောက် ပရီးမီးယားလိဂ်သို့ တန်းတက်ခဲ့သည့် ဘောလုံးရာသီနောက်ပိုင်း အမှတ်ပေးပြိုင်ပွဲတွင် ကိုးပွဲသာ အနိုင်ရခဲ့သဖြင့် အမှတ်ပေးဇယား အဆင့်(၁၇)သို့ ရောက်ရှိခဲ့သဖြင့် အဆိုးရွားဆုံး ဘောလုံးရာသီနှင့် ရင်ဆိုင်ခဲ့ရသည်။

ထို့ကြောင့် အသင်းအနေဖြင့် လာမည့်နွေရာသီတွင် ကစားသမားသစ်များ ဖြည့်တင်းရန်အတွက် အသင်းနှင့် စာချုပ်ကုန်ဆုံးမည့် စီနီယာကစားသမားလေးဦးဖြစ်သည့် ခံစစ်ကစားသမား ခရက်စ်ဝဲလ်၊ ဂိုးသမား ဖေဘီယန်စကီး၊ ခံစစ်ကစားသမား ကူဖယ်နှင့် တိုက်စစ်မှူး ဒန်နီအင့်တို့ကို သက်တမ်းတိုးရန် မစီစဉ်တော့ဘဲ အလွတ် ပြောင်းရွှေ့ခွင့်ပြုမည်ဖြစ်ပြီး အဆိုပါ ကစားသမားလေးဦးသည် အသင်းအတွက် ပြိုင်ပွဲစုံ ပွဲပေါင်း ၈၀၀ ကျော်ထိ ကစားခဲ့သည့် ကစားသမားများဖြစ်ကြောင်း သိရသည်။

အသက် ၃၅ နှစ်ရှိ ခရက်စ်ဝဲလ်သည် ၂၀၁၄ ခုနှစ်က အစ်ဗ်စ်အသင်းမှ ဝက်စ်ဟမ်းအသင်းသို့ ရောက်ရှိခဲ့ပြီး အသင်းနှင့် ၁၅ နှစ်ကျော်ကစားခဲ့ရာတွင် ကွန်ဖရင့်လိဂ်ဆုဖလားတစ်ကြိမ် ဆွတ်ခူးနိုင်ခဲ့ပြီး ကူဖယ်မှာ ၂၀၂၀ပြည့်နှစ်က ဆလားဗီယားပရက်စ်အသင်းမှလည်းကောင်း၊ ဖေဘီယန်စကီးသည်လည်း ၂၀၂၀ ပြည့်နှစ်တွင် အာဆင်နယ် အသင်းမှလည်းကောင်း၊ ဒန်နီအင့်သည် ၂၀၂၃ ခုနှစ်က အေဗီလာအသင်းမှလည်းကောင်း ဝက်စ်ဟမ်းအသင်းသို့ ရောက်ရှိခဲ့သည့် ကစားသမားများ ဖြစ်ကြောင်းသိရသည်။

**Ref : Daily mail**
**Trs : ML**

# 2025 FWA Footballer of the Year ဆုကို
# လီဗာပူးအသင်း တိုက်စစ်ကစားသမား ဆာလာဟ်ဆွတ်ခူး

လန်ဒန် မေ ၁၀

ဘောလုံးသတင်းစာဆရာများအသင်း (Football Writer's Association)က စိစစ်ရွေးချယ်ပေးအပ်သည့် 2025 FWA Footballer of the Year ဆုကို လီဗာပူးအသင်း တိုက်စစ်ကစားသမား ဆာလာဟ် ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ဘောလုံးသတင်းစာဆရာများအသင်း(Football Writer's Association)က နှစ်စဉ် FWA Footballer of the Year ဆုကို ၁၉၄၈ ခုနှစ်က စတင်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး အစောပိုင်းက အဆိုပါဆုကို အကြိမ်ရေ အများဆုံးရရှိထားသည့် ကစားသမားအဖြစ် အာဆင်နယ်အသင်း ကစားသမားဟောင်း အွန်နရီက သုံးကြိမ်ဖြင့် ထိပ်ဆုံးတွင်ရပ်တည်နေသော်လည်း ယခုနှစ်တွင် ဆာလာဟ်က ထပ်မံရရှိခဲ့သည့်အတွက် သုံးကြိမ်မြောက်ရရှိခဲ့ခြင်းဖြစ်ပြီး အွန်နရီ၏စံချိန်ကို လိုက်မီခဲ့ကြောင်း သိရသည်။

ဆာလာဟ်သည် FWA Footballer of the Year ဆုကို ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီ၊ ၂၀၂၁-၂၀၂၂ ဘောလုံးရာသီနှင့် ယခုနှစ် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတို့တွင် သုံးကြိမ်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဆာလာဟ်သည် ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် လီဗာပူးအသင်း ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ရာ၌ အဓိက ကစားသမားတစ်ဦးအဖြစ်




ပါဝင်ခဲ့ပြီး ၂၈ ဂိုး သွင်းယူနိုင်ခဲ့ကာ ၁၈ ကြိမ် ဂိုးဖန်တီးမှုပြုလုပ်ထားသဖြင့် သွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင် ထိပ်ဆုံးက ရပ်တည်နေပြီး ရွှေဖိနပ်ဆုနှင့် ယခုနှစ် ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကိုလည်း ဆွတ်ခူးနိုင်ရန် နီးစပ်လျက်ရှိကြောင်း သိရသည်။

Ref : Sky Sports
Trs : STA

# MFF Futsal Amateur Cup 2025
# ပြိုင်ပွဲကို ဇွန် ၄ ရက်မှ ၂၉ ရက်ထိ ကျင်းပမည်

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပမည့် MFF Futsal Amateur Cup 2025 ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၅၀ ဖြင့် ဇွန် ၄ ရက်မှစတင်ပြီး ရန်ကုန်မြို့ရှိ MFF Futsal Stadium တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ ဝင်ရောက်လိုသည့် အသင်းများအနေဖြင့် မေ ၂၃ ရက်နောက်ဆုံးထားကာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီထံ ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာများကို ထုတ်ယူကာ ပြိုင်ပွဲဝင်ခွင့်လျှောက်ထားရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းအရေအတွက် ပြည့်မြောက်ခဲ့ပါက ဝင်ခွင့်လျှောက်ထားခြင်းကို ရပ်ဆိုင်းသွားမည်ဖြစ်သည်။

MFF Futsal Amateur Cup 2025 ပြိုင်ပွဲ ဝင်ရောက်လိုသည့် အသင်းများအနေဖြင့် ပြိုင်ပွဲဝင်ကြေး ငွေကျပ်သုံးသိန်း၊ အာမခံကြေး နှစ်သိန်းပေးသွင်းရမည်ဖြစ်ကာ ပြိုင်ပွဲဝင်အသင်းများအနေဖြင့် အနည်းဆုံး ဂိုးသမားနှစ်ဦး ပါဝင်ရမည်ဖြစ်ပြီး ကစားသမား ၁၄ ဦးမှ ၁၆ ဦးထိ ဖွဲ့စည်းခွင့်ပြုမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အသင်းများအနေဖြင့် ကစားသမားစာရင်း မှတ်ပုံတင်ရာတွင် လက်ရှိစင်အဆင့်ကစားသမားများ၊ မြန်မာဖူဆယ်လိဂ်-၁ နှင့် ၂ ပြိုင်ပွဲ၊ မြန်မာနေရှင်နယ်လိဂ်-၁ နှင့် ၂ ပြိုင်ပွဲနှင့် လူငယ်လိဂ်ပြိုင်ပွဲတွင် ကစားခဲ့ဖူးသူများနှင့် ကစားနေသူများကို စာရင်းသွင်းခွင့်ပြုမည်မဟုတ်ဘဲ ပယ်ချသွားမည်ဖြစ်သည့်အပြင် ကစားသမားများကို တရားမဝင်အသုံးပြုကြောင်းတွေ့ရှိပါက ပြိုင်ပွဲမှ ထုတ်ပယ်မည်ဖြစ်ကြောင်း သိရသည်။

STA

# အီတလီစီးရီးအေပြိုင်ပွဲ တစ်လတာအကောင်းဆုံး ကစားသမားဆုကို
# နာပိုလီအသင်းမှ တွမ်မီနေးဆွတ်ခူး




ရောမ မေ ၁၀

အီတလီစီးရီးအေ ပြိုင်ပွဲ၏ ဧပြီလအတွက် တစ်လတာ အကောင်းဆုံး ကစားသမားဆုကို နာပိုလီအသင်း ကွင်းလယ်ကစားသမား တွမ်မီနေးက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

တွမ်မီနေးသည် ပြီးခဲ့သည့် ဧပြီလအတွင်း နာပိုလီအသင်းနှင့်ကစားခဲ့သည့် အီတလီစီးရီးအေပွဲစဉ်များတွင် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ကာ အီတလီစီးရီးအေပွဲစဉ် လေးပွဲကစားခဲ့ရာတွင် ငါးဂိုးထိ သွင်းယူနိုင်ခဲ့ပြီး အမ်ပိုလီအသင်း၊ မွန်ဇာအသင်းနှင့် တိုရီနိုအသင်းတို့နှင့် ကစားခဲ့သည့် ပွဲစဉ်များတွင် သုံးပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် တစ်လတာ အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက အီတလီစီးရီးအေပြိုင်ပွဲ၏ ဧပြီလအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုအတွက် တွမ်မီနေးက ကိုမိုအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့ပြီး သွင်းဂိုးများ သွင်းယူနိုင်ခဲ့သည့် ဒီယာအိုတို့နှင့်အပြိုင် ရေပန်းစားနေသော်လည်း တွမ်မီနေးက ဒီယာအိုကို ကျော်ဖြတ်၍ ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

တွမ်မီနေးသည် ပြီးခဲ့သည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက မန်ယူအသင်းမှ နာပိုလီအသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၅ သန်းဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီးနောက် နာပိုလီအသင်းတွင် အဓိက ကစားသမားအဖြစ် ခြေစွမ်းပြသလျက်ရှိကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# MNL League Cup 2025 ပြိုင်ပွဲတွင်
# ရန်ကုန်ယူနိုက်တက်၊ ရှမ်းယူနိုက်တက်နှင့်
# သစ္စာအားမာန်အသင်းတို့ အနိုင်ရရှိ



ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MNL League Cup 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ဆက်လက်ကျင်းပခဲ့ရာ ရန်ကုန်ယူနိုက်တက်၊ ရှမ်းယူနိုက်တက်နှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲများရရှိခဲ့ကြောင်း သိရသည်။

MNL League Cup 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့ညနေ ၄ နာရီက YUSC အားကစားကွင်းတွင် ဒဂုံပေါ်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက ခုနစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို သူရိန်ထွန်း၊ မြတ်ကောင်းခန့်၊ ရဲရင့်အောင်၊ ဖွဲ့ခန့်မင်း၊ ဂျော်ဒန်နှင့် မက်ခ်ဆာကီတို့က သွင်းယူနိုင်ခဲ့ပြီး ဒဂုံပေါ်အသင်းအတွက် သွင်းဂိုးကို မီချယ်က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီက ပဒုမ္မာအားကစားကွင်းတွင် YB United အသင်းနှင့် သစ္စာအားမာန်အသင်းတို့ကစားခဲ့ရာ သစ္စာအားမာန်အသင်းက လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများကို လှထွန်း၊ မင်းမော်ဦး၊ နိုင်ဝင်းထွန်းနှင့် မြတ်ဖုန်းခန့်တို့က သွင်းယူပေးနိုင်ခဲ့ပြီး သုဝဏ္ဏအားကစားကွင်းတွင် ဧရာဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်း အတွက် သွင်းဂိုးကို ပြည့်ဖြိုးဇော်က သွင်းယူခဲ့ကြောင်း သိရသည်။

STA

# ၂၀၀၃ ခုနှစ်နောက်ပိုင်း မန်ယူအသင်းနှင့် ဥရောပအဆင့်ရှုံးထွက်ပွဲစဉ်များတွင်
# လူစားဝင်၍ နှစ်ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် မေဆင်မောင့်မှတ်တမ်းဝင်

မန်ချက်စတာ မေ ၁၀

မန်ယူအသင်း ကွင်းလယ်ကစားသမား မေဆင်မောင့်သည် ယူရိုပါလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့ ပွဲစဉ်အဖြစ် ကစားခဲ့သည့် ဘီလ်ဘာအိုအသင်းနှင့်ပွဲစဉ်တွင် လူစားဝင်ကစားခဲ့ပြီး နှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် မန်ယူအသင်း သမိုင်းတစ်လျှောက် ၂၀၀၃ ခုနှစ် ဒေးဗစ်ဘက်ခမ်းနောက်ပိုင်း ဥရောပအဆင့်ပြိုင်ပွဲ ရှုံးထွက်အဆင့်၌ လူစားဝင်ကစားပြီး နှစ်ဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

မန်ယူအသင်းက အိမ်ကွင်းတွင် ဘီလ်ဘာအိုအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပွဲချိန် ၆၂ မိနစ်တွင် အသင်းဖော် အူဂါတေး၏နေရာ၌ လူစားဝင်ကစားခဲ့ပြီးနောက် ပွဲချိန် ၇၂ မိနစ်တွင် အသင်းအတွက် ချေပဂိုး သွင်းယူနိုင်ခဲ့သကဲ့သို့ ပွဲချိန် ၉၁ မိနစ်တွင်လည်း ဘီလ်ဘာအိုအသင်း ဂိုးသမားရှေ့ရောက်နေသည်ကို အခွင့်ကောင်းယူပြီး ကွင်းလယ်မှ အဝေးကန်ချက်ဖြင့် ဦးဆောင်ဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် မှတ်တမ်းကောင်း တစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်း သမိုင်းတစ်လျှောက် ပြီးခဲ့သည့် ၂၀၀၃ ခုနှစ်က ဥရောပအဆင့် ရှုံးထွက်အဆင့်ပွဲစဉ်များတွင် လူစားဝင်ကစားခဲ့ပြီး




သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်ခဲ့သည့် ဒေးဗစ်ဘက်ခမ်းနောက်ပိုင်း မည်သူမှ သွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ယခုအခါ မေဆင်မောင့်က ဂိုးသွင်းယူနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Goal.com
Trs : STA

# ကဆုန်လပြည့် ဗုဒ္ဓနေ့ ချမ်းမြေ့သာယာ ဤကမ္ဘာ

အာကာမောင်မောင်

လူနတ်ဗြဟ္မာသတ္တဝါအားလုံးတို့၏ ကိုးကွယ်ရာအစစ်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သုမေဓာဘဝမှစ၍ ပါရမီများကို ဖြည့်ကျင့်ခဲ့သည်။ ဘုရားအလောင်းတော်သည် ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေတွက်လျှင် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းအထက်၌ သုမေဓာအမည်ဖြင့် သူဌေးသားဖြစ်ခဲ့သည့်အပြင် ကိုယ်ကျင့်သီလစင်ကြယ်၍ အခြားအမျိုးနှင့် မရောမစပ် အမျိုးသန့်၏။

သုမေဓာသူဌေးကလေးသည် တစ်ဆယ့်ခြောက်နှစ်အရွယ်ရောက်လျှင် တတ်သင့်သောပညာ တတ်မြောက်လေသည်။ မိဘနှစ်ပါးက သုမေဓာသတို့သားငယ်စဉ်ကပင် ကွယ်လွန်သွားခဲ့သည်။ ဥစ္စာပစ္စည်းအားလုံးကို ပစ္စည်းထိန်းမင်းကြီးက ထိန်းသိမ်းထားသည်။ ပညာတတ်မြောက်၍ တစ်ဆယ့်ခြောက်နှစ်အရွယ်ရောက်သောအခါ ပစ္စည်းထိန်းမင်းကြီးက ရွှေတိုက်ငွေတိုက် စသောဘဏ္ဍာတိုက်များကို စာရင်းနှင့် အပ်နှင်းလေသည်။ သုမေဓာသတို့သားသည် ဥစ္စာပစ္စည်းများကိုကြည့်၍ "ငါ၏ မိဘဘိုးဘွားဆွေမျိုးအဆက်ဆက်တို့သည် ဥစ္စာပစ္စည်းတို့ကို ရှာရုံသာရှာတတ်၍ ကိုယ့်နောက်ပါအောင် ယူဆောင်မသွားနိုင်ကြရှာပေ။ ငါကား ကိုယ့်နောက်ပါအောင် ယူဆောင်သွားမည်"ဟု ကြံစည်ကာ ရှိသမျှဘဏ္ဍာတိုက်များကိုဖွင့်၍ ပစ္စည်းအားလုံးကို စွန့်ကြဲပြီး ဟိမဝန္တာသို့ထွက်၍ ရသေ့ပြုလေသည်။ ရသေ့ပြုပြီးနောက် တရားအားထုတ်တော်မူရာ ခုနစ်ရက်အတွင်းမှာပင် ဈာန်အဘိညာဉ်တန်ခိုးကိုရ၍ ကောင်းကင်၌ သွားလာလှည့်လည်၍ နေလေသည်။

ထိုအချိန် လောက၌ ဒီပင်္ကရာမြတ်စွာဘုရား ပွင့်တော်မူနေသည်။ ဒီပင်္ကရာမြတ်စွာဘုရားသည် ရမ္မဝတီနေပြည်တော်သို့ ကြွတော်မူမည်ရှိစဉ် မြို့သူ မြို့သားတို့သည် ဘုရားကြွလာမည့်လမ်းကို ပြင်ဆင်နေကြသည်။ ထိုအခါ သုမေဓာရှင်ရသေ့လည်း ကောင်းကင်ခရီးဖြင့်လှည့်လည်လာစဉ် လမ်းပြင်နေသူတို့ကိုမြင်၍ ကောင်းကင်မှသက်ဆင်းကာ အကြောင်းအရာကို မေးလေသည်။ ထို့နောက် လမ်းပြင်ရန် တစ်နေရာတောင်း၍ လမ်းပြင်နေသည်။ တန်ခိုးဖြင့် အမြန်ပြီးမည်ဖြစ်သော်လည်း ကိုယ်ဖြင့်ရင်းနှီးမှ ပို၍အကျိုးရှိမည်ဖြစ်သောကြောင့် ကိုယ်တိုင်မြေထမ်း၍ ရွှံ့ညွန်ထူထပ်သောလမ်းကိုပြင်နေစဉ် ဘုရားကြွလာသည်။ ရှင်ရသေ့သည် ဘုရားရှင်ရွှံ့ပေါ်ကမကြွရလေအောင် ကိုယ်ကိုခင်း၍ ဝမ်းလျားမှောက်လျက် တံတားခင်းလျှုခဲ့သည်။

ဘုရားရှင်၏ကျက်သရေတော်ကို မြင်ရ၊ ဖူးတွေ့ရသဖြင့် သုမေဓာရသေ့ကလေးသည် "ငါသည် ကိလေသာကုန်ခန်းသည့် ရဟန္တာဖြစ်လိုလျှင် ယနေ့ပင်ဖြစ်နိုင်၏။ သို့သော် သတ္တဝါများကို ကယ်တင်နိုင်လောက်သောအစွမ်းရှိပါလျက် တစ်ဦးတည်း ကိုယ်လွတ်ရုန်းသွားခြင်းက မသင့်လျော်ချေ။ ငါလဲ ဒီပင်္ကရာဘုရားကဲ့သို့ ဘုရားဖြစ်အောင် ကြိုးစားတော့အံ့"ဟု စိတ်၌ စွဲမြဲစွာအဓိဋ္ဌာန်လိုက်သည်။

ဗုဒ္ဓေါ ဗောဓေယျံ= သစ္စာတရားကို ငါသိသလို သတ္တဝါဝေနေယျတို့ကိုလည်း သိစေမည်။

မုတ္တော မောစေယျံ= ဘဝအနှောင်အဖွဲ့မှ ငါလွတ်သလို သတ္တဝါဝေနေယျတို့ကို လွတ်စေမည်။

တိဏ္ဏော တာရေယျံ= သံသရာဝဲဂယက်မှ ငါကူးမြောက်နိုင်သလို သတ္တဝါဝေနေယျတို့ကို ကူးမြောက်စေမည်ဟုလည်း ကြွေးကြော်ကြုံးဝါးတော်မူလိုက်သည်။

ဒီပင်္ကရာမြတ်စွာဘုရားသည် သုမေဓာရှင်ရသေ့၏ ဦးခေါင်းရင်း၌ ရပ်တော်မူကာ "အသက်ကိုစွန့်၍ ခန္ဓာကိုယ်ကိုတံတားခင်းနေသော ဤရသေ့သည် နောင်သောအခါ ငါကဲ့သို့ပင် ဘုရားတစ်ဆူဖြစ်လိမ့်မည်"ဟု ဗျာဒိတ်တော်ပေးတော်မူခဲ့သည်။ (ဤနေ့သည် ကဆုန်လပြည့်နေ့ဖြစ်သည်။)

ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ဘုရားဖြစ်ကြောင်းတရားကောင်းတို့ကို ဆင်ခြင်တော်မူသောအခါ ဒါန၊ သီလ၊ နိက္ခမ၊ ပညာ၊ ဝီရိယ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန်၊ မေတ္တာ၊ ဥပေက္ခာဟူသောပါရမီဆယ်ပါးတို့ကို အစဉ်အတိုင်းတွေ့မြင်တော်မူကာ ဘဝများစွာဖြည့်ကျင့်ခဲ့ရလေသည်။ ဘုရားအလောင်း




တော်သည် လောကလူသား၊ ကမ္ဘာသူ၊ ကမ္ဘာသားသတ္တဝါအများ ကောင်းစားချမ်းသာရေးကျင့်စဉ်ဖြစ်သော လောကတ္ထစရိယာ၊ မိမိ၏အမျိုးသား၊ မိမိလူမျိုးကောင်းစားချမ်းသာရေးကျင့်စဉ်ဖြစ်သော ဉာတတ္ထစရိယာနှင့် သတ္တဝါအများကို သံသရာဝဋ်ဆင်းရဲမှ ကယ်တင်နိုင်သော သဗ္ဗညုဘုရားဖြစ်ရေးကျင့်စဉ်ဖြစ်သော ဗုဒ္ဓတ္ထစရိယာဟူသော စရိယာသုံးပါးကို ဘဝတိုင်း၊ ပါရမီဖြည့်တိုင်း ဤရည်မှန်းချက်ကြီးသုံးရပ်ကို ဦးထိပ်ပန်ဆင်ထားခဲ့သည်။

ထို့ပြင် ဘဝများစွာပါရမီဖြည့်ရာတွင် တိုင်းပြည်နိုင်ငံထီးနန်းစည်းစိမ်ကိုစွန့်၍ ပါရမီဖြည့်ခြင်း (ဓနပရိစ္စာဂ)၊ သားသမီးတို့ကိုစွန့်လှူခြင်း (ပုတ္တပရိစ္စာဂ)၊ ဇနီးမယားကိုပင် စွန့်လှူခြင်း (ဘရိယပရိစ္စာဂ)၊ မိမိခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းများကို စွန့်လှူခြင်း(အင်္ဂပရိစ္စာဂ)၊ နောက်ဆုံး အသက်ကိုပင်လျှင် နှမြောတွန့်တိုမှုမရှိဘဲစွန့်လှူခြင်း(ဇီဝိတပရိစ္စာဂ)တို့ကို ပြုလုပ်ခဲ့သည်။ စွန့်လွှတ်နိုင်ခဲသော စွန့်လွှတ်ခြင်းကြီးဖြစ်၍ ပဉ္စမဟာပရိစ္စာဂ= စွန့်ခြင်းကြီးငါးပါးဟု ခေါ်သည်။

ပါရမီဆယ်ပါး၊ အပြားသုံးဆယ်၊ စွန့်ခြင်းကြီးငါးပါး၊ စရိယာသုံးပါးတို့ကို ဘဝဆက်တိုင်းစဉ်ဆက်မပြတ်ဖြည့်ကျင့်ကြိုးပမ်းခဲ့သည့်အတွက် ဘုရားအလောင်းတော်ရယူလိုသောဆုမှာ သဗ္ဗညုတဉာဏ်ရရှိရေးသာဖြစ်သည်။ သဗ္ဗညုတဉာဏ်တော်မှာ လွန်စွာကြီးမြတ်လှသဖြင့် ထိုမျှ အချိန်ကြာကြာပါရမီတို့ကို ဖြည့်ကျင့်စုဆောင်းခဲ့ရခြင်းဖြစ်သည်။ သဗ္ဗညုတဉာဏ်ရရှိရန်မျှော်မှန်းခြင်းမှာလည်း မိမိတစ်ဦးတည်းအတွက်မဟုတ် သတ္တဝါအများကောင်းစားချမ်းသာရေးကို ပို၍ပြုလုပ်ဖြည့်စွမ်းပေးရန်သာလျှင်ဖြစ်သည်။

အလောင်းတော်သည် ဝေဿန္တရာမင်းဘဝတွင် ပါရမီများကို ပြည့်စုံစွာဖြည့်ကျင့်ပြီးနောက် တုသိတာနတ်ပြည်၌ သေတကေတုမည်သောနတ်သားဖြစ်လေသည်။ သက်တမ်းစေ့ နတ်စည်းစိမ်ခံစားပြီးနောက် စုတေခါနီးသောအခါ စကြဝဠာတစ်သောင်း၌ ရှိကြကုန်သောနတ်ဗြဟ္မာတို့သည် အလောင်းတော်ထံ စုဝေးရောက်လာကာ "အရှင်နတ်မင်း–ဘုရားဖြစ်ဖို့ အချိန်တန်ပါပြီ၊ လူ့ပြည်၌ပဋိသန္ဓေယူ၍ ဘုရားဖြစ်တော်မူပါ"ဟု တောင်းပန်ကြသည်။ စုတေပြီးနောက် ကပိလဝတ်ပြည် သာကီဝင်မျိုးတို့၏ဘုရင် သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားခေါင်ကြီး မယ်တော်မာယာဒေဝီ၏ဝမ်း၌ ပဋိသန္ဓေတည်နေတော်မူသည်။ ထို့နောက် မဟာသက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့်သောကြာနေ့၌ ဘုရားအလောင်းတော်ကို ဖွားမြင်တော်မူသည်။

ဘုရားအလောင်းတော်ဖွားမြင်ပြီးနောက် ငါးရက်မြောက်တွင် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးက ဗေဒင်တတ်ကျွမ်းသူပုဏ္ဏားတို့ကိုဖိတ်ခေါ်ပြီး ဘုရားအလောင်းတော်၏လက္ခဏာကို ကြည့်ရှုခိုင်းသည်။ အခြားသောပုဏ္ဏားတို့က "လူ့ဘောင်မှာနေလျှင် စကြဝတေးမင်းဖြစ်လိမ့်မည်။ တောထွက်သွားလျှင် ဘုရားဖြစ်လိမ့်မည်"ဟု ဟောကြသည်။ ကောဏ္ဍညပုဏ္ဏားကမူ "မုချဧကန်ဘုရားဖြစ်ရမည်"ဟု ဟောလေသည်။ သတ္တဝါတို့၏ အကျိုးစီးပွားဆန္ဒများကို ပြည့်ဝစေတတ်သဖြင့် "သိဒ္ဓတ္ထ"ဟု မှည့်ကြသည်။ အနွယ်တော်အားဖြင့် ဂေါတမအနွယ်ဖြစ်သည်။

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် တစ်ဆယ့်သုံးနှစ်မျှ ထီးနန်းစည်းစိမ်ကို စံစားတော်မူ၍ သက်တော် ၂၉ နှစ်အရွယ်သို့ ရောက်လာသည်။ တစ်နေ့တွင် နတ်တို့၏ ဖန်ဆင်းပြသမှုကြောင့် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီးလေးပါးမြင်တွေ့၍ တောထွက်တော်မူသည်။ ဒုက္ကရစရိယာကို ခြောက်နှစ်ကျင့်ပြီးနောက် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် လူနတ်ဗြဟ္မာသတ္တဝါအားလုံးတို့၏ ရှိခိုးဦးခိုက်ပူဇော်ခြင်းကိုခံယူတော်မူထိုက်သောအတုမရှိ သဗ္ဗညုတဉာဏ်ရှင်ဘုရားရှင်အဖြစ်သို့ ရောက်တော်မူသည်။

ကဆုန်လပြည့်နေ့သည် သစ္စာလေးပါးမြတ်တရားကိုရရှိတော်မူရာဖြစ်သည့် မဟာဗောဓိပင်ပေါက်သောနေ့လည်းဖြစ်သည်။ သိဒ္ဓတ္ထမင်းသားသည် သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင်သိမြင်တော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ၄၅ ဝါကာလပတ်လုံး သတ္တဝါဝေနေယျတို့အား တရားရေအေး တိုက်ကျွေးတော်မူခဲ့သည်။ မဟာသက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့်နေ့ည အင်္ဂါနေ့ မိုးသောက်ယံတွင် မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော်မူသည်။

အထက်ပါအကြောင်းအရာများသည် မြတ်စွာဘုရားရှင်နှင့်ပတ်သက်၍ ကဆုန်လပြည့်နေ့တွင် ဖြစ်ပေါ်ခဲ့သည်များကို ထုတ်နုတ်ဖော်ပြခြင်းဖြစ်သည်။ မြတ်စွာဘုရားရှင်အကြောင်းအရာများစွာမှ တစ်စိတ်တစ်ပိုင်းမျှသာဖြစ်သည်။ ထိုသို့ဖော်ပြသည်မှာ "ကဆုန်လပြည့် ဗုဒ္ဓနေ့"ဟူသောအချက်အလက်များကို သိစေလို၍ဖြစ်သည်။ "ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း"ဟူသောစာဆိုကို ရည်ညွှန်းရေးသားခြင်းဖြစ်သည်။ ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်သကဲ့သို့ ကမ္ဘာကပင်အလေးထားရသည့် နေ့မြတ်ဖြစ်သည်။

မြန်မာတို့သည် ရှေးနှစ်ပေါင်းများစွာမှ ယနေ့မျက်မှောက်ကာလထိ ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲတော်များကို ရိုးရာယဉ်ကျေးမှုရာသီပွဲအနေဖြင့် တခမ်းတနားကျင်းပလျက်ရှိသည်။ ဗောဓိပင်ကို ညောင်ရေသွန်းလောင်းခြင်းမှာ ဗောဓိပင်သည် "ကာဠု၊ ယသော်၊ ညီတော်၊ ဆန္န၊ ကဏ္ဍက၊ သောဏ္ဏ၊ ဗုဒ္ဓဟေ"ဆိုသည့် သုံးလောကထွတ်ထားမြတ်စွာဘုရားရှင်၏ ဖွားဖက်တော်ခုနစ်ပါးတွင် တစ်ပါးပါဝင်ခြင်းကြောင့်ဖြစ်သည်။ ထို့ပြင် ဗုဒ္ဓမြတ်စွာသည် ဗောဓိပင်ကိုအမှီပြု၍ ပွင့်တော်မူခဲ့သည်။

ရှေးမြန်မာဘုရင်များရှိခဲ့စဉ်က ကဆုန်လတွင် ကျင်းပသောညောင်ရေသွန်းပွဲတော်သည် ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ကြီးမှူးကျင်းပ၍ အလွန်ကြီးကျယ်ခမ်းနားစည်ကားလှသည်။ ကုန်းဘောင်ခေတ်ဆင်ဖြူရှင်မင်းတရားလက်ထက်တွင် မဲဇာသို့အပို့ခံရသောလက်ဝဲသုန္ဒရဘွဲ့ခံ အမတ်ကြီးဦးမြတ်စံသည် ကဆုန်လပြည့်နေ့က မဲဇာရပ်သူတို့ ကျင်းပသွန်းလောင်းကြသော ညောင်ရေပွဲသဘင်ကို တွေ့မြင်လိုက်ရသည့်အခါ ရတနာပူရရွှေမြို့တော်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ခမ်းနားကြီးကျယ်လှသည့် ညောင်ရေသွန်းပွဲတော်ကြီးကို မျက်စိထဲမြင်ယောင်လာပြီး "ပွဲခါညောင်ရေ၊ သွန်းမြဲပေတည့်၊ ရှိသေသဒ္ဓါ၊ ထုံးစဉ်လာဖြင့်၊ မဲဇာရပ်သူ၊ တောင်းဆုယူသည်" စသည်ဖြင့် ပိုဒ်စုံရတုကို ရေးဖွဲ့သည်။

မြတ်စွာဘုရားရှင်၏ တရားဒေသနာတော်များသည် လူမျိုးမရွေး၊ ဘာသာမရွေး လိုက်နာကျင့်ကြံကြမည်ဆိုလျှင် မိမိတို့တစ်ဦးချင်း၊ တစ်နိုင်ငံချင်းအတွက် များစွာအကျိုးရှိသည့်တရားတော်များဖြစ်သည်။ ဗုဒ္ဓဘာသာသည် အေးချမ်းသိမ်မွေ့နူးညံ့ပြီး စိတ်နှလုံးပျော့ပျောင်းစေသည့် ဘာသာဖြစ်သည်။

ထို့ပြင် ၁၉၉၈ ခုနှစ် နိုဝင်ဘာ ၅ ရက်မှ ၁၄ ရက်ထိ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တော်တွင် ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာဗုဒ္ဓဘာသာကွန်ဖရင့်တွင် ထူးခြားချက်အပေါင်းနှင့်ပြည့်စုံသော ကဆုန်လပြည့်နေ့ကို ကမ္ဘာ့ရုံးပိတ်ရက်အဖြစ် သတ်မှတ်နိုင်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးက ကမ္ဘာ့ရုံးပိတ်ရက်အဖြစ် သတ်မှတ်ရေးအဆိုကို ၁၉၉၉ ခုနှစ် စက်တင်ဘာလတွင် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တင်သွင်းခဲ့သည်။ ၅၄ ကြိမ်မြောက် အထွေထွေညီလာခံသို့ တင်သွင်းသော ၎င်းအဆိုကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၃၄ နိုင်ငံက ထောက်ခံခဲ့ကြသည်။ ဤသို့ဖြင့် ကဆုန်လပြည့်နေ့ကို အပြည်ပြည်ဆိုင်ရာရုံးပိတ်ရက်(Vesak Universal Holiday)အဖြစ် ကုလသမဂ္ဂက သတ်မှတ်ပေးခဲ့သည်။

အနှစ်ချုပ်ဆိုရသော် ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ကြရင်း လူသားအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး ကောင်းကျိုးလိုရာဆန္ဒများ တစ်လုံးတစ်ဝတည်း ပြည့်စုံကြပါစေကြောင်း ဆုတောင်းရေးသားလိုက်ရပါသည်။

**ကိုးကား**

**- ဗုဒ္ဓဘာသာတရားတော်(အခြေခံအဆင့်)**

# အချစ်နှင့်ခေမရဋ္ဌ်ရုပ်သံဇာတ်လမ်းတွဲကို Fortune TV မှ ထုတ်လွှင့်ပြသပေးသွားမည်




**ရန်ကုန် မေ ၁၀**

အချစ်နှင့်ခေမရဋ္ဌ် ရုပ်သံဇာတ်လမ်းတွဲကို မေ ၁၃ ရက်မှ စတင်ကာ Fortune TV ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲကို တာဝန်ယူရိုက်ကူးထားသော ဒါရိုက်တာ ကျော်ထင်ထံမှ သိရသည်။

အဆိုပါ အချစ်နှင့်ခေမရဋ္ဌ် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဖြိုးသဥ္စာကျော်၊ ယွန်းလေး၊ ယဉ်မင်းခန့်တို့က ရေးသားထားပြီး ဒါရိုက်တာ ကျော်ထင်က ထက်အောင်လင်း ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဒီရုပ်သံဇာတ်လမ်းတွဲကတော့ တစ်မူထူးခြားတဲ့ လျှို့ဝှက်သည်းဖိုဇာတ်လမ်းတွဲလေးပါ။ ထူးခြားတဲ့ အိပ်မက်တွေကို မက်လေ့ရှိပြီး အိပ်မက်ထဲမှာ ချင်းမိုင်မြို့ဟောင်းကို မော်ဆန်ဆန်မြင်တွေ့ခဲ့ရတာကြောင့် ချင်းမိုင်ကို အရောက်လာခဲ့တဲ့ ချယ်ရီဟာ ချင်းမိုင်ကိုရောက်လာချိန်မှာတော့ သူတည်းခိုရာ Hotel မှာ အွမ်၊ ပေါ့ပ်တို့နှင့် ခင်မင်ရင်းနှီးခဲ့ကြတယ်။ အွမ်ကလဲ သူ့ရဲ့အိပ်မက်ထဲကနေရာတွေကိုရှာဖွေဖို့အတွက် ချင်းမိုင်ကိုအရောက်လာခဲ့သူတစ်ယောက်ဖြစ်နေခဲ့တယ်။ အွမ်နဲ့ပေါ့ပ်တို့နှစ်ယောက် ချယ်ရီကိုကူညီပေးကြရင်း အရင်ဘဝမှာ သူတို့သုံးယောက်က ပတ်သက်မှုဖြစ်ခဲ့ကြတယ်ဆိုတာကို သူတို့သိသွားကြတဲ့အခါ ဘာတွေဆက်ဖြစ်မလဲ။ အတိတ်ဘဝက ရေစက်ကြောင့် ပြန်လည်ဆုံစည်းခဲ့ကြပေမဲ့ ဒီဘဝမှာကော လှပတဲ့အမှတ်တရတွေနဲ့ အဆုံးသတ်ကို ပိုင်ဆိုင်နိုင်ကြမလားဆိုတာကိုတော့ ဖန်သားပြင်မှာဆက်ကြည့်ပေးကြပါ"ဟု ဒါရိုက်တာ ကျော်ထင်က ပြောပြသည်။

အဆိုပါ အချစ်နှင့်ခေမရဋ္ဌ်ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ယမင်းမေဦး၊ Kitjanarat Nantanarungruang၊ Phattaranan Padpai၊ ယမင်းအိမ်၊ စမ်းစမ်းဝင်း၊ သင်္ဂီမြင့်၊ သန်းထိုက်၊ ပပသင်းနှင့် သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါ အချစ်နှင့်ခေမရဋ္ဌ်ရုပ်သံဇာတ်လမ်းတွဲကို Fortune TV ရုပ်သံလိုင်းတွင် မေ ၁၃ ရက်မှ စတင်ကာ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ ညစဉ် ည ၈ နာရီတွင် ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Photograph 51 ဇာတ်ကား၌ မင်းသမီး နာတာလီပို့မင်း ပါဝင်မည်

**နယူးယောက် မေ ၁၀**

Photograph 51 အမည်ရှိ အတ္ထုပ္ပတ္တိရုပ်ရှင်ဇာတ်ကားသစ်၌ အော်စကာဆုရှင်မင်းသမီး နာတာလီပို့မင်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၉ ရက်သတင်းများတွင် ဖော်ပြထားသည်။

Photograph 51 ဇာတ်ကားသည် ဗြိတိသျှအမျိုးသမီးသိပ္ပံပညာရှင် ရိုစလင်ဖရန်ကလင်၏ ဘဝကို အခြေခံရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသမီး နာတာလီပို့မင်းက ရိုစလင်ဖရန်ကလင်အဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

Photograph 51 ဇာတ်ကားကို The King's Speech ဒါရိုက်တာ တွမ်ဟော့ပါးက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာမ အန်နာဇီဂလာက တာဝန်ယူရေးသားမည်ဖြစ်သည်။

လက်ရှိတွင် Photograph 51 ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ထုတ်လုပ်သူများက လျှို့ဝှက်ထားဆဲဖြစ်သည်။

ထို့ပြင် ဇာတ်ကားစတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကိုလည်း ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# ငလျင်ဒဏ်ပြန်လည်ထူထောင်ရေး ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် မေခလာ၊ ဟဲလေး၊ အိုင်းရင်းဇင်မာမြင့်တို့ ပါဝင်သီဆိုဖျော်ဖြေမည်ဖြစ်

**ရန်ကုန် မေ ၁၀**

မြန်မာ့ခရီးသွားဈေးကွက်မြှင့်တင်ရေးအသင်းက ကျင်းပသည့် ငလျင်ဒဏ်ပြန်လည်ထူထောင်ရေး ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် မေခလာ၊ ဟဲလေး၊ အိုင်းရင်းဇင်မာမြင့်တို့ ပါဝင်သီဆိုဖျော်ဖြေမည်ဖြစ်ကြောင်း တေးသံရှင် မေခလာထံမှ သိရသည်။

အဆိုပါ ငလျင်ဒဏ်ပြန်လည်ထူထောင်ရေးရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ခရီးသွားဈေးကွက်မြှင့်တင်ရေးအသင်း၏ စီစဉ်မှုဖြင့် မေ ၂၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Rose Garden Hotel တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ချစ်ငယ်နဲ့ ဟဲလေးကတော့ ပြည်တွင်း၊ ပြည်ပပွဲတွေမှာ မကြာမကြာ ဆုံဖြစ်ပါတယ်။ ညီမလေး အိုင်းရင်းနဲ့ကတော့ မဆုံဖြစ်တာ ကြာပြီပေါ့။ အခုတစ်ပွဲကတော့ ငလျင်ဒဏ်ပြန်လည်ထူထောင်ရေး ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ ဖြစ်ပါတယ်။ မြန်မာ့ခရီးသွား ဈေးကွက်မြှင့်တင်ရေးအသင်းက စီစဉ်တာပါ။ ချစ်ငယ်တို့သုံးယောက်ရဲ့ သီဆိုမှုတွေကို Art Robots Band တေးဂီတအဖွဲ့ကလဲ အကောင်းဆုံးပံ့ပိုးတီးခတ်ပေးမှာပါ။ ရန်ပုံငွေပွဲမို့ လာရောက်အားပေးကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် မေခလာက ပြောပြသည်။




တေးသံရှင် မေခလာ၊ ဟဲလေး၊ အိုင်းရင်းဇင်မာမြင့်တို့ ပါဝင်သီဆိုဖျော်ဖြေမည့် ငလျင်ဒဏ်ပြန်လည်ထူထောင်ရေး ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲကို Rose Garden Hotel ၌ မေ ၂၄ ရက် ည ၇ နာရီတွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Spider-Man:Brand New Day ၌ မင်းသမီး လီဇာကိုလွန်ဇာယက် ပါဝင်လာ

**နယူးယောက် မေ ၁၀**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Spider-Man: Brand New Day ဇာတ်ကားတွင် မင်းသမီး လီဇာကိုလွန်ဇာယက်လည်း ပါဝင်လာကြောင်း မေ ၉ ရက်သတင်းများတွင် ရေးသားတင်ပြထားသည်။

Spider- Man: Brand New Day ဇာတ်ကားတွင် လီဇာကိုလွန်ဇာယက်သည် မင်းသား တွမ်ဟော်လန်၊ မင်းသမီး ဇန်ဒါးယားတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကား၌ လီဇာကိုလွန်ဇာယက် သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို ဆိုနီရုပ်ရှင်ကုမ္ပဏီတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

Spider- Man: Brand New Day သည် Spider- Man: No Way Home(2021) ဇာတ်ကားနောက်ပိုင်း ပထမဆုံးသော Spider-Man ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိသည်။

Spider- Man: Brand New Day ဇာတ်ကားကို ဒါရိုက်တာ ဒက်စတင်ဒန်နီယယ်ခရက်တန်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို ၂၀၂၆ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# သူကြောက်ကိုယ်ကြောက် ရုပ်ရှင်ဇာတ်ကားကို မေလ စတုတ္ထပတ်တွင် ရုံတင်ပြသမည်

**ရန်ကုန် မေ ၁၀**

ကုမုဒြာရုပ်ရှင်ထုတ်လုပ်ရေးက ပထမဆုံး ရိုက်ကူးထုတ်လုပ်သည့် သူကြောက်ကိုယ်ကြောက် ရုပ်ရှင်ဇာတ်ကားကို မေလစတုတ္ထပတ်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ဖြိုးငွေစိုးထံမှ သိရသည်။

သူကြောက်ကိုယ်ကြောက် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒီဒီထက်အောင်ကရေးသားထားပြီး ဒါရိုက်တာနိုရာကိုက ကုမုဒြာရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးပေးထားကြောင်း သိရသည်။

"ဟာသနဲ့ သည်းထိပ်ရင်ဖိုတွေကိုမှ ကြိုက်တတ်တဲ့သူတွေအတွက် ဟာသဇာတ်လမ်းလေးဖြစ်ပါတယ်။ မြို့ပြင်က အိမ်ကြီးတစ်အိမ်မှာ မကျွတ်မလွတ်ရှိနေတဲ့ နှစ်ရှည်သရဲတွေဖြစ်တဲ့ ဇာတ်မင်းသားနဲ့ ဂျပန်စစ်ဗိုလ်ကြီးတို့ဆီကို လောဘကြီးတဲ့ မိသားစုတစ်စုရောက်လာတဲ့အခါ အဲဒီမိသားစုတွေနဲ့ သရဲတွေ ဘယ်လိုနှစ်ပါးသွားကြမလဲ။ လောဘကြီးတဲ့ မိသားစုတွေကို သရဲတွေက ဆုံးမနိုင်မလား။ မိသားစုတွေကပဲ သရဲတွေကို အနိုင်ယူသွားမလားဆိုတာ ရုံတင်တဲ့အခါ ခံစားပေးကြပါ"ဟု သရုပ်ဆောင် ဖြိုးငွေစိုးက ပြောပြသည်။

သူကြောက်ကိုယ်ကြောက် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ ဖြိုးငွေစိုး၊ ချာလီ၊ အရိုင်း၊ ခင်လှိုင်၊ တင်မောင်ဆန်းမင်းဝင်း၊ နေ့သစ်အေးအောင်၊ ကေညီ၊ လင်းလင်း၊ ယမုံမြင့်မြတ်၊ တက္ကသိုလ်ဝမ်းပုံနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Myanmar high-level delegation led by SAC Chairman Prime Minister Senior General Min Aung Hlaing arrives in Novosibirsk, Russian Federation



**Nay Pyi Taw May 10**


A Myanmar high-level delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, that attended the $80^{th}$ Victory Day parade of the Great Patriotic War (1941-1945), left Vnukovo International Airport in Moscow for Novosibirsk, the Russian Federation by special flight this morning. The delegation was seen off at the airport by Deputy Minister of Foreign Affairs of the Russian Federation Andrey Rudenko and officials, Myanmar Ambassador to the Russian Federation U Thit Lin Ohn, Myanmar Military Attache' (Army, Navy and Air) Brig-Gen Kyaw Soe Oo and officials.

Then, the Senior General and wife and the delegation arrived at Tolmachevo airport in Novosibirsk and were greeted by Governor of Novosibirsk Mr. Travnikov Andrey Aleksandrovich and officials.

100

**Senior General Min Aung Hlaing and wife Daw Kyu Kyu Hla are greeted by Governor of Novosibirsk Mr. Travnikov Andrey Aleksandrovich.**

# High-level Myanmar delegation led by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing arrives back Myanmar from Russian Federation



**Senior General Min Aung Hlaing and the Myanmar delegation hold talks with Governor of Novosibirsk Mr. Travnikov Andrey Aleksandrovich and officials.**

**Nay Pyi Taw May 10**

A high-level Myanmar delegation led by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, who attended the 80th Anniversary Victory Day military parade of the Great Patriotic War (1941-1945) left Vnukovo International Airport in Moscow, Russian Federation, for the Republic of the Union of Myanmar by special flight this morning, and was seen off at the airport by the director and officials of the Protocol Department, Ministry of Foreign Affairs of Russia, Myanmar Ambassador to Russia U Thit Lin Ohn, Myanmar Military Attache (Army, Navy and Air) Brig-Gen Kyaw Soe Oo and officials.

The Senior General was accompanied by members of the delegation, Joint SAC Secretary General Ye Win Oo and wife, Deputy Prime Minister and Union Minister for Defence General Maung Maung Aye, Dr Ba Shwe and Khun San Lwin, Deputy Prime Minister and Union Minister for Foreign Affairs U Than Swe, Chief of General Staff (Army, Navy and Air) General Kyaw Swa Lin and wife, senior military officers from Office of Commander-in-Chief, deputy ministers, military and civilian officials, on board the return flight.

During a stopover at Tolmachevo Airport in Novosibirsk, the Senior General and wife and delegation were greeted by Governor of Novosibirsk Mr. Travnikov Andrey Aleksandrovich and officials.

The Senior General and the governor held talks at the lounge of the airport. The governor expressed pleasure for the attendance of the Senior General at the $80^{th}$ Anniversary Victory Day of the Great Patriotic War (1941-1945) and related events. Afterwards, views on the Mandalay earthquake, utmost efforts the government and people are jointly exerting in rehabilitation and reconstruction undertakings, improving bilateral cooperation between Myanmar and Novosibirsk region and future programs to promote it were cordially exchanged.

After the meeting, the Senior General and the governor exchanged gifts.

The special flight carrying the Senior General and wife and members of the delegation left for the Republic of Union of Myanmar, and they were seen off at the airport by the governor and officials.

During the visit, the Senior General and wife and members of the delegation attended the 80th Anniversary Victory Day of the Great Patriotic War (1941-1945), held separate meetings with heads of states attending the events, met with officials of Russia, and could further promote strategic cooperation in multiple sectors including friendship between the countries, economic and security sectors, and realize positive results for the country.

The Senior General and members of the delegation arrived back at Nay Pyi Taw Tatmadaw Airport in the evening and were welcomed by Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win and wife, Daw Than Than Nwe, SAC Secretary General Aung Lin Dway and wife, SAC members, union ministers, senior military officers from Office of Commander-in-Chief and wives, the Nay Pyi Taw Command commander, and the ambassador and officials of the Embassy and Military Attache Office of the Russian Federation. 100



**Senior General Min Aung Hlaing is welcomed back at the Tatmadaw Airport in Nay Pyi Taw by Russian diplomats and military attache's.**

# SAC Chairman PM Senior General Min Aung Hlaing who attended the the military parade to mark the 80th Anniversary of the Victory in the Great Patriotic War 1941-1945 of the Russian Federation gives interviews to media onboard the special flight on his return to Myanmar




Senior General Min Aung Hlaing responds to media questions aboard the special flight on his return from the Russian Federation to the Tatmadaw Airport in Nay Pyi Taw.

**Nay Pyi Taw May 10**

The Myanmar high-level delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing paid a goodwill visit to the Russian Federation from 7 May at the invitation of President of the Russian Federation Vladimir Vladimirovich Putin and attended the the military parade to mark the 80th Anniversary of the Victory in the Great Patriotic War 1941-1945 and related events.

The Myanmar high-level delegation led by the Senior General left Vnukovo International Airport in Moscow yesterday morning for the Republic of the Union of Myanmar by special aircraft.

On the way back to Myanmar, the Senior General replied to queries raised by media onboard the special flight. The full-text of question and answer was mentioned as follows: -

**Q:** Senior General, during the Myanmar-Russia goodwill visit from 3 to 9 May, the outcomes of the discussions and negotiations were highly beneficial for Myanmar. Now, regarding this trip to attend the military parade for the 80th Anniversary of the Victory in the Great Patriotic War, I would like to know what kind of benefits or results for our country.

**Senior General:** This ceremony is something the Russian people deeply value and take pride in. They sacrificed over 26 million lives fighting back against the fascist Nazis who invaded the Soviet Union, in order to reclaim their country's sovereignty. That's why they hold it in such high regard. It's something we should also respect. Myanmar, too, has a history of resistance against fascism. There is a historical account of how Tatmadaw and the people united to fight for independence. It's a proud and strong part of our history. Therefore, I would like to say that it is necessary for us to continue maintaining and carrying out this matter. Another point is that it's clear that if the country's defence capacity is strong, and if Tatmadaw is strong, then the nation itself will also be powerful. It will also be necessary to further instill and promote patriotism and national pride among all citizens. Only then will all the people be able to contribute to Myanmar's development and progress — that's what I see.

**Q:** During the trip, we saw that you met with national leaders attending the military parade. What notable points stood out?

**Senior General:** I had both informal meetings and discussions with some national leaders. In particular, representing Myanmar, I expressed my stance, which is that I accept and support moving toward a multi-party democratic system. We are heading in that direction. Additionally, I explained to them that we plan to hold a free and fair election by the end of this year. The people I discussed this with accepted and expressed their support and encouragement, which I observed. Regarding Myanmar, I was able to explain the evolving situation to some countries, while with others, it was an introductory meeting. It was good—everything went well, and I'd like to say that all the meetings were positive.

**Q:** During the trip, we saw that you also met and discussed with the President of the People's Republic of China, a neighbouring country of Myanmar. What would you like to say about this meeting and discussion?

**Senior General:** Myanmar and China are closely tied, friendly nations and strategic partners. They are also inseparable neighbours. Furthermore, our diplomatic relations have now surpassed 75 years. Therefore, I'd like to say that we have a unique relationship. The President expressed his condolences for the loss of lives and damages caused by the Mandalay earthquake, both verbally and through a message sent to me afterward. He also emphasized that China will continue to assist with reconstruction efforts related to the earthquake. He stated firm support for Myanmar's sovereignty, territorial integrity, and development. He also expressed encouragement for Myanmar's stability, peace, and progress. On my part, I affirmed Myanmar's strong commitment to the One Belt One Road Initiative and our active participation in it. I was also able to broadly explain the changing circumstances in Myanmar. Additionally, we discussed promoting and implementing the China-Myanmar-Bangladesh Economic Corridor. Furthermore, regarding the multi-party democratic election to be held in Myanmar, the President reiterated his support for our preparations and the election itself. I'd like to say that the meeting and discussions yielded positive and fruitful results.

100

# India launches missile, drone strikes across Pakistani cities, fires at international border

**Islamabad May 10**

India launched missile and drone strikes in multiple areas of Pakistan, including three airbases of the Pakistan Air Force (PAF), and also resorted to unprovoked firing along the international border in eastern Punjab province, Pakistani officials and sources confirmed in the wee hours of Saturday.

Missiles were launched from Indian aircraft targeting Nur Khan Airbase in Rawalpindi city of Punjab province, where the headquarters of the Pakistani army is located, said Lieutenant General Ahmed Sharif Chaudhry, director general of the Inter-Services Public Relations (ISPR), the media wing of Pakistani army. Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်နိုင်ငံက တိုက်လေယာဉ်သစ်များဒီဇိုင်းရေးဆွဲရာတွင် ပံ့ပိုးပေးနိုင်ရန် AI နည်းပညာကို စတင်အသုံးပြုနေ




တရုတ်နိုင်ငံသည် တိုက်လေယာဉ်သစ်များဒီဇိုင်းရေးဆွဲရာတွင် ပံ့ပိုးပေးနိုင်ရန်အတွက် AI နည်းပညာကို စတင်အသုံးပြုနေပြီဖြစ်ကြောင်း တရုတ်နိုင်ငံ South China Morning Post ၏ ရေးသားဖော်ပြချက်ကိုကိုးကား၍ The Defense Post သတင်းဌာနက မေ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တရုတ်နိုင်ငံက တီထွင်ဖန်တီးထားသောနည်းပညာသည် အမေရိကန်နည်းပညာကုမ္ပဏီများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ကုန်ကျစရိတ်သက်သာသော အစားထိုးဖြေရှင်းချက်တစ်ခုအဖြစ် နေရာယူထားသည်။ နည်းပညာသည် အနာဂတ် အာကာသဆိုင်ရာသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် စိတ်ကူးသစ်များ၊ ချဉ်းကပ်မှုများအတွက် အလားအလာကောင်းများ ပြသထားပြီးဖြစ်ကြောင်း တရုတ်နိုင်ငံပိုင် လေကြောင်းလုပ်ငန်းကော်ပိုရေးရှင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သော China Shenyang Aircraft Design Institute မှ ဒီဇိုင်နာချုပ် Wang Yongqing က ပြောကြားခဲ့သည်။

J-15 နှင့် J-35 ကဲ့သို့သောအဆင့်မြင့် တိုက်လေယာဉ်များ တီထွင်ထုတ်လုပ်ရန် ဦးစားပေးလုပ်ဆောင်နေသော အဆိုပါ China Shenyang Aircraft Design Institute သည် AI နည်းပညာကိုအသုံးပြုကာ ပုံမှန်လုပ်ငန်းဆောင်တာများကို လျှော့ချလာနိုင်ပြီး အဓိကဒီဇိုင်းပိုင်းတွင် တီထွင်သူများကို အာရုံစိုက်လုပ်ဆောင်နိုင်စေလိမ့်မည်ဖြစ်သည်။ တိုက်လေယာဉ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် တရုတ်နိုင်ငံ၏ ကာကွယ်ရေးကဏ္ဍအတွက် အရေးကြီးသော မှတ်တိုင်တစ်ခုဖြစ်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်က တရုတ်နိုင်ငံသည် ဆဋ္ဌမမျိုးဆက် တိုက်လေယာဉ်သစ်များ၏ ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်းမှုများကို ပြုလုပ်နိုင်ခဲ့ကြောင်း သတင်းများ ထွက်ပေါ်ခဲ့ပြီး ၎င်းသည် အမေရိကန်၏ လေကြောင်းတိုက်ခိုက်ရေးစနစ်များတွင် လေကြောင်းအလေးသာမှုကို စိန်ခေါ်ရန် ကြိုးပမ်းလာမှုများ၏ အရေးပါသော ခြေလှမ်းတစ်ရပ်ပင်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို အတိအကျ ထုတ်ဖော်ပြောကြားခြင်း မရှိသေးသော်လည်း တိုက်လေယာဉ်၏ Double-Delta Wing တောင်ပံဒီဇိုင်းသည် အသံထက်မြန်သော အမြန်နှုန်းအတွက် အကောင်းဆုံးဖြစ်အောင်လုပ်ဆောင်နိုင်လိမ့်မည်ဟုအကြံပြုထားပြီး ရန်သူ့ရေဒါစနစ်များတိမ်းရှောင်နိုင်မှုကို အဆင့်မြှင့်တင်ရန်အတွက် အဆင့်မြင့်ကိုယ်ပျောက်စွမ်းရည်များ ပါရှိလိမ့်မည်ဟု မျှော်လင့်ရကြောင်း သိရသည်။

တရုတ်နိုင်ငံသည် နယ်ပယ်၊ ကဏ္ဍများစွာတွင် AI နည်းပညာများကို အလျင်အမြန် တိုးချဲ့အသုံးပြုလျက်ရှိသည်။ AI နည်းပညာ၏ များပြားသော ဘာသာစကားပုံစံများကို ထည့်သွင်းရေးသား၍ တရုတ်စစ်ဘက်ကျန်းမာရေးစောင့်ရှောက်မှုတွင် အသုံးပြုထားပြီး ဆရာဝန်များ၏ ဆေးကုသရေးအစီအစဉ်များကိုကူညီပေးရန်၊ စစ်သားများအတွက် စိတ်ပိုင်းဆိုင်ရာအကြံဉာဏ်ပေးခြင်းနှင့် တပ်ဖွဲ့ဝင်များကို ကိုယ်ကာယလေ့ကျင့်မှုတွင် ကူညီပေးနိုင်ရန် AI နည်းပညာကို အသုံးပြုထားကြောင်း ပြည်တွင်းသတင်းများတွင် ရေးသားဖော်ပြထားသည်။

အနာဂတ် ကာကွယ်ရေးကဏ္ဍအသုံးပြုမှုများတွင် တိုက်ခိုက်ရေးစွမ်းဆောင်ရည်မြှင့်တင်ရန် AI နည်းပညာပေါင်းစပ်ခြင်း၊ ဒရုန်းအုပ်များဖြင့် စစ်နည်းဗျူဟာများ၏ ထိရောက်မှုကို မြှင့်တင်ခြင်း၊ လေ့သူရဲများလက်တွေ့ဆန်ဆန် လေ့ကျင့်သင်ကြားနိုင်မှုနှင့် စွမ်းဆောင်ရည်ကို တိုးမြှင့်ခြင်း၊ စစ်မြေပြင်ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့ကို ပံ့ပိုးပေးခြင်းတို့ ပါဝင်ကြောင်း သိရသည်။

**China Turns to DeepSeek AI for Fighter Jet Design: Report** ကို ဘာသာပြန်ဆိုထားပါသည်။

## အမေရိကန်နိုင်ငံ DIU က Replicator 2 တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ်ကို ထုတ်ဖော်ပြသခဲ့



အမေရိကန်နိုင်ငံ ကာကွယ်ရေးဆန်းသစ်တီထွင်မှုအဖွဲ့ (DIU) သည် ဘေးထွက်ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြင့် အသေးစားမောင်းသူမဲ့လေယာဉ်စနစ်များကို တန်ပြန်ဖျက်ဆီးနိုင်မည့် တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေး နည်းပညာအတွက် ကာလရှည်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော Replicator 2 တန်ပြန်ဒရုန်းရန် တိုက်ဖျက်ရေးစနစ်တစ်ရပ်ကို ထုတ်ဖော်ပြသခဲ့သည်ဟု The Defense Post သတင်းဌာနက မေ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မေ ၅ ရက်တွင် ထုတ်ပြန်ခဲ့သော အကြောင်းကြားချက်တစ်ခုတွင် အသေးစားဒရုန်းများကို ရှာဖွေထောက်လှမ်းဖော်ထုတ်ရန်၊ ခြေရာခံထိန်းကျောင်းရန်နှင့် တန်ပြန်တိုက်ခိုက်ဖျက်ဆီးရန် အလွယ်တကူတပ်ဆင်အသုံးပြုနိုင်မည့် ကုန်ကျစရိတ်သက်သာသော ဖြေရှင်းချက်နည်းလမ်းများကို တောင်းဆိုထားကြောင်း သိရသည်။

အဆိုပါပဏာမခြေလှမ်းသည် ကုန်ကျစရိတ်နည်းသော ဒရုန်းတိုက်ခိုက်မှုများ၏ ကြီးထွားလာသော ခြိမ်းခြောက်မှုကို တန်ပြန်ရန် ရည်ရွယ်ထားခြင်းဖြစ်ပြီး ကုန်ကျစရိတ်ကြီးမြင့်မှုနှင့် သမားရိုးကျရေဒါများ၊ အာရုံခံကိရိယာများနှင့် ရေဒီယိုလှိုင်းနှုန်း အခြေပြုထောက်လှမ်းမှုစနစ်များ၏ အကန့်အသတ်ရှိစွာ တိုက်ပွဲဝင်အသုံးပြုနိုင်မှုကို ကျော်လွှားနိုင်ရန် ရည်ရွယ်ထားသည်။ အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ မဟာဗျူဟာမြောက် တန်ပြန်ဒရုန်းရန် တိုက်ဖျက်ရေးစွမ်းရည်များတည်ဆောက်နိုင်ရန်အတွက် စွန့်ဦးတီထွင် လုပ်ငန်းရှင်များမှသည် အရပ်ဘက်၊ စစ်ဘက်ကျွမ်းကျင်ပညာရှင်များ၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းရှင်များထိ ကျွန်တော်တို့နှင့်အတူ ပူးပေါင်းလုပ်ဆောင်သွားနိုင်ရန် ဖိတ်ခေါ်ခွင့်ရသည့်အတွက် များစွာဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း အမေရိကန်နိုင်ငံ ကာကွယ်ရေးဆန်းသစ်တီထွင်မှုအဖွဲ့ (DIU) ဒါရိုက်တာ Doug Beck က ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ ကာကွယ်ရေးဆန်းသစ်တီထွင်မှုအဖွဲ့(DIU)သည် ယခုနှစ် စက်တင်ဘာလတွင် Falcon Peak လေ့ကျင့်မှု၌ ပါဝင်သရုပ်ပြသနိုင်ရန် ရန်ပုံငွေ အမေရိကန်ဒေါ်လာ တစ်သန်းထိ အရည်အချင်းပြည့်မီသော ဆန်ခါတင်လုပ်ငန်းရှင် ၁၀ ဦးထိ ရွေးချယ်ရန် စီစဉ်ထားသည်။

Replicator 2 တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ်သည် ပင်တဂွန်စစ်ဌာနချုပ်၏ တန်ဖိုးနည်းဒရုန်းများ ထုတ်လုပ်ရေးအပေါ်တွင် အာရုံစိုက်မှုနှင့် အတူစတင်ခဲ့သော Replicator စီမံကိန်းကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၏ နောက်ထပ်ခြေလှမ်းတစ်ရပ်ပင်ဖြစ်သည်။ ဤအဆင့်တွင် ပင်လယ်နီဒေသတွင်း ဟူသီတို့၏ ဈေးပေါသောဒရုန်းများကိုကြားဖြတ်ပစ်ချရန် အဆင့်မြင့်ဒုံးကျည်များကို ကုန်ကျစရိတ် မြင့်မားစွာအသုံးပြုနေရခြင်း အပါအဝင် မကြာသေးမီက စိန်ခေါ်မှုများအပေါ် တန်ပြန်ဒရုန်းရန် တိုက်ဖျက်ရေးစွမ်းဆောင်ရည်များကိုပိုင်ဆိုင်ထားနိုင်စေရန် ဦးတည်ဆောင်ရွက်လာခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ ကာကွယ်ရေးဆန်းသစ်တီထွင်မှုအဖွဲ့ (DIU) သည် ကြိုတင်သတိပေးရေးနှင့် ခြိမ်းခြောက်မှုများကို တန်ပြန်တိုက်ခိုက်ဖျက်ဆီးခြင်းတို့အတွက် အဆင့်မြင့်စနစ်များကို အားဖြည့်ပေးနိုင်ရန် တန်ဖိုးနည်း၊ ဘေးထွက်ပျက်စီးဆုံးရှုံးမှုနည်းပါးသော ဖြေရှင်းနည်းများ အရေးပေါ် လိုအပ်နေမှုအပေါ် ကြိုးပမ်းအားထုတ်မှုတစ်ရပ်အဖြစ် ဖော်ပြခဲ့သည်။ အာရုံခံကိရိယာများ ပေါင်းစပ်အသုံးပြုထားပြီး ကုန်ကျစရိတ်နည်းပါးစေရန် အားထုတ်ထားသည့်အတွက် ပစ်မှတ်ထောက်လှမ်းမှုနှင့် တိကျစွာတိုက်ပွဲဝင်နိုင်မှုတို့တွင် စိတ်တိုင်းကျဖြစ်နိုင်ရန် ချိန်ညှိလုပ်ဆောင်သွားရန်လိုအပ်ကြောင်း DIU အဖွဲ့မှ တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ်များဦးဆောင် အကောင်အထည်ဖော်နေသူ Matthew Way က ပြောကြားခဲ့ကြောင်း သိရသည်။

**US Launches 'Replicator 2' to Develop Low-Collateral Counter-Drone Tech** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးရံ့ခြောက်ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးရံ့ခြောက်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုမြင့်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်းက ငါးရံ့ခြောက်ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ ငါးရံ့ခြောက် ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် ငါးရံ့ခြောက်များကို ရန်ကုန်ဈေးကွက်နှင့် အခြားဒေသများက ဝယ်ယူမှုအားကောင်းနေသဖြင့် တင်ပို့ရောင်းချအားကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်က ငါးခြောက်မျိုးစုံကို ရန်ကုန်နဲ့အခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်။ ဧပြီလအတွင်း ငါးရံ့ခြောက်ပိဿာချိန် အများအပြား တင်ပို့ ရောင်းချခဲ့ရတယ်။ လက်ရှိဒေသထွက် ငါးရံ့ခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု အားကောင်းနေပါတယ်။ ငါးရံ့ခြောက်ဈေးကတော့ ငါးခြောက်အကြီး၊ အသေးအပေါ်မူတည်ပါတယ်။ ငါးရံ့ခြောက်တစ်ပိဿာကို ငွေကျပ် ၃၅၀၀၀ ကနေ ငွေကျပ် ၈၅၀၀၀ ထိ ဈေးပေါက်ပါတယ်။ အခုလို အရောင်းအဝယ်ကောင်းတာကြောင့် ကုန်သည်တွေနဲ့ ငါးခြောက်လုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေလာပါတယ်"ဟု ဘိုကလေးမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုမြင့်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေသည့် ငါးရံ့ခြောက်များအရောင်းအဝယ်ကောင်းမွန်ခြင်းကြောင့် ကုန်သည်များ၊ ငါးခြောက်လုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**




# ဇမ္ဗူသီရိမြို့နယ် ရှားတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**နေပြည်တော် မေ ၁၀**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားခရိုင် ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ တဲကြီးကုန်း ကျေးရွာအုပ်စု ရှားတောကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို မေ ၉ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာဘက်စုံသုံးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လှိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ပေးရခြင်းရည်ရွယ်ချက်များ၊ စီမံကိန်းအကျိုးကျေးဇူးများ၊ လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်း၊ စည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ငွေစာရင်း ဇယား ပြုစုထိန်းသိမ်းရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လှိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၆ ဒသမ ၉ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရှားတောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၁၁ ဒသမ ၄၀ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၁ ဦးကို ငွေကျပ် ၂၂ ဒသမ ၈၀ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၄ ဒသမ ၉၀ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးကို ငွေကျပ် ၇ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၁၅၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၆ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်ကုလားပဲများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ကုလားပဲများ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၉၈၃၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ကုလားပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၅၃ တင်း ထွက်ရှိကြောင်း သိရသည်။

"ကလေးမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ကုလားပဲ ၉၈၃၁ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကုလားပဲခင်းတွေ အခုလက်ရှိမှာတော့ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာတဲ့အနေအထားမှာရှိပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ ပံ့ပိုးပေးခဲ့ပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ကလေးမြို့နယ်တွင် ကုလားပဲ စိုက်ပျိုးရာ၌ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်းသိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပါ တင်ပို့နိုင်မည်ဖြစ်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဖာပွန်မြို့နယ် ပုဇွန်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဖာပွန် မေ ၁၀**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ပုဇွန်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို မေ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပုဇွန်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့်လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ပုဇွန်မြောင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၂ ဦးကို ရန်ပုံငွေကျပ် ၅၁၃ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုသက်**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နီဇာစီဗစ်မြို့သို့ ရောက်ရှိ

**နေပြည်တော် မေ ၁၀**

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနှစ် ၈၀ ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့တက်ရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ဘနူကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်မှ နီဇာစီဗစ်မြို့သို့ အထူးလေယာဉ်ဖြင့်ထွက်ခွာရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Andrey Rudenko နှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ဗိုလ်မှူးချုပ်ကျော်စိုးဦးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များလိုက်ပါလာသည့် အထူးလေယာဉ်သည် နီဇာစီဗစ်မြို့ သာမာရှယ်ဗာလေဆိပ်သို့ရောက်ရှိကြရာ နီဇာစီဗစ်ဒေသအုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နီဇာစီဗစ်ဒေသအုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich နှင့်တာဝန်ရှိသူများက နီဇာစီဗစ်မြို့ သာမာရှယ်ဗာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။**



# ကိုရီးယားနိုင်ငံက လာရောက်စီစဉ်ကျင်းပသည့် "ငလျင်ဘေးသင့်ဒေသများအတွက် ပြန်လည်ထူထောင်ရေးရန်ပုံငွေဈေးရောင်းပွဲတော်နှင့်ဖျော်ဖြေပွဲ"ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်အားပေး

**ရန်ကုန် မေ ၁၀**

ငလျင်ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲဖျော်ဖြေမှုကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံတွင် ကျင်းပရာ



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြည်သူများ ကြည့်ရှုအားပေးကြသည်။

ရန်ပုံငွေပဒေသာပွဲတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဖျော်ဖြေမှုအစီအစဉ်များကိုစတင်ရာ ငလျင်ဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်မှုနှင့်ထောက်ပံ့ခဲ့မှုမှတ်တမ်းဗီဒီယိုကိုပြသကာ ငလျင်ဘေးဒဏ်တွင် ထိခိုက်သေဆုံးခဲ့သူများကို ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဆုတောင်းမေတ္တာပို့သကြသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက နာမည်ကျော်အနုပညာရှင်များ၏ ရုပ်ရှင်တေးသီချင်းများဖြင့်လည်းကောင်း၊ အောင်ခင်မင်းရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်တင်ဆက်သည့် ဒါရိုက်တာသန်းထိုက်(ရွှေရိပ်)၊ သရုပ်ဆောင်များဖြစ်ကြသည့် ကျော်ထက်အောင်၊ ကျော်ထက်ဇော်၊ မင်းတော်ဝင်၊ ခင်ဇာခြည်ကျော်၊ အေးဝတ်ရည်သောင်း၊ မမဆောင်းနှင့် သရုပ်ဆောင်များစွာပါဝင်သော "အချစ်ဆုံးအပေါင်ဆိုင်" ဟာသတစ်ခန်းပြဇာတ်ဖြင့်လည်းကောင်း၊ HEY Play Application က စီစဉ်တင်ဆက်သည့် ဒါရိုက်တာ တင်မောင်ဆန်းမင်းဝင်း၏ နက္ခက်၊ စိုင်းစည်တွမ်ခမ်း၊ နေထွဋ်၊ နော်ဖေအယ်ထား၊ မေပန်းချီ၊ မေလသံစဉ်နှင့် သရုပ်ဆောင်များစွာပါဝင်သော "ပြည်သူ့အချစ်တော်" တေးသရုပ်ဖော်ပြဇာတ်ဖြင့်လည်းကောင်း၊ ဘိုဘိုရုပ်ရှင်ထုတ်လုပ်ရေးနှင့် Triple Six ရုပ်ရှင်ထုတ်လုပ်ရေးတို့ ပူးပေါင်းတင်ဆက်သည့် ဒါရိုက်တာစိုးမိုးမင်း၊ သက်ဦးမောင်၊ သရုပ်ဆောင် ကောင်းမြတ်စံ၊ ရှင်မွေလ၊ မင်းဘုန်းမြတ်၊ ခြူးလေး၊ ခြူးစစ်ဟန်တို့နှင့် သရုပ်ဆောင်များစွာပါဝင်သော "ငါတို့အားလုံးလူ-အတူတူ"ပြဇာတ်ဖြင့် လည်းကောင်း၊ ဒါရိုက်တာညိုမင်းလွင်၏ ရန်အောင်၊ သားညီ၊ မာန်ဟိန်း၊ စည်သူမောင်၊ မြယာတို့နှင့် သရုပ်ဆောင်များစွာပါဝင်သော "ဖုတ်သွင်းရထား"ပြဇာတ်ဖြင့်လည်းကောင်း၊ ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)၏ သရုပ်ဆောင်နေတိုး၊ ကျော်ကျော်ဗိုလ်၊ ထွန်းထွန်း၊ ရဲလေးနှင့် သရုပ်ဆောင်များ၊ အကအဖွဲ့များပါဝင်သည့် "မနက်ဖြန်များလှပါစေ" တေးအော်ပရာဖြင့်လည်းကောင်း ဝေဝေဆာဆာဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

မန္တလေးငလျင်ကြီးဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတရန်ပုံငွေပဒေသာကပွဲကြီးတွင် သဒ္ဓါတရားထက်သန်ကြသည့် ပြည်သူများက ငလျင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေများ ထည့်ဝင်ခဲ့ကြသည်။

မွန်းလွဲပိုင်းက ပြည်ထောင်စုဝန်ကြီးသည် မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက်ရှိ အမှတ်(၁၈-A)၌ စာဆိုဗိမာန် အဆောက်အအုံတည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်ခန်းမ၌ Myanmar Land & Development Ltd Project Director ဒေါ်ယုယုနိုင်က စာဆိုဗိမာန်အဆောက်အအုံ ရာခိုင်နှုန်းအလိုက် တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ယခုတည်ဆောက်နေသော စာဆိုဗိမာန်သည် နိုင်ငံတကာအထောက်အပံ့ဖြင့် တည်ဆောက်နေသည့် တစ်ခုတည်းသော စာဆိုဗိမာန်ကြီးတစ်ခုဖြစ်ပြီး ငလျင်ဒဏ်ခံနိုင်သောအဆောက်အအုံဖြစ်ရန်နှင့် တည်ဆောက်မှုတွင် မြန်ဆန်မှန်ကန်စွာလုပ်ဆောင်သွားရန် လိုအပ်ကြောင်း၊ အဆောက်အအုံသည် စာဆိုဗိမာန်အင်္ဂါရပ်နှင့်အညီ လာရောက် လေ့လာသူများ စိတ်ဝင်တစားကြည့်ရှုခံစားနိုင်ရန် ပြင်ဆင်စုဖွဲ့တည်ဆောက်ထားရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ The Central Boulevard ၏ Public Area Zone ၌ ကိုရီးယားနိုင်ငံက လာရောက်စီစဉ်ကျင်းပသည့် "ငလျင်ဘေးသင့်ဒေသများအတွက် ပြန်လည်ထူထောင်ရေးရန်ပုံငွေဈေးရောင်းပွဲတော်နှင့်ဖျော်ဖြေပွဲ" ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ရန်ကုန်တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး၊လူမှုရေးရာဝန်ကြီးနှင့် ကိုရီးယား-Seak dong အနုပညာယဉ်ကျေးမှုစင်တာ၊ ဆိုးလ်ခရိုင်ခွဲ၊ KK Media နှင့် CST Myanmar ကုမ္ပဏီ၊ ကိုရီးယားနိုင်ငံ ဆိုးလ်အထူးမြို့၊ K Tourism Council နှင့် ဂျုံးနိုးခရီးသွားလာရေးကုမ္ပဏီတို့မှ တာဝန်ရှိသူများ၊ K pop အနုပညာရှင်များနှင့်ဖိတ်ကြားထားသည့်ဧည့်သည်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ကိုရီးယားနိုင်ငံမှ တာဝန်ရှိသူများက "ငလျင်ဘေးသင့်ဒေသများအတွက် ပြန်လည်ထူထောင်ရေးရန်ပုံငွေဈေးရောင်းပွဲတော်နှင့် ဖျော်ဖြေပွဲ" ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ကိုရီးယားရိုးရာတူရိယာပညာရှင် Ms. Han Chae Wan က တီးခတ်ဖျော်ဖြေပြီး Solo Artist Henny က K-pop dance ဖြင့် ကပြဖျော်ဖြေသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်အမတ် Mr. Kim Yong Ho က ပေးပို့သည့် Video Message ကို ဖွင့်လှစ်ပြသသည်။

ထို့နောက် ကိုရီးယားနိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ခရီးသွားလုပ်ငန်းကောင်စီ (K Tourism)၏ ဥက္ကဋ္ဌ Mr. Song Chang Yong က နှုတ်ခွန်းဆက်ပြောကြားပြီး ကိုရီးယားနိုင်ငံ KK Media (မြန်မာ)၏ Director Mr. Cho Sung Woo က "ငလျင်ဘေးသင့်ဒေသများအတွက် ပြန်လည်ထူထောင်ရေးရန်ပုံငွေဈေးရောင်းပွဲတော်နှင့်ဖျော်ဖြေပွဲ"ပြုလုပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ကိုရီးယားနိုင်ငံမှ K pop အဖွဲ့များဖြစ်ကြသည့် Girls Alert၊ Layers Danceအဖွဲ့နှင့် Dream Kids အဖွဲ့တို့က ဆက်လက်၍ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ကိုရီးယား K Tourism Council ဥက္ကဋ္ဌ Mr. Song Chang Yong တို့က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကိုရီးယားအနုပညာရှင်များကို အမှတ်တရဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တာဝန်ရှိသူများနှင့်အတူ ဈေးရောင်းပွဲတော်အတွင်း ကိုရီးယားရိုးရာအစားအစာများ ရောင်းချရန်နှင့် ရိုးရာကစားနည်းများတွင်ပါဝင်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါငလျင်ဘေးသင့်ဒေသများအတွက် ပြန်လည်ထူထောင်ရေးရန်ပုံငွေဈေးရောင်းပွဲတော်နှင့် ဖျော်ဖြေပွဲကို ကိုရီးယား-Seak dong ယဉ်ကျေးမှုစင်တာ၊ ဆိုးလ်ခရိုင်ခွဲ၊ KK Media နှင့်CST Myanmar ကုမ္ပဏီတို့ ပူးပေါင်း၍ မေ ၁၀ရက်နှင့် ၁၁ ရက်တို့တွင် နေ့စဉ် နံနက် ၉ နာရီမှမွန်းတည့် ၁၂ နာရီထိ တစ်ကြိမ်နှင့် ညနေ ၄ နာရီမှ ည ၉ နာရီထိ တစ်ကြိမ် စီစဉ်ကျင်းပခြင်းဖြစ်ပြီး ဈေးရောင်းပွဲတော်တွင် ကိုရီးယားအစားအစာများကို သင့်တင့်သည့်ဈေးနှုန်းဖြင့် ရောင်းချသွားမည့်အပြင် ကိုရီးယားရိုးရာ ကစားနည်းများကိုလည်း အခမဲ့ဝင်ရောက်ကစားနိုင်ရေး ထည့်သွင်းထားရှိကြောင်း၊ ထို့ပြင် ကိုရီးယားနိုင်ငံတွင် ကြယ် နှစ်ပွင့်မှ ကြယ် လေးပွင့်အဆင့်ထိ ရရှိထားကြသည့် K Pop အဖွဲ့များ၏ ဖျော်ဖြေမှုများနှင့် "ကြယ်များရဲ့ ဥယျာဉ်" Animation ရုပ်ရှင်နှင့် "ပေါင် ၂၀၀ အလှ" ရုပ်ရှင်များကိုလည်း အခမဲ့ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း၊ဈေးရောင်းပွဲတော်မှရရှိလာမည့်ငွေများကို မေ ၁၂ ရက်၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှေ့ဖုံးမှအဆက်

လိုက်ပါသွားကြသည့် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ဒေါက်တာဘရွှေနှင့် ခွန်စံလွင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ဒုတိယဝန်ကြီးများ၊စစ်ဘက်၊နယ်ဘက်မှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များလိုက်ပါလာသည့် အထူးလေယာဉ်သည် နိဗ္ဗာစီဗစ်မြို့ သာမာရှယ်ဗာ လေဆိပ်၌ ခေတ္တရပ်နားခဲ့ရာ နိဗ္ဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိဗ္ဗာစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးတို့သည် လေဆိပ်ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးရာတွင် ၁၉၄၁–၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် ၈၀ ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့်ဆက်စပ်အခမ်းအနားများသို့ မြန်မာနိုင်ငံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်ခဲ့သည့်အတွက် နိဗ္ဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူးအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူရသည့်အခြေအနေများ၊ မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့မှု၊ ထိခိုက်ဆုံးရှုံးခဲ့ရမှုများကို နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့လက်တွဲ၍ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို အကောင်းဆုံး ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံနှင့် နိဗ္ဗာစီဗစ်ဒေသတို့အကြား ပူးပေါင်းဆောင်ရွက်မှုများတိုးတက်ကောင်းမွန်လျက်ရှိမှုနှင့် ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိဗ္ဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူးတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ နိဗ္ဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

ယခုခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ၁၉၄၁–၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနှစ် ၈၀ ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများသို့ တက်ရောက်ခြင်း၊ အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များနှင့် သီးခြားတွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းတို့ကိုဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံအချင်းချင်းချစ်ကြည်ရေး၊စီးပွားရေး၊လုံခြုံရေးဆိုင်ရာများနှင့်ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ကာ နိုင်ငံတော်အတွက် အပြုသဘောဆောင်သည့် ဆွေးနွေးမှုရလဒ်များပေါ်ထွက်လာအောင် ဖော်ဆောင်နိုင်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် နေပြည်တော်တပ်မတော်လေဆိပ်သို့ပြန်လည်ရောက်ရှိကြရာ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာအထောက်အကူပြုလုပ်ငန်းကော်မတီမှကော်မတီဝင်များ၊ မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံအီလက်ထရောနစ်အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများကို ပြည်ထောင်စုဝန်ကြီးJeng Phang နော်တောင် တွေ့ဆုံ

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်းကော်မတီမှကော်မတီဝင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး လူငယ်စင်တာတွင် ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးJeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာအထောက်အကူပြုလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ကော်မတီများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်းကော်မတီအနေဖြင့် အတိုင်ပင်အကြံပေးများခေါ်ယူ၍ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ရာ မဟာဗျူဟာအစီအစဉ်(Strategic Plan)နှင့်လုပ်ငန်းစဉ်များ(Tactical Plan)ပေါ်ထွက်လာစေရန်အတွက် ကော်မတီတစ်ခုချင်းအလိုက် မဟာဗျူဟာများရေးဆွဲခြင်း၊ဦးတည်အုပ်စုသတ်မှတ်ခြင်း၊ကာလတို၊ ကာလရှည်မျှော်မှန်းရလဒ်များ၊ စိန်ခေါ်မှုများ၊ အထောက်အပံ့များ စသည့်အချက်များကို ဆွေးနွေးကြပြီး စောင့်ကြည့်သုံးသပ်မှုများကို ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် လူငယ်ကဏ္ဍ ၁၆ ရပ်၏ အကောင်အထည်ဖော်မှုများကို များစွာအထောက်အပံ့ပေးသွားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားပြီး



ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ်အမှုဆောင်များနှင့် တွေ့ဆုံ၍ ၃၃ ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နီးကပ်လာပြီဖြစ်သည့်အတွက် အဖွဲ့ချုပ်မှ စည်းမျဉ်း၊ စည်းကမ်းများအတိုင်း တိကျမှန်ကန်စွာဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိန်ခေါ်မှုအကန့်အသတ်များထဲမှ ကြိုးစားဆောင်ရွက်ပေးနေသည့်အတွက် များစွာ ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်တွင်း၊ ပြည်ပပြိုင်ပွဲများကျင်းပပေးပြီး ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်မြင်မှု များရရှိအောင် အဖွဲ့ချုပ်ကဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တွေ့ဆုံ၍ ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအောင်မြင်မှုရရှိရေးအတွက် ဆွေးနွေးခဲ့ကြပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ငလျင်ဒဏ်ခံရသောဝန်ထမ်းများအတွက် လှူဒါန်းငွေကျပ် ၂၅ သိန်းကို မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌကပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် ၈၀ ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြား

နေပြည်တော် မေ ၁၀

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ မေ ၇ ရက်မှစ၍ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် ၈၀ ပြည့် အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများသို့ တက်ရောက်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မော်စကိုမြို့ ဘနူကာဘာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့သည်။

ထိုသို့အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာစဉ် အထူးလေယာဉ်ပေါ်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို လက်ခံဖြေကြားခဲ့ပြီး မေးမြန်းဖြေကြားမှုအပြည့်အစုံကို ယခုလိုပဲဖော်ပြလိုက်ရပါတယ် -



**မေး**။ ။ ဗိုလ်ချုပ်မှူးကြီးရှင့်၊ မတ် ၃ ရက်မှ ၉ ရက်ထိ သွားရောက်ခဲ့တဲ့ မြန်မာ-ရုရှား ချစ်ကြည်ရေးခရီးစဉ်အတွင်းမှာ ရရှိခဲ့တဲ့ ဆွေးနွေးညှိနှိုင်းမှုရလဒ်များက မြန်မာနိုင်ငံအတွက် များစွာအကျိုးရှိခဲ့ပါတယ်။ ယခု မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် ၈၀ ပြည့် အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့တဲ့ခရီးစဉ်မှာလည်း ကျွန်မတို့နိုင်ငံအတွက် ဘယ်လိုအကျိုးရလဒ်တွေ ရရှိခဲ့သလဲ ဆိုတာ သိချင်ပါတယ်။

**ဗိုလ်ချုပ်မှူးကြီး**။ ။ ဒီအခမ်းအနားကတော့ ရုရှားပြည်သူတွေက တော်တော် ကို တန်ဖိုးလည်းထားတယ်။ ဂုဏ်လည်း ယူကြတယ်။ ဆိုဗီယက်ပြည်ထောင်စုကြီးကိုလာပြီး ကျူးကျော်တိုက်ခိုက်တဲ့ ဖက်ဆစ်နာဇီတွေအပေါ်မှာ သူတို့ လူ ၂၆ သန်းကျော် အသေခံပြီးတော့မှ ပြန်ပြီး ရုရှားနိုင်ငံရဲ့အချုပ်အခြာအာဏာ ပြန်လည်ရရှိဖို့အတွက် တိုက်ခိုက်ခဲ့တာပေါ့။ ဒါကြောင့် သူတို့လည်း သိပ်တန်ဖိုးထားပါတယ်။ ဒါ ကျွန်တော်တို့ အလေးထားရမယ့်ကိစ္စပေါ့။ မြန်မာနိုင်ငံလည်း ဖက်ဆစ်တော်လှန်ရေးသမိုင်းကြောင်းလည်း ရှိခဲ့တယ်။ တပ်မတော်နဲ့ ပြည်သူပေါင်းပြီးတော့မှ လွတ်လပ်ရေးရအောင်လည်း တိုက်ခိုက်ခဲ့တဲ့ သမိုင်းကြောင်းလည်းရှိတယ်။ သမိုင်းကောင်း၊ တကယ်ခိုင်မာတဲ့ သမိုင်းကြောင်းပါ။ ဒါကြောင့် ဒါကလည်း ကျွန်တော်တို့အနေနဲ့ ဒီဟာကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ဖို့ လိုအပ်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ နောက်တစ်ခုက နိုင်ငံတော်ကာကွယ်ရေး အင်အားရှိရင်ပေါ့၊ တပ်မတော်အင်အားရှိလို့ရှိရင် တိုင်းပြည်က အင်အားရှိမယ်ဆိုတဲ့ဟာကတော့ ပေါ်လွင်ပါတယ်။ ပြည်သူအားလုံးကိုလည်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်တွေ ဒီထက်ပိုပြီးတော့မှရှိအောင် ဆောင်ရွက်ပေးဖို့ လိုအပ်ပါလိမ့်မယ်။ ဒါမှသာ ပြည်သူအားလုံးကလည်း မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဆောင်ရွက်နိုင်မယ်ဆိုတာလည်း ဒါ ကျွန်တော်တွေ့ပါတယ်။

**မေး**။ ။ ခရီးစဉ်အတွင်းမှာ စစ်ရေးပြအခမ်းအနားကို တက်ရောက်လာတဲ့ နိုင်ငံ့ခေါင်းဆောင်များနဲ့လည်း တွေ့ဆုံခဲ့တာကို တွေ့ရပါတယ်။ ဘာထူးခြားမှုများရှိပါသလဲ။

**ဗိုလ်ချုပ်မှူးကြီး**။ ။ နိုင်ငံ့ခေါင်းဆောင်တချို့နဲ့ အလွတ်သဘောတွေ့ဆုံတာလည်း ရှိသလို တွေ့ဆုံဆွေးနွေးနိုင်မှုလည်း ကျွန်တော်တို့ရခဲ့ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံကနေပြီးတော့မှ ကျွန်တော်ရဲ့သဘောထားပေါ့၊ ကျွန်တော်ကတော့ ပါတီစုံဒီမိုကရေစီစနစ်ကို သွားဖို့အတွက် ကျွန်တော်လက်ခံပါတယ်။ ဒီအတိုင်း ကျွန်တော်တို့သွားဖို့ဖြစ်ပါတယ်။ ဒါပြီးလို့ရှိရင် လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကို ဒီနှစ်ကုန်ပိုင်းမှာ ကျွန်တော်ဆောင်ရွက်မယ်ဆိုတဲ့အကြောင်းကိုလည်း ကျွန်တော်သူတို့ကိုရှင်းပြပါတယ်။ ဆွေးနွေးတဲ့လူတွေကတော့ အားလုံးလည်း လက်ခံပြီးတော့မှ အားပေးထောက်ခံမှုရှိတာကိုလည်း ကျွန်တော်တွေ့ရပါတယ်။ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီးတော့ ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေတွေလည်း တချို့နိုင်ငံတွေလည်း ရှင်းပြနိုင်ပြီးတော့ တချို့နိုင်ငံတွေကလည်း မိတ်ဆက်တွေ့ဆုံရတာပေါ့။ ကောင်းပါတယ်၊ အားလုံးတွေ့ရတာ အားလုံးကောင်းပါတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

**မေး**။ ။ ခရီးစဉ်အတွင်းမှာ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနဲ့လည်း တွေ့ဆုံဆွေးနွေးခဲ့တာကို တွေ့ရပါတယ်။ ဒီတွေ့ဆုံဆွေးနွေးမှုနဲ့ပတ်သက်ပြီး ဗိုလ်ချုပ်မှူးကြီးအနေနဲ့ ဘာများပြောလိုပါသလဲ။

**ဗိုလ်ချုပ်မှူးကြီး**။ ။ မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံကတော့ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးတဲ့နိုင်ငံတစ်ခုဖြစ်ပါတယ်။မဟာဗျူဟာမိတ်ဖက်နိုင်ငံတစ်ခုလည်း ဖြစ်တယ်။ နောက်ခွဲခြားလို့မရတဲ့ အိမ်နီးချင်းနိုင်ငံတွေလည်းဖြစ်ပါတယ်။ နောက်တစ်ခါ သံတမန်ဆက်ဆံရေးကလည်း အခုဆိုရင် ၇၅ နှစ်ကျော်ကာလကို ရောက်ပြီဖြစ်ပါတယ်။ ဒါကြောင့် ထူးခြားတဲ့ဆက်ဆံရေးရှိတဲ့နိုင်ငံတစ်ခုလို့ ကျွန်တော်ပြောချင်ပါတယ်။ သမ္မတကြီးကတော့ မန္တလေးငလျင်နဲ့ပတ်သက်ပြီးတော့ ပြည်သူတွေအသက်ဆုံးရှုံးမှုနဲ့ ထိခိုက်ဆုံးရှုံးမှုများအတွက်လည်း စိတ်မကောင်းတဲ့အကြောင်း နှုတ်ကလည်း ထုတ်ပြောတယ်။ ပြီးရင် ဖြစ်ပြီးတဲ့အချိန်မှာလည်း ကျွန်တော့်ဆီကိုလည်း သဝဏ်လွှာသူပို့ပါတယ်။ ဒီငလျင်နဲ့ပတ်သက်ပြီးတော့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့လည်း ဆက်လက်ကူညီဆောင်ရွက်ပေးမယ်ဆိုတာလည်း သူ ဒါလည်း အလေးအနက်ထားပြီး သူပြောပါတယ်။ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ နောက်ပြီးတော့ နယ်မြေပိုင်ဆိုင်မှု၊ နောက် ဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သက်ပြီးတော့လည်း ခိုင်မာစွာ ထောက်ခံတဲ့အကြောင်းလည်း သူပြောပါတယ်။ မြန်မာနိုင်ငံရဲ့ တည်ငြိမ်အေးချမ်းရေး၊ နောက်တစ်ခါဖွံ့ဖြိုးတိုးတက်ရေး အပေါ်မှာလည်း အားပေးတဲ့အကြောင်း သူ ကျွန်တော်တို့ကို ပြောပါတယ်။ ကျွန်တော်အနေနဲ့လည်း One Blet One Road လမ်းကြောင်းအပေါ်မှာလည်း ခိုင်ခိုင်မာမာရပ်တည်တဲ့အကြောင်း၊ နောက်တစ်ခါ မြန်မာနိုင်ငံကနေပြီးတော့ တက်ကြွစွာ ပါဝင်ဆောင်ရွက်မယ်ဆိုတဲ့အကြောင်း ကျွန်တော်ပြောခဲ့ပါတယ်။ မြန်မာနိုင်ငံက ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေတွေလည်း အကြမ်းဖျင်း ကျွန်တော်ရှင်းပြနိုင်ခဲ့ပါတယ်။ နောက်တစ်ခုက တရုတ်-မြန်မာ-ဘင်္ဂလားဒေ့ရှ် စီးပွားရေးစင်္ကြံ အကောင်အထည်ဖော် မြှင့်တင်ရေးနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော် ဆွေးနွေးဖြစ်ခဲ့ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဒါ သမ္မတကြီးကပေါ့ဗျာ၊ မြန်မာနိုင်ငံမှာ ကျင်းပပြုလုပ်မယ့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံရဲ့ ကျွန်တော်တို့ရဲ့ ကြိုတင်ပြင်ဆင်မှုများနဲ့ ရွေးကောက်ပွဲကိုလည်း အားပေးထောက်ခံတဲ့အကြောင်း သူ ဒါလေးထပ်ပြီးပြောပါတယ်။ တွေ့ဆုံဆွေးနွေးရတာလည်း ကောင်းမွန်တဲ့ရလဒ်ကောင်းတွေရရှိတယ်ဆိုတာလည်း ကျွန်တော် ပြောချင်ပါတယ်။ (၅၀၁)

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လုပ်ထားခြင်းသည်လည်း ရွှေပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကိုအားလုံးဖြစ်စေ၊တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အားသတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# အကျိုးစီးပွားချင်းထပ် ကောင်းမြတ်ခဲ့ပြီ

ထက်မြတ်



ယနေ့ကမ္ဘာ့အခြေအနေကို ပြန်တွေးဆကြည့်မယ်ဆိုရင် တစ်နိုင်ငံနဲ့ တစ်နိုင်ငံကြားမှာ ချစ်ကြည်ရင်းနှီးမှုတွေကို ပိုမိုတိုးမြှင့်တည်ဆောက်လာခဲ့ကြတာတွေ့ရမှာပါ။ ဒါပေမဲ့ ကမ္ဘာ့နိုင်ငံအားလုံးက ချစ်ကြည်ရင်းနှီးမှုတွေ တည်ဆောက်နေကြတာတော့မဟုတ်ပါဘူး။ တစ်ဖက်က ဧကဝင်ရိုးကိုလိုလားတဲ့နိုင်ငံတွေနဲ့ အခြားတစ်ဖက်မှာကျတော့ ဗဟုဝင်ရိုးကို လိုလားတဲ့ နိုင်ငံတွေဆိုပြီး ဖြစ်တည်လာကြတာပါ။

ဒီနေရာမှာ ဧကဝင်ရိုးနဲ့ ဗဟုဝင်ရိုးဆိုတာကို အနည်းငယ်ရှင်းပြချင်ပါသေးတယ်။ ဧကဝင်ရိုးကမ္ဘာကြီးဆိုတာက တစ်ကမ္ဘာလုံးရဲ့အခင်းအကျင်းအဖြစ်အပျက်အားလုံးက အင်အားကြီးနိုင်ငံတစ်နိုင်ငံဒါမှမဟုတ် အင်အားကြီးအုပ်စုတစ်ခုရဲ့ ထိန်းချုပ်မှုအောက်ကိုရောက်ရှိသွားတာမျိုးဖြစ်ပါတယ်။ ဗဟုဝင်ရိုးကမ္ဘာဆိုတာ ကမ္ဘာ့နိုင်ငံအားလုံးက ဧကဝင်ရိုးလိုမျိုး ဗဟိုထိန်းချုပ်မှုကနေလွတ်ကင်းပြီး အမှန်တကယ်လွတ်လပ်တဲ့ နိုင်ငံများအဖြစ်သို့ ဦးတည်လျှောက်လှမ်းနေတဲ့အခြေအနေဖြစ်ပါတယ်။

ဒီတော့ ဧကဝင်ရိုးနဲ့ဗဟုဝင်ရိုးမှာဆိုရင် သွားတဲ့ပုံစံချင်းလည်းမတူသလို ရရှိလာတဲ့ အကျိုးကျေးဇူးချင်းလည်း မတူပါဘူး။ ဧကဝင်ရိုးကနေရရှိလာတဲ့ အကျိုးကျေးဇူးက တစ်ဦးကောင်း၊ တစ်အုပ်စုကောင်းအတွက်သာဖြစ်ပေမယ့် ဗဟုဝင်ရိုးကနေရရှိလာတဲ့ အကျိုးကျေးဇူးကျတော့ ကိုယ်ကြိုးစားရင် ကြိုးစားသလောက် ကိုယ့်အတွက် ကျန်မှာဖြစ်သလို အဲဒီအကျိုးရလဒ်ကိုလည်း ဘယ်သူ့ကိုမှ ပြန်ခွဲပေးစရာမလိုပါဘူး။ ဒါကြောင့် ကမ္ဘာ့နိုင်ငံများက ဗဟုဝင်ရိုးကမ္ဘာကြီးကို တည်ဆောက်ဖို့ ကြိုးပမ်းဆောင်ရွက်လာနေကြတာဖြစ်ပါတယ်။

ဒီလိုမျိုးဗဟုဝင်ရိုးကမ္ဘာကြီးကို တည်ဆောက်နိုင်ဖို့အတွက် ရုရှား၊ တရုတ်၊ ဘရာဇီးတို့လိုမျိုး အင်အားကြီးနိုင်ငံများက ဦးဆောင်လျက်ရှိပါတယ်။ ဥပမာ BRICS ဆိုတဲ့အဖွဲ့အစည်းကို ကြည့်လိုက်ရင် တွေ့ရမှာပါ။ အဲဒီအဖွဲ့အစည်းကြီးက သူတို့ကိုယ်တိုင်လည်း ရှေ့ဆောင်လမ်းပြအနေနဲ့ ကြိုးပမ်းဆောင်ရွက်နေသလို သူတို့နဲ့ လက်တွဲပါဝင်လိုတဲ့ အင်အားနည်းနိုင်ငံများကိုလည်း အတူတကွဆွဲခေါ်နေတာတွေ့ရပါတယ်။

နိုင်ငံရေးဆိုတာ အင်မတန်မှပါးနပ်ဖို့လိုပါတယ်။ ဒီအရေးက ကမ္ဘာ့နိုင်ငံများနဲ့ယှဉ်လာပြီဆိုရင်တော့ အလွန်ကိုကျွမ်းကျင်လိမ္မာစွာကိုင်တွယ်မှသာ ကိုယ့်အတွက်အကျိုးကျေးဇူးများစွာရရှိစေမှာပါ။ လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ နိုင်ငံ့တာဝန်များကို ခေတ္တတာဝန်ယူ ဆောင်ရွက်နေရတယ်ဆိုပေမယ့်လည်း ကမ္ဘာ့နိုင်ငံများနဲ့ယှဉ်ပြီး လုပ်ဆောင်ရမယ့်အရေးကိစ္စတွေမှာဆိုရင် လိမ္မာပါးနပ်လွန်းစွာလုပ်ဆောင်ခဲ့တာတွေ့ရပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အိမ်နီးချင်းအင်အားကြီးနိုင်ငံများဖြစ်တဲ့ တရုတ်၊ အိန္ဒိယတို့နဲ့ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာအောင် တည်ဆောက်ခဲ့ရုံသာမက ကမ္ဘာ့အင်အားကြီးနိုင်ငံဖြစ်တဲ့ရုရှားနိုင်ငံနဲ့ချစ်ကြည်ရေးကို ပိုမိုခိုင်မာအောင် တည်ဆောက်နိုင်ခဲ့ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရက နိုင်ငံတော်တာဝန်များကို ယူထားရတဲ့ ကာလတစ်လျှောက်လုံးမှာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေနဲ့ ရုရှားနိုင်ငံကို လေးကြိမ်မြောက်ချစ်ကြည်ရေးခရီးသွားရောက်ကာ ရုရှားသမ္မတ မစ္စတာဗလာဒီမာပူတင်နဲ့ နှစ်ကြိမ်တိုင်တိုင်တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒီလိုမျိုးတွေ့ဆုံမှုတွေမှာ နှစ်နိုင်ငံကြားအကျိုးရှိစေမယ့် စီမံကိန်းများကို ပူးပေါင်းအကောင်အထည်ဖော်ရေးအတွက်သာမက မြန်မာနိုင်ငံအတွက် အကျိုးများမယ့်ကူညီမှုများပေးအပ်ရေးအတွက်လည်း သဘောတူညီခဲ့ကြပါတယ်။ အခုဆိုရင် နိုင်ငံတော်ဝန်ကြီးချုပ်က ရုရှားနိုင်ငံကို ငါးကြိမ်မြောက် ချစ်ကြည်ရေးခရီးသွားရောက်ရာကနေ ပြန်လည်ရောက်ရှိလာပါပြီ။

အခုတစ်ခေါက် ချစ်ကြည်ရေးခရီးစဉ်က ရုရှားနိုင်ငံ မော်စကိုမြို့မှာ ကျင်းပတဲ့ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနှစ် ၈၀ ပြည့်အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားနဲ့အတူ ဆက်စပ်အခမ်းအနားတွေကို တက်ရောက်ဖို့အတွက် သွားခြင်းဖြစ်ပါတယ်။ ဒီခရီးစဉ်ကို လာဖို့ကိုလည်း ရုရှားသမ္မတ မစ္စတာဗလာဒီမာပူတင်ကိုယ်တိုင်က ပြီးခဲ့တဲ့တစ်ခေါက်တွေ့ဆုံမှုမှာ ဖိတ်ကြားလိုက်တာပါ။ထူးခြားတာက ဒီတစ်ခေါက်ခရီးစဉ်မှာ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးကိုယ်တိုင်ကလည်း နိုင်ငံတကာနဲ့မြန်မာနိုင်ငံတို့ကြား ဆက်ဆံရေးနဲ့ပတ်သက်ပြီးတွေ့ဆုံဆွေးနွေးမှုတွေလုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ အထူးသဖြင့် အမျိုးသမီးရေးရာကိစ္စတွေမှာပါ။

နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက မေ ၈ ရက် နံနက်ပိုင်းမှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ ဗယ်လက်တီနာမတ်ဗီယန်ကိုနဲ့တွေ့ဆုံပြီး ရုရှားနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ကြား ပညာရေး၊ စီးပွားရေးကဏ္ဍတို့မှာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ BRICS အမျိုးသမီးစီးပွားရေး မဟာမိတ်အဖွဲ့ရဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာဥက္ကဋ္ဌ အန်နာနက်စတီရိုဗာနဲ့ တွေ့ဆုံပြီး အမျိုးသမီးရေးရာ အခန်းကဏ္ဍ အားပေးမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့တာတွေ့ရပါတယ်။ ဒီလိုမျိုးတွေ ဆွေးနွေးနိုင်ခြင်းဟာ သိပ်ကိုကောင်းမွန်တဲ့လက္ခဏာတစ်ခုလို့ ပြောရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့မြန်မာနိုင်ငံဟာ ကျား၊ မခွဲခြားခြင်းမရှိတဲ့ အားလုံးကိုတစ်ပြေးညီဆက်ဆံနေတဲ့ နိုင်ငံဖြစ်တာကြောင့် မြန်မာနိုင်ငံအတွင်းမှာသာမက ကမ္ဘာမှာပါ အမျိုးသမီးတွေရဲ့ပါဝင်ပတ်သက်မှုကို အားပေးမြှင့်တင်နိုင်မယ့်အခွင့်အလမ်းတွေ ပေါ်ထွန်းလာလို့ဖြစ်ပါတယ်။



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ရဲ့ အခုသွားခဲ့တဲ့ ရုရှားခရီးစဉ်မှာ နောက်ထပ်ထူးခြားမှုတစ်ခုရှိပါသေးတယ်။ အထက်မှာဆိုခဲ့တဲ့အတိုင်း နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ရုရှားနိုင်ငံကကျင်းပတဲ့ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနှစ် ၈၀ ပြည့်အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားနဲ့ဆက်စပ်အခမ်းအနားတွေကို တက်ရောက်ခြင်းဖြစ်ပါတယ်။ထူးခြားမှုကတော့ အဲဒီစစ်ရေးပြအခမ်းအနားမှာ မြန်မာ့တပ်မတော်ကိုယ်စားပြုစစ်ရေးပြတပ်ခွဲက ရင်ပြင်နီမှာ ပါဝင်တက်ရောက်စစ်ရေးပြခွင့်ရရှိခဲ့တာပါ။ ဒီလိုမျိုးပါဝင်ခွင့်ရခြင်းဟာ သမိုင်းတစ်လျှောက်မှာပထမဆုံးဖြစ်ပါတယ်။ မြန်မာ့တပ်မတော်ကိုယ်စားပြုစစ်ရေးပြတပ်ခွဲက တရုတ်၊ ဗီယက်နမ်၊ လာအို အစရှိတဲ့နိုင်ငံပေါင်း ၁၃ နိုင်ငံနဲ့အတူ စစ်ရေးပြခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ဒီလိုမျိုးပါဝင်စစ်ရေးပြခွင့်ရရှိခြင်းက မြန်မာ့တပ်မတော်ကို ကမ္ဘာ့အသိုင်းအဝိုင်းမှာ ပိုမိုထင်ရှားလာစေပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကတော့ နိုင်ငံအကျိုးအတွက် ဖော်ဆောင်ရတဲ့ ပြည်ပခရီးစဉ်တွေမှာ အမြဲတမ်းတက်တက်ကြွကြွရှိလှတဲ့ပုံစံအတိုင်းပဲ အခုတစ်ခေါက်မှာလည်း နိုင်ငံအတွက် အကျိုးရှိမယ့်တွေ့ဆုံမှုတွေကို တက်ကြွစွာဆောင်ရွက်ခဲ့တာ တွေ့ရပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်က ရုရှားနိုင်ငံကို ရောက်ရှိပြီးနောက်တစ်ရက် နံနက်ပိုင်းမှာပဲ ရုရှားနိုင်ငံရဲ့ နာမည်ကျော်သတင်းဌာနတွေဖြစ်တဲ့ RT TV Channel နဲ့ Krasnaya Zvezda သတင်းစာတို့ရဲ့ တွေ့ဆုံမေးမြန်းမှုတွေကို စိတ်ရှည်လက်ရှည်နဲ့ ပြည့်ပြည့်စုံစုံဖြေကြားပေးပါတယ်။ ဒီသတင်းဌာနတွေရဲ့ တွေ့ဆုံမေးမြန်းမှုနဲ့ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ပြန်လည်ဖြေကြားမှုတွေက မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံတို့ကြား ချစ်ကြည်ရေးကို ခိုင်မာစေရုံသာမက မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန်များကိုလည်း ကမ္ဘာက သိရှိခွင့်ရမှာဖြစ်ပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ်ဟာ မေ ၈ ရက် ညနေပိုင်းမှာတော့ ကာဇက်စတန်နိုင်ငံသမ္မတနဲ့တွေ့ဆုံပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတွေကို မြှင့်တင်နိုင်ဖို့အတွက် ဆွေးနွေးနိုင်ခဲ့ပါတယ်။ အဲဒီနောက် ရုရှားသမ္မတ မစ္စတာဗလာဒီမာပူတင်က တည်ခင်းဧည့်ခံတဲ့ ညစာစားပွဲအခမ်းအနားသို့ အခြားသော နိုင်ငံ့ခေါင်းဆောင်များနဲ့အတူ တက်ရောက်ပြီး ရုရှားသမ္မတနဲ့ တွေ့ဆုံကာ ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့တာလည်း တွေ့ရပါတယ်။ မေ ၉ ရက် နံနက်ပိုင်းမှာတော့ နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ရင်ပြင်နီမှာကျင်းပတဲ့ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် ၈၀ ပြည့်အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားသို့တက်ရောက်ပါတယ်။ ပြီးတဲ့အခါ အခြားနိုင်ငံ့ခေါင်းဆောင်များနဲ့အတူ အညတရစစ်သည်ဗိမာန်သို့ သွားရောက်၍ ပန်းခွေချအလေးပြုပါတယ်။ ပြီးနောက် ရုရှားသမ္မတ မစ္စတာဗလာဒီမာပူတင်ရဲ့ ရုံးခန်းမှာ နေ့လယ်စာသုံးဆောင်ပါတယ်။

တကယ်တော့ မေ ၉ ရက်ဆိုတာ နိုင်ငံတော်ဝန်ကြီးချုပ်အတွက် အလုပ်အများဆုံးသောနေ့တစ်နေ့ဖြစ်သလို အကျိုးအများဆုံးသောနေ့တစ်နေ့ဆိုရင်လည်း မမှားပါဘူး။ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ဒီအခမ်းအနားကို တက်ရောက်ခဲ့တဲ့အတွက် နိုင်ငံတကာမှခေါင်းဆောင်များနဲ့တွေ့ဆုံပြီး နှစ်နိုင်ငံကြား ဆက်ဆံရေးနဲ့ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေးတို့အတွက်ကို ဆွေးနွေးနိုင်ခဲ့ပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ်က ရုရှားနိုင်ငံကိုရောက်ရှိနေတဲ့ တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်နဲ့ မေ ၉ ရက်ညနေပိုင်းမှာ တွေ့ဆုံဆွေးနွေးမှုတွေလုပ်ခဲ့ပါတယ်။ ဒီလိုတွေ့ဆုံစဉ်မှာ နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ရေး၊ ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ရေး၊ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုနှင့် အေးအတူပူပူအမျှအသိုက်အဝန်းတည်ဆောက်ရေး၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့နဲ့ပတ်သက်ပြီး ခင်မင်ရင်းနှီးစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့တာဖြစ်ပါတယ်။

မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ကြား နှစ်နိုင်ငံဆက်ဆံရေးက ဒီနှစ်မှာ စိန်ရတုတိုင်ပြီဖြစ်ပါတယ်။ ဒီကာလအတွင်း တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံအတွက် ကူညီမှုတွေပေးခဲ့သလို မြန်မာနိုင်ငံကလည်း တရုတ်နိုင်ငံအတွက်

စာမျက်နှာ ၂၀ သို့



စာမျက်နှာ ၁၉ မှအဆက်

အိမ်နီးချင်းကောင်း မိတ်ဆွေကောင်းနိုင်ငံအဖြစ် ရပ်တည်ပေးခဲ့တာဖြစ်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ နိုင်ငံတကာခေါင်းဆောင်များနဲ့တွေ့ဆုံစဉ်မှာ အမြဲမပြတ်ပြောနေကျစကားတစ်ခုရှိပါတယ်။ ဒါကတော့ မြန်မာနိုင်ငံမှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပေးမယ်ဆိုတဲ့အကြောင်းနဲ့ အဲဒီရွေးကောက်ပွဲကိုလည်း နိုင်ငံတကာမှလေ့လာရေးအဖွဲ့များကိုဖိတ်ကြားသွားမယ်ဆိုတဲ့အကြောင်းဖြစ်ပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ်က အခုလို တရုတ်နိုင်ငံသမ္မတနဲ့ တွေ့ဆုံစဉ်မှာ ဒီအကြောင်းကိုလည်း ထပ်လောင်းပြောခဲ့တာတွေ့ရပါတယ်။ ဒါဟာ နိုင်ငံတော်အကြီးအကဲတစ်ဦးအနေနဲ့ ကမ္ဘာသိ အသိပေးခြင်းဖြစ်တာကြောင့် နိုင်ငံတကာစာမျက်နှာမှာလည်း မြန်မာနိုင်ငံရဲ့ပုံရိပ်ကို တိုးတက်စေပါတယ်။ ဒ့ါပြင် မြန်မာနိုင်ငံအနေနဲ့ တရုတ်နိုင်ငံနဲ့ဖော်ဆောင်နေတဲ့ ခါးပတ်တစ်ကွင်း၊ လမ်းတစ်ကြောင်းဆိုတဲ့စီမံကိန်းကြီးအပေါ် ခိုင်ခိုင်မာမာရပ်တည်ပြီး တက်ကြွစွာပါဝင်ဆောင်ရွက်မယ်ဆိုတဲ့အကြောင်း၊ တရုတ်-မြန်မာ-ဘင်္ဂလားဒေ့ရှ် စီးပွားရေးစင်္ကြံအကောင်အထည်ဖော်မြှင့်တင်ရေးနဲ့ပတ်သက်တဲ့အကြောင်းတွေကို နိုင်ငံတော်ဝန်ကြီးချုပ်က ပြောဆိုဆွေးနွေးခဲ့တာတွေ့ရပါတယ်။ ဒီလိုဆွေးနွေးမှုတွေဟာ မြန်မာနိုင်ငံအတွက် အရေးပါတဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ဖြစ်ပေါ်လာစေမှာပါ။

နောက်တစ်ခုက တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်က တရုတ်နိုင်ငံအနေနဲ့ မြန်မာ့ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ထောက်ခံကြောင်း၊ နိုင်ငံတည်ငြိမ်ရေးနဲ့အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် မြန်မာနိုင်ငံရဲ့ဆောင်ရွက်ချက်များကို ထောက်ခံကြောင်း၊ မြန်မာနိုင်ငံမှာကျင်းပမယ့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနဲ့ပတ်သက်ပြီး အစိုးရရဲ့ ကြိုတင်ပြင်ဆင်မှုများနဲ့ ရွေးကောက်ပွဲကို အားပေးထောက်ခံတဲ့အကြောင်းတွေ ပြောခဲ့တာတွေ့ရပါတယ်။ ဒီလိုမျိုးပြောဆိုမှုတွေက တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနဲ့ မြန်မာနိုင်ငံအရေးနဲ့ပတ်သက်ပြီး ကတိပြုမှုတွေလို့ပြောရင်လည်း မမှားပါဘူး။



မေ ၁၀ ရက်မှာတော့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်တဲ့ အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဟာ မြန်မာနိုင်ငံကို အောင်မြင်ချောမွေ့စွာ ပြန်လည်ရောက်ရှိလာပါပြီ။ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ အခုတစ်ခေါက်ခရီးစဉ်မှာ မြန်မာနိုင်ငံအတွက် များလှစွာသောအကျိုးကျေးဇူးများကို ပြန်လည်သယ်ဆောင်လာခဲ့တယ်လို့ ဆိုရပါမယ်။ ကမ္ဘာ့နိုင်ငံရေးအခြေအနေနဲ့နှိုင်းယှဉ်ရင် မြန်မာနိုင်ငံဟာ ကမ္ဘာ့အခင်းအကျင်းသစ်မှာ အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ပါဝင်နိုင်မယ့်အခြေအနေသာမက ကမ္ဘာ့အင်အားကြီးနိုင်ငံများနဲ့ ချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်နိုင်တဲ့အခွင့်အရေးရရှိခဲ့ပါတယ်။ နောက်ထပ်မြန်မာနိုင်ငံအတွက် ရရှိတဲ့ အကျိုးကျေးဇူးတွေကတော့ အမျိုးသမီးရေးရာအခန်းကဏ္ဍကို နိုင်ငံတကာအထိ ထိုးဖောက်နိုင်မယ့်အခွင့်အရေး၊ မြန်မာ့တပ်မတော်ကို ကမ္ဘာ့နိုင်ငံများရဲ့ တပ်မတော်များနဲ့ ရင်ပေါင်တန်းနိုင်မယ့်အခွင့်အရေး၊ မြန်မာနိုင်ငံရဲ့ အနာဂတ်ပိုမိုတောက်ပလာမယ့်အခွင့်အရေးတွေကို ဆောင်ကြဉ်းပေးနိုင်ခဲ့တာဖြစ်ပါတယ်။

ယနေ့ကမ္ဘာ့နိုင်ငံတချို့ဟာ ဧကဝင်ရိုးနဲ့အသားကျနေကြတာများပါတယ်။ အဓိကကတော့ ဧကဝင်ရိုးကနေ အကျိုးအမြတ်ကြီးစွာရရှိနေတဲ့ လက်တစ်ဆုပ်မျှသောနိုင်ငံများက ဒီအခြေအနေကနေ တခြားအခြေအနေတစ်ခုကို ပြောင်းလဲသွားမှာ မလိုလားကြပါဘူး။ ဒါကြောင့်လည်း ဧကဝင်ရိုးကမ္ဘာကြီးကို ဆက်လက်လည်ပတ်နိုင်ဖို့ ကြိုးပမ်းအားထုတ်လာကြချိန်မှာ ကျန်ရှိတဲ့နိုင်ငံတွေကတော့ နိုင်ငံများအတွက် ကိုယ်စီအကျိုးကျေးဇူးရရှိစေမယ့် ဗဟုဝင်ရိုးကမ္ဘာကြီးကို အကောင်အထည်ဖော်လာနေပြီ ဖြစ်ပါတယ်။ တစ်နည်းပြောရမယ်ဆိုရင် ဗဟုဝင်ရိုးကမ္ဘာကြီးကို အကောင်အထည်ဖော်နေကြသူများမှာ တူညီသောအကျိုးစီးပွားပန်းတိုင်ရှိပါတယ်။ အဲဒီပန်းတိုင်ကတော့ မျှဝေသောအနာဂတ်နဲ့ အေးအတူပူအမျှရှိတဲ့အသိုက်အဝန်းကိုတည်ထောင်သွားဖို့ဖြစ်ပါတယ်။ ဒါကြောင့်လည်း အခုနိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ရုရှားနိုင်ငံချစ်ကြည်ရေးခရီးစဉ်ဟာ အကျိုးစီးပွား ချင်းထပ်လို့ ကောင်းမြတ်တဲ့ ခရီးစဉ်တစ်ခုဖြစ်လာပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

**ယနေ့ကမ္ဘာ့နိုင်ငံတချို့ဟာ ဧကဝင်ရိုးနဲ့ အသားကျနေကြတာများပါတယ်။ အဓိကကတော့ ဧကဝင်ရိုးကနေ အကျိုးအမြတ်ကြီးစွာရရှိနေတဲ့ လက်တစ်ဆုပ်မျှသောနိုင်ငံများက ဒီအခြေအနေကနေ တခြားအခြေအနေတစ်ခုကို ပြောင်းလဲသွားမှာ မလိုလားကြပါဘူး။ ဒါကြောင့်လည်း ဧကဝင်ရိုးကမ္ဘာကြီးကို ဆက်လက်လည်ပတ်နိုင်ဖို့ ကြိုးပမ်းအားထုတ်လာကြချိန်မှာ ကျန်ရှိတဲ့နိုင်ငံတွေကတော့ နိုင်ငံများအတွက် ကိုယ်စီအကျိုးကျေးဇူးရရှိစေမယ့် ဗဟုဝင်ရိုးကမ္ဘာကြီးကို အကောင်အထည်ဖော်လာနေပြီဖြစ်ပါတယ်။ တစ်နည်းပြောရမယ်ဆိုရင် ဗဟုဝင်ရိုးကမ္ဘာကြီးကို အကောင်အထည်ဖော်နေကြသူများမှာ တူညီသောအကျိုးစီးပွားပန်းတိုင်ရှိပါတယ်။ အဲဒီပန်းတိုင်ကတော့ မျှဝေသောအနာဂတ်နဲ့ အေးအတူပူအမျှရှိတဲ့ အသိုက်အဝန်းကို တည်ထောင်သွားဖို့ဖြစ်ပါတယ်…**



# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ မလေးရှားနိုင်ငံ ဆေးဘက်ဆိုင်ရာကူညီကယ်ဆယ်ရေးအဖွဲ့ကို လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် အမရပူရမြို့နယ် ဘုံးအိုး ကျေးရွာအုပ်စုအတွင်းရှိ ငလျင်ဘေးသင့်ပြည်သူ အိမ်ထောင်စု ၇၀၀ အတွက် ဆန်၊ ဆီ၊ ကုလားပဲ စသည့် ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် စဉ့်ကိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး၌ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုစာရင်းများ ပြန်လည်ပြုလုပ်ပေးနေမှုများကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် မေ ၁၀**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ နန်းဦးရပ်ကွက်ရှိ မဟာယင်္ဂဏစေတီ၌ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးနေသော သာသနိက အဆောက်အအုံများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများမှ ပူးပေါင်း၍ ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကိုတာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပါရမီရပ်ကွက်ရှိ နှစ် ၇၀၀ ပြည့် အားကစားခန်းမ၌ ဇေယျာရပ်ကွက်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ သေဆုံး၊ ဒဏ်ရာရမိသားစုဝင်များအတွက် ထောက်ပံ့ ငွေကျပ် ၆၁၇၆၅၀၀၀၊ အာဆီယံလူသားချင်းစာနာထောက်ထားမှု ကူညီရေးညှိနှိုင်းမှုဗဟိုဌာန (AHA Center)မှ မီးဖိုချောင်းသုံးပစ္စည်းများနှင့် ဘရူနိုင်းနိုင်ငံမှ တစ်ကိုယ်ရေသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများက နိုင်ငံတော်မှထောက်ပံ့ပေးသောငွေကြေးများ၊ ထောက်ပံ့ပစ္စည်းများ၊ ရိက္ခာများနှင့်ပတ်သက်ပြီး အသေးစိတ်ရှင်းလင်းပြောကြားကာ ပြည်သူများလက်ဝယ် အရောက် ထောက်ပံ့ပေးအပ်သည်။ ထို့နောက် မလေးရှားနိုင်ငံ ဆေးဘက်ဆိုင်ရာ ကူညီကယ်ဆယ်ရေးအဖွဲ့အား ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံက လက်ဆောင်ပစ္စည်းများပေးအပ်ပြီး တန်ဖိုးသင့်လူနေအိမ် နမူနာပုံစံဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီနှင့် ပါရမီရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးလျက်ရှိသော လူနေအဆောက်အအုံများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများမှ ပူးပေါင်း၍ စုပေါင်းလုပ်အားပေးရှင်းလင်းဖယ်ရှားနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ငင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်၊ သောတပန်ရပ်ကွက်ရှိ ဗုဒ္ဓပြတိုက်နှင့် ယဉ်ကျေးမှုပြတိုက်တို့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိက အဆောက်အအုံများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများမှပူးပေါင်း၍ စုပေါင်းလုပ်အားပေးရှင်းလင်းဖယ်ရှားနေမှု အခြေအနေများအား သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ သံပုဏ္ဏာရာမကျောင်းတိုက် ကျောင်းပရိဝုဏ်အတွင်း ငလျင်ဘေးသင့်ရဟန်း၊ သံဃာ၊ သီလရှင်၊ ပြည်သူများအတွက် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့၏ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဘုံးအိုးကျေးရွာတွင် ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းသို့သွားရောက်၍ ဘုံးအိုးကျေးရွာအုပ်စုအတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ကာ ငလျင်ဘေးသင့်ပြည်သူ အိမ်ထောင်စု ၇၀၀ အတွက် ဆန်၊ ဆီ၊ ကုလားပဲ စသည့် ထောက်ပံ့ပစ္စည်းများအား ပေးအပ်လှူဒါန်းရာ ငလျင်ဒဏ်သင့်ပြည်သူများကိုယ်စား ကျေးရွာမှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ အဆိုပါ ကျေးရွာတွင် ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းရှိ ယာယီဝတ်ပြုဆောင်နေရာသို့ လည်းကောင်း၊ ငလျင်ဘေးသင့်ပြည်သူများအတွက် ရေရရှိအောင်ဆောင်ရွက်ထားရှိမှု အခြေအနေများအားလည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများအားလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေး၍ သောက်ရေသုံးရေဖူလုံစွာရရှိရေးစနစ်တကျစီစဉ်ဆောင်ရွက်ပေးရန်၊ ကူးစက်ရောဂါများမဖြစ်ပွားစေရေးနှင့် ယာယီနေထိုင်သူများကို စနစ်တကျမှတ်တမ်းပြုစုထားရှိစေရေးတို့အား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးချမ်းအေးသာစံမြို့နယ်ရှိ ချမ်းသာရဆုတောင်းပြည့်မြတ်စွာဘုရား၊ အောင်မြေသာစံမြို့နယ်ရှိ ရာဒါကစ္စနာဟိန္ဒူဗုဒ္ဓဘာသာဘုရားကျောင်း၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ မိုးကုတ်ဝိပဿနာ သာသနာ့ရောင်ခြည်မဲ့ရိပ်သာအတွင်းရှိ ငွေကမ္ဘာကျောင်းဆောင်၊ လေးကျွန်းမာန်အောင်စေတီ၊ ရန်ဘေးကင်းရှောင် မြတ်ထွဋ်ခေါင်စေတီ၊ ငါးပါးမာန်အောင်ထွဋ်ထိပ်ခေါင်စေတီ၊ပြည်လုံးချမ်းသာရေကန်အမှတ်(၃၉)၊ အမရပူရမြို့နယ်ရှိ ပွဲပါမင်းကျောင်းတိုက်နေရာများရှိငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံ အပျက်အစီးများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နေမှုများကို လည်းကောင်း၊ အပျက်အစီးများဖယ်ရှား ရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများအားလည်းကောင်း ကြည့်ရှုအားပေးပြီး ဆရာတော်ကြီးများအား အလှူငွေများပေးအပ်လှူဒါန်းကာ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဘုရားစေတီပုထိုးများမှ အပျက်အစီးများ ရှင်းလင်းစဉ်ပြန်လည်သိမ်းဆည်းတွေ့ရှိရသောဌာပနာပစ္စည်းများအား စနစ်တကျထားရှိထိန်းသိမ်းရန်နှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအားမှာကြား၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ငင်းနောက် အမရပူရမြို့နယ် မိန်းတန်းရပ်ကွက် အခြေခံပညာမူလတန်းကျောင်းသို့သွားရောက်၍ ဆရာ၊ ဆရာမများ၊ ရပ်မိရပ်ဖများ၊တပ်မတော်သားများစုပေါင်း၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုအားလည်းကောင်း၊ စာသင်ကျောင်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့အတွက်ပြင်ဆင်ဆောင်ရွက်နေမှုများအား လည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများ၏ ပျက်စီးသွားသောအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေသံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ပြည်သူများ၏ လက်ဝယ်သို့ စနစ်တကျ တိုက်ရိုက် ရောင်းချပေးနေပြီဖြစ်ကာ ငလျင်ဒဏ်ကြောင့် အမှန်တကယ်လိုအပ်လျက်ရှိသော ပြည်သူများကိုသာ စနစ်တကျစိစစ်၍ ရောင်းချပေးနေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့မိမြို့ဖများနှင့် လာရောက်ဝယ်ယူသည့် ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ငင်းနောက် စဉ့်ကိုင်မြို့နယ် ပလိပ်ကျေးရွာအုပ်စု ပလိပ်မြွေဘုရားဝင်းအတွင်း၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် ဘုရားစေတီများနှင့် သာသနိက အဆောက်အအုံများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြိုကျပျက်စီးနေသော အပျက်အစီးများအား အမြန်ဆုံးရှင်းလင်းဖယ်ရှားဆောင်ရွက်ရန်၊ ဘုရားစေတီများ ပြန်လည်ပြုပြင်တည်ထားပူဇော်နိုင်ရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်ရန်၊ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် ရှေးမူမပျက်ပြုပြင်နိုင်ရေးအတွက် အမျိုးသားယဉ်ကျေးမှုနှင့် ရှေးဟောင်းသုတေသနဦးစီးဌာနသို့ တင်ပြပြီး ဆောင်ရွက်သွားရန်နှင့်ဘုရားဂေါပကအဖွဲ့များ၏တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စဉ့်ကိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ယာယီရုံးဖွင့်လှစ်ဆောင်ရွက်ရန်အတွက် Modular Container House များ တပ်ဆင်ဆောင်ရွက်နေမှုအခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေ၊ မီး၊ မိလ္လာစနစ်များ စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ စဉ့်ကိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး၌ ငလျင်ဒဏ်ကြောင့် ပျက်စီး၊ ပျောက်ဆုံးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုစာရင်းများအား ပြန်လည်ပြုလုပ်ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ယာယီရုံး တည်ဆောက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စဉ့်ကိုင်မြို့နယ် မြို့နယ်မြေစာရင်းဦးစီးဌာနရုံး၌ ယာယီရုံးဖွင့်လှစ်ဆောင်ရွက်ရန်အတွက် Modular Container House များ တပ်ဆင်ဆောင်ရွက်နေမှုအခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးကာ ရေ၊ မီး၊ မိလ္လာစနစ်များ စနစ်တကျ ပြုလုပ်ဆောင်ရွက်သွားရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# နေပြည်တော်သို့ လေ့လာရေးခရီးသွားရောက်မည့် အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)မှ သင်တန်းသား၊ သင်တန်းသူများကို ပို့ဆောင်နှုတ်ဆက်

**နေပြည်တော် မေ ၁၀**

ပုသိမ် လေတပ်စခန်းဌာနချုပ်တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) မှ လေ့လာရေးခရီးသွားရောက်မည့် သင်တန်းသား၊ သင်တန်းသူများကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်လေတပ်စခန်းဌာနချုပ်မှ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်(ဇလာ)သို့ တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်ပေးသည်။

အဆိုပါ လေ့လာရေးခရီးသွားရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးကျော်ထက်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ပုံ၁)

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း နေပြည်တော်သို့ လေ့လာရေးခရီး သွားရောက်မည့် အခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)မှ သင်တန်းသား၊ သင်တန်းသူများအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



## ရမန်းချောင်းကြိုးပြင်ကာကွယ်တော သတ်မှတ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၃၇၇၁ ဧကရှိသောနယ်မြေကို **"ရမန်းချောင်းကြိုးပြင်ကာကွယ်တော"**အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၄၄/၂၀၂၅)အရ ၁၃၈၇ ခုနှစ် ကဆုန်လဆန်း ၄ ရက်၊ ၂၀၂၅ ခုနှစ် ဧပြီ ၃၀ ရက်မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဌာနသည် အပူပိုင်းဒေသ၏ သဘာဝတောကျန်များအား ထိန်းသိမ်းခြင်းကြောင့် ပတ်ဝန်းကျင်ဒေသကို အပူချိန်လျော့နည်းကျဆင်းပြီး ပူပြင်းခြောက်သွေ့မှုကာကွယ်ရန်၊ ရာသီဥတုသာယာမျှတစေပြီး စိမ်းလန်းစိုပြည်ရန်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းသက်သာစေရန်၊ မြေဆီလွှာတိုက်စားမှုများကို တားဆီးကာကွယ်ရန်နှင့် အပူပိုင်းသစ်တောများထိန်းသိမ်းကာကွယ်ရန်ရည်ရွယ်၍ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအဖြစ် ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ရမန်းချောင်းကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော သဘာဝပေါက်ပင်များဖြစ်သည့် ပျဉ်းကတိုး၊ ပိတောက်၊ အင်ကြင်း၊ အင်၊ ထောက်ကြံ့၊ နီပစေး၊ နဘဲ၊ တရော်၊ ပိုးမဲဇာ၊ သစ်စေး၊ ဆီးဖြူ စသည့်သစ်မျိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ တောဝက်၊ ယုန်၊ ရှဉ့်၊ ချိုး၊ ခါစသည့် တိရစ္ဆာန်ငယ်များ၏ နေထိုင်ကျက်စားရာဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဒေသခံပြည်သူများအတွက် လယ်ယာလုပ်ငန်းသုံး အပူပိုင်းဒေသထွက်သစ်တောထွက်ပစ္စည်းများ ပိုမိုရရှိလာနိုင်ခြင်း၊ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေးအတွက် အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ မြေဆီလွှာ တိုးတက်ကောင်းမွန်လာခြင်း၊ မြေအောက်ရေထိန်းသိမ်းနိုင်ခြင်းနှင့် သစ်တောဖုံးလွှမ်းမှုတိုးလာပြီး ရာသီဥတု ပိုမိုကောင်းမွန်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

### ☆ မြန်မာ့မီးရထားမှအဆက်

မြန်မာ့မီးရထားတာဝန်ရှိသူများနှင့် လုပ်သားများက တံတားအောက်ခြေနှင့် ကမ်းကပ်ခုံနှစ်ဖက်ရှိ မြေကြီးနှင့် ကွန်ကရစ်များရှင်းလင်းခြင်း၊ တံတားသံဘောင်များနှင့်သံလမ်းများ ဖယ်ရှားရှင်းလင်းခြင်း၊ တံတားရေလယ်တိုင်ကို ပိုင်ရိုက်ကျောက်စီခြင်းနှင့် ဘေလီတံတားဘောင်တပ်ဆင်ခြင်း စသည့်တံတားနှင့် ရထားလမ်းပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို မေ ၆ ရက်မှ ယနေ့ထိ နေ့၊ ညမပြတ်ဆောင်ရွက်ခဲ့ကြပြီး သံလမ်းပြေးယာဉ် RGC ဖြင့် စမ်းသပ်ပြေးဆွဲ၍ ယနေ့ည ၁၂ နာရီခွဲတွင် လမ်းပိုင်းပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။


အဆိုပါ ရထားလမ်းပိုင်း ပြန်လည်ဖွင့်လှစ်ပြီး ရန်ကုန်မှ ယနေ့နံနက် ၇ နာရီတွင် စတင်ထွက်ခွာသည့် အမှတ်(၈၁) အဆန် ရန်ကုန်-မော်လမြိုင် ရထားနှင့် မော်လမြိုင်မှ နံနက် ၈ နာရီစတင်ထွက်ခွာသည့် အမှတ်(၈၂)အစုန် လူစီးအမြန်ရထားများ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးလျက်ရှိသည်။

ထို့ပြင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထု ရထားဖြင့် ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် အဓိက ရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းများနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင်သာမက အခြားလမ်းပိုင်းများဖြစ်သော ပုသိမ်-ဟင်္သာတ-ကြံခင်းလမ်းပိုင်း၊ ပျဉ်းမနား-တောင်တွင်းကြီးလမ်းပိုင်း၊ ရန်ကုန်-ပြည်-ပုဂံလမ်းပိုင်း၊ မြစ်ကြီးနား-မိုးကောင်းလမ်းပိုင်း၊ လက်ပံတန်း-သာရဝေါလမ်းပိုင်း စသည့်လမ်းပိုင်းများတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### ❑ နေရာကွက်၍မိုးကြီးနိုင်မှုအဆက်

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါ ဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**




## ထူးခြားသည့် နေ့အပူချိန်များ

( ၁၀ - ၅- ၂၀၂၅ )

| | | | | |
|---|---|---|---|---|
| ချောက် | ၄၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဇောင်းတူ | ၄၃ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၂ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၂ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၁ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၁ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၄၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေဘို | ၄၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| နေပြည်တော် | ၄၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

# တောင်ကြီးမြို့နယ် အေးသာယာမြို့တွင် ငွေကျပ် ၁၇ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၃၅၀ ဖမ်းဆီးရမိ




ပြစ်မှုကျူးလွန်သူများကို မူးယစ်ဆေးဝါးများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် မေ ၁၀**

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၅ ရက် ည ၁၁ နာရီခွဲတွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ ရပ်ကွက်(၁၁) နယ်မြေ (၇၆)ရှိ သန်းထွေးအောင်(ခ)ခေါကြီး၏ နေအိမ်တွင် မူးယစ်ဆေးဝါးများ သိုဝှက်ထားကြောင်း တာဝန်သိပြည်သူ တစ်ဦး၏ သတင်းပေးချက်အရ ရှာဖွေရာ ၎င်းနှင့်အတူ မချောချောဦး(ခ)မစုနှင့် အောင်နိုင်ထွန်းဦးတို့သုံးဦးကို ဆာလာ အိတ် ၁၇၅ အိတ်ဖြင့်ထည့်လျက် ဒေသ ကာလတန်ဖိုး ငွေကျပ် ၁၇ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ် ဆေးပြား သိန်း ၃၅၀ နှင့်အတူ ဖမ်းဆီး ရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက် ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၅၀၁)

# ကလောမြို့နှင့် တာချီလိတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၈ ရက်ည ၉နာရီ ခွဲတွင် ကလောမြို့နယ် ဝက်ဖြူရေ ကျေးရွာအုပ်စု နန့်ပန်တက်ကျေးရွာအနီး တွင် မသင်္ကာဖွယ် တွေ့ရှိသူ နေထူးအောင် အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၃၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၁၅၀) ကိုလည်းကောင်း၊

ထို့ပြင် ပူးပေါင်းအဖွဲ့သည် မေ ၉ ရက် ညနေ ၅ နာရီ ၁၅ မိနစ်တွင် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်တွင် မြင့်မြတ် အောင်(ခ)ဆံရှည် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေ ရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀




(တစ်ပြားလျှင် ငွေကျပ် ၇၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၂၈ သိန်း) ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ ထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရ ယန္တရားများပျက်ပြားစေရန် ရည်ရွယ် လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီထိရောက် စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည် ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ် သော်လည်း မေ ၉ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့် ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Lwin Lwin Moe Oo” Facebook အကောင့် ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် အုံးနဲ့ချောင်းကျေးရွာနေ လွင်မျိုးဦးအား နံနက် ၁၁ နာရီခွဲတွင် ကရင် ပြည်နယ် ဘားအံမြို့နယ် စက်မှုဇုန်နယ်မြေ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီး ထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင် ရွက်ခဲ့ကြောင်းသတင်းရရှိသည်။ (၅၀၁)



## ပို့ကုန် နှစ်ဆ တိုးမြှင့်ကြ





## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၅ ခုနှစ် မေ ၁၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၇၁၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် မေ ၁၀**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ဝတ္ထုတိုကဏ္ဍ

# ရိုးမတောင်ယံ အောင်သံလွှမ်းတယ်လေ့

ကျွန်းစဉ်မြေစောခက်



(၁)

အမ်းမြို့နယ် ရခိုင်ရိုးမတောင်ခြေ ဒါးလက်ချောင်းမကြီးရဲ့ လက်ယာလက်တက်တစ်ခုဖြစ်တဲ့ အေးချောင်းကမ်းပါးမှာ ချင်းတိုင်းရင်းသားတွေ နေထိုင်တဲ့ အေးရွာဆိုတာရှိတယ်။ အိမ်ခြေကတော့ သိပ်များများစားစားမရှိပါဘူး။ ၃၈ အိမ်ထဲရယ်။ အေးရွာရဲ့အောက်ဘက် ရလွယ်တောင်ယာခင်းမှာတော့ ငထောင်ဆိုသူ ချင်းမိသားစုနေထိုင်ကြတယ်။ ငထောင်သမီး ချင်းမလေး မစန်းဟာ တောရိပ်ခို၍ အလှတရားကို ရွှမ်းစိုနေသည်ဟုပဲဆိုရပေမလားမသိ။ သွေးသားဆူဖြိုးပြီး လှချင်တိုင်းလှနေလေတော့တယ်။

သူတို့တွေဟာ တောင်ယာခင်းမှ ပြန်အဆင်းမှာ တောင်ကျချောင်းဘေး စမ်းချောင်းလေးမှာ ရေချိုးလေ့ရှိကြတယ်။ ဒီနေ့လဲ မစန်းတို့သားအမိဟာ ရေမိုးချိုး၊ ကိုယ်လက်သန့်စင်ပြီး အိမ်ပြန်ဖို့အတွက် ထောင်ဘိုလေးတွေ ကိုယ်စီကောက်လွယ်လိုက်ကြတယ်။ ထောင်ဘိုဆိုတာ ဝါးနှီးနဲ့ရက်လုပ်ထားတဲ့ နှီးတောင်းရှည်ကြီး တစ်မျိုးပါပဲ။ တောင်ယာထွက် အသီးအရွက်တွေကို ခူးကောက်ထည့်ပြီး ဝါးနှီးကြိုးပြားကလေးကို နဖူးမှာတည်းကာ ကျောပိုးထမ်းကြရတယ်။ ခန္ဓာကိုယ်အပေါ်ပိုင်းကို ရှေ့သို့ညွတ်ပြီး ထောင်ဘိုထမ်းနေကြတာဟာ တစ်မျိုးတစ်ဖုံ ကြည့်ကောင်းသလိုတော့ရှိတယ်။

"ဟ မစန်းပါလား"

ဒီလူကို တောင်အကွေ့မှာ ဖြုန်းခနဲတွေ့တော့ မစန်း လန့်သွားတာတော့အမှန်ပါပဲ။ ဒီလူနဲ့ မတွေ့အောင်လို့ မစန်းရှောင်နေခဲ့ပေါင်း များလှပြီ။ ဒီလူဟာ မစန်းက မတွေ့ချင်ဆုံးဖြစ်တဲ့ တစ်ရွာတည်းသား ကီးထန်ပါပဲ။

မစန်းက ဘာမျှမပြော။ မျက်စောင်းတစ်ချက် ထိုးပစ်ပြီး ဒီလူ့ကိုရှောင်ဖို့ လမ်းဘေးသို့ဆင်းလိုက်တယ်။ ဒါပေမဲ့ ကီးထန်ကတော့ လမ်းမပေး။ မစန်းတို့သားအမိရှေ့ကဖြတ်ပြီး အနီးကိုတိုးကပ်လာခဲ့တယ်။ ဒီလူ့ဆီကနေ ချွေးနံ့တွေနဲ့အတူ ချဉ်ချဉ်စူးစူး အနံ့တစ်ခုကပါ ရောယှက်ပါလာလေတော့ ဒီလူ ခေါင်ရည်မူးလာမှန်း မစန်းတို့သားအမိ သိလိုက်ကြပြီပေါ့။

"တို့ရဲ့ မစန်းက ပိုလှလာတယ်နော်"

ကီးထန်ရဲ့ ရီသွဲ့သွဲ့အပြောကြောင့် မစန်းဟာ ဒေါသစိတ်ဖြစ်သွားပြီး ကျားသစ်မလေးလို ရဲရင့်သွားတယ်။

"ဖယ်စမ်းပါ"

မစန်းက ကီးထန်ကို တွန်းထိုးလိုက်ရာ ကီးထန်မှာ ခေါင်ရည်အရှိန်ကြောင့် နောက်ကိုလန်ကျသွားပါတော့တယ်။ ရှက်ခြင်း၊ ဒေါသဖြစ်ခြင်းဆိုတဲ့အကြောင်းတရားနှစ်ခု ကီးထန်ရင်ထဲ ပေါင်းဆုံသွားတယ်။ ဘယ်အေးလိမ့်လေမလဲ။ ကီးထန် ချက်ချင်းပြေးထပြီး မစန်းတို့သားအမိရှေ့က ပြေးတားလိုက်ပြန်တယ်။

"မစန်း နင် ငါ့ကိုအဲဒီလို မစိမ်းကားပါနဲ့ဟာ။ မင်းနဲ့ငါ ဆရာဦးကံကောင်းကျောင်းမှာ အတူကျောင်းတက်ခဲ့ကြလို့စတုတ္ထတန်းအတူအောင်ခဲ့ကြတာလေ"

ကီးထန်က ခပ်ပြုံးပြုံးလုပ်ကာ ရှေ့ကိုတိုးလာခဲ့ပြန်တယ်။

"ကီးထန်ရယ် မင်း မနှောင့်ယှက်ပါနဲ့။ မင်းတို့တွေ တစ်ရွာတည်းသား ငယ်သူငယ်ချင်း ကျောင်းတက်ဖော်တွေလေ"

မစန်း အမေ ဒေါ်ဝါကပါ ငြိမ်းအေးစေရေး စကားကမ်းလှမ်းလိုက်တယ်။

"မစန်း မင်း စဉ်းစားကွာ။ တို့ ငယ်ငယ်တုန်းက မိုးတွင်းမှာပဲ ကျောင်းအပြန် ချောင်းရေစီးမှာ မင်းမျောပါသွားလို့ ငါကူခဲ့တာလေ"

"ဟုတ်တယ် အဲဒါ ငါ နင့်ကို ကျေးဇူးတင်တယ်။ ခုက နင်လုပ်နေတာမဟုတ်ဘူးနော်။ အဖေသိရင် ပြဿနာပဲ နင်သွား သွားစမ်းပါ"

မစန်းက တောင်ယံတောလုံး ပွဲတင်ထပ်အောင် အော်ပစ်လိုက်တယ်။ တစ်ဆက်တည်းမှာပဲ ကီးထန်ကို တွန်းထိုးကာ ထွက်လာခဲ့မိတော့တယ်။ ကီးထန် ငူငူကြီးရပ်လျက် ကျန်ရစ်ခဲ့တော့တယ်။

(၂)

ရခိုင်ရိုးမတောင်ခြေမှာ ငြိမ်းငြိမ်းချမ်းချမ်း စီးဆင်းနေတဲ့ ဒါးလက်ချောင်းရဲ့လက်တက် အေးချောင်းကမ်းပါးဘေးက စစ်တူချင်းတိုင်းရင်းသားတွေ နေထိုင်ကြတဲ့ အေးရွာကလေးကတော့ ပွင့်လင်းရာသီနဲ့လိုက်လျောညီထွေစွာပဲ လှပသာယာလွန်းနေတယ်။ ချင်းမျိုးနွယ်စု ၅၃ မျိုးရှိတဲ့အနက် စစ်တူဆိုတာလဲ ချင်းမျိုးနွယ်စုတစ်ခုပေါ့နော်။

ကောက်စေးမုန့်ဆန်းတစ်ထုပ်ရယ်၊ ငရုတ်သီးစိမ်းတစ်ထုပ်ရယ်၊ ချင်းသခွားသီးနှစ်လုံးရယ် သုံးမျိုးစလုံးကို နှီးတောင်းထဲမှာထည့်ပြီး ကီးထန်တောင်ယာကဆင်းလာပြီး ဖုန်းဆိုးကိုဖြတ် တောစပ်ကိုလှည့်လိုက်တာနဲ့ ရွာဦးက ဆရာကြီးဦးကံကောင်းတို့အိမ်ရောက်ပါတော့တယ်။ ကီးထန်ပါလာတဲ့ အသီးအနှံတွေ ဆရာကြီးကို ရိုရိုသေသေ လှမ်းပေးလိုက်ပါတယ်။

"ဘယ်ကရလာတာလဲ ကီးထန်ရယ်"

"ကိုယ့် တောင်ယာခင်းထဲကပဲ ဆရာကြီး"

"ဟုတ်ပြီ ဟုတ်ပြီ ကျန်းမာပါစေ ချမ်းသာပါစေကွယ်"

" ဆရာကြီး ကျွန်တော့်ကိုခေါ်တယ်ပြောလို့ ကျွန်တော် လာခဲ့တာပါ ဆရာကြီး"

ဆရာကြီးဦးကံကောင်း ကီးထန်ကိုတစ်ချက်ကြည့်ပြီး အချိန်အတော်ကြာမှ ခပ်အေးအေးပဲ ပြောလိုက်တယ်။

"ဟုတ်တယ်ကွဲ့။ မင်းကို မစန်း လာတိုင်ထားတယ်လေ"

ဆရာကြီးဦးကံကောင်းစကားကြောင့် ကီးထန် တော်တော်တုန်လှုပ်သွားတယ်။ ဆရာကြီးကို မကြည့်ရဲတော့ဘဲ ကျောင်းဝင်းထဲကတောင် ပြေးထွက်သွားချင်စိတ် တရိပ်ရိပ်တက်လာတယ်။

"မင်း တော်တော်ကြောက်နေလား"

"ကြောက်တယ် ဆရာကြီး"

ကီးထန် မရဲတရဲ ဖြေလိုက်မိတယ်။

"ဘာလို့ ကြောက်တာလဲ။ မင်း ဘာအပြစ်တွေ ကျူးလွန်ထားလို့လဲ"

ကီးထန်ဆီက ဘာစကားသံမှထွက်မလာ ခေါင်းကိုငုံ့ပြီး ငုတ်တုတ်ကြီးထိုင်နေတယ်။

"ဆရာကြီးပြောပြမယ် မောင်ကီးထန်နဲ့ မစန်းတို့ဟာ ဆရာကြီးဆီမှာ သူငယ်တန်းကစပြီး စတုတ္ထတန်းအောင်တဲ့ထိ အတူတူကစား အတူတူသွားပြီး ကျောင်းအတူတူတက်ခဲ့ကြတယ်နော် "

"ဟုတ်ကဲ့ပါ ဆရာကြီး"

"ကျောင်းက ထွက်ကြတော့လဲ မိဘတွေ တောင်ယာမှာ စပါးစိုက်၊ ဟင်းရွက်ခူး၊ မျောက်ဥတူးတဲ့အလုပ်ပဲ အဓိကလုပ်ကြတာပဲမဟုတ်လား"

"ကျွန်တော်ကတော့ ဝါးလဲခုတ်တယ် မုဆိုးလဲ လုပ်ပါတယ် ဆရာကြီး"

" အေး ဟုတ်တယ် ဆရာကြီးသိတယ်၊ ဒါ့ပြင် မောင်ကီးထန်ဟာ ခေါင်ရည်လေးတော်တော်ကြိုက်တယ်လို့ ဆရာကြီးကြားမိတယ်"

"ဒါကတော့ ကျွန်တော်တို့ ချင်းတွေမှာ ရိုးရာပါပဲ ဆရာကြီး"

"မဟုတ်ဘူးကွဲ့။ မောင်ကီးထန်က ရိုးရာထက်လွန်တယ်လို့ သိရတယ်။ ဟိုးတစ်ပတ်ကလဲ တောင်ယာကအပြန် စမ်းချောင်းမှာ မစန်းတို့သားအမိ ရေချိုးနေတုန်း မဖွယ်မရာစကားတွေပြောတယ်လို့ မစန်းငိုပြီး ဆရာကြီးကို လာတိုင်တယ်ကွယ်"

ကီးထန်မှာ ဆရာကြီးကို ကြောက်ကြောက်ရွံ့ရွံ့ တစ်ချက်မော့ကြည့်ပြီး ခေါင်းငုံ့မြဲငုံ့ထားတယ်။

“မောင်ကီးထန်ကို ဆရာကြီးတစ်ခုပြောပြမယ်။ ဆရာကြီးစကားကို နားထောင်ပေးပါ "

"မင်း ခေါင်ရည်အလွန်အကျွံသောက်တာတွေ ဆင်ခြင်ရမယ်။ မင်းမူးတာတွေ၊ ရမ်းတာတွေမရှိတော့ရင် မင်းကိုဆရာကြီး ပညာရေးဌာနမှာ ဝန်ထမ်းခန့်ပေးအောင် တင်ပြလို့ရတယ်”

ဒီတစ်ချီမှာတော့ ကီးထန် ဆရာကြီးကို ဆတ်ခနဲမော့ကြည့်လိုက်တယ်။

"ဘာဝန်ထမ်းလဲ ဆရာကြီးရယ် ကျွန်တော် လုပ်ချင်ပါတယ်"

“အထွေထွေလုပ်သားဆိုတာ ဒီလိုအခြေခံပညာကျောင်းတွေမှာ ခန့်ထားလို့ရတယ်။ အောက်ခြေဝန်ထမ်းပေါ့ကွယ်။ လစဉ်ပုံမှန် ဆရာကြီးတို့လိုပဲ လစာရမယ်"

"ကျွန်တော် လုပ်မယ်ဆရာကြီး။ ကျွန်တော် အလုပ်ကောင်းကောင်းလုပ်ပါမယ်။ ခေါင်ရည်လဲ မသောက်တော့ပါဘူး ဆရာကြီး"

" အေး ဟုတ်ပြီ။ မင်းအပြောနဲ့ညီ၊ မညီ ဆရာကြီး ခြောက်လစောင့်ကြည့်မယ်"

“ဟုတ်ကဲ့ပါ ဆရာကြီး ကျွန်တော် ကြိုးစားမယ်။ ကျွန်တော် ဝန်ထမ်းလုပ်ချင်တယ် ကူညီပါနော် ဆရာကြီး"

ကီးထန်ရဲ့ရယူလိုမှု၊ တာဝန်ထမ်းဆောင်လိုမှု ရင်တွင်းခံစားချက်နှလုံးသားမှာ အသံတိတ်မြည်ဟည်းနေတယ်။

"ကျန်းမာပါစေ ချမ်းသာပါစေကွယ် သာဓု. . . သာဓု . . . သာဓု"

ကီးထန်ရှိခိုးဦးချအပြီးမှာ ဆရာကြီးဦးကံကောင်းရဲ့ဆုပေးသံ၊ သာဓုခေါ်သံတို့ ကြည်မြပီသစွာ ထွက်ပေါ်နေပါတော့တယ်။

ရခိုင်ရိုးမတောင်ခြေရှိ စစ်တူချင်းတွေမှာ ရိုးရာနတ်ကိုကိုးကွယ်လေ့ရှိကြတယ်။ ကျောင်းဆရာဦးကံကောင်း အေးရွာကိုရောက်ကတည်းက ချင်းကလေးများကို ဗုဒ္ဓဘာသာရဲ့သဘောသဘာဝကို ပြောပြပြီး အခြေခံဗုဒ္ဓဘာသာရဲ့လိုက်နာကျင့်သုံးရတဲ့အကြောင်းအရာတွေကို ဘာသာရပ်တစ်ခုအဖြစ်ပို့ချတယ်။ ကီးထန်တို့လို စတုတ္ထတန်းအောင်အဆင့်ဆိုရင် တော်တော်ပြောတတ်၊ ကျင့်ကြံတတ်နေကြပေပြီ။ သရဏဂုံသုံးပါး၊ ငါးပါးသီလ၊ အနန္တောအနန္တငါးပါးဆိုတာ နားလည်သဘောပေါက်နေကြပြီး ဘာသာတရားရဲ့အဆုံးအမကိုလဲ ခံယူတတ်နေကြပေပြီ။

(၃)

တောင်ရိုးနေ ချင်းမျိုးနွယ်စုတွေမှာ ထူးခြားတဲ့ ဓလေ့တစ်ခုရှိတယ်။ သူတို့တွေ သားရဲတိရစ္ဆာန် အန္တရာယ်တွေ ကင်းဝေးအောင် ခြေတံရှည်အိမ်လေးတွေဆောက်လုပ်နေထိုင်ကြတယ်။ အိမ်ခန်းဖွဲ့လေ့မရှိဘူး။ စပါးတွေ၊ ဆန်တွေထည့်တဲ့ ပုတ်တို့၊ ရိုင်ပတ်တို့နဲ့ပဲ ဆီးကာပြီး အပြင်ခန်း၊ အတွင်းခန်းကို ကာခြားထားလေ့ရှိတတ်ကြတယ်။ အိမ်တံခါးရယ်လို့လဲ တင်းတင်းကျပ်ကျပ် ခိုင်ခိုင်ခံ့ခံ့ ကာရံထားလေ့မရှိကြဘူး။

သမီးတွေအပျိုဖော်ဝင်ရင် သမီးမိန်းမပျိုကို အဲဒီအိမ်ပေါက်ဝလှေကားရင်းမှာပဲ ထားသိပ်လေ့ရှိတတ်ကြတယ်။ မိဘတွေကတော့ အိမ်ရဲ့အတွင်းပိုင်းမှာ အိပ်လေ့ရှိတတ်ကြတယ်။ ညအချိန် လူပျိုအမျိုးသားတွေ ချစ်စကားကြိုက်စကားလာပြောတဲ့အခါ လှေကားပေါ်ကတက်ပြီး အိမ်ပေါက်ဝမှာအိပ်နေတဲ့မိန်းမပျိုနဲ့အနီးကပ်ထိုင် ချစ်စကားပြောခွင့်ရကြတယ်။ လှေကားတွေကတော့ နှစ်ထွာခွဲ၊ သုံးထွာလောက် လုံးပတ်ရှိတဲ့သစ်လုံးတွေကို ဓားနဲ့အထစ်တွေခုတ်ထစ်ပြီး ထောင်ထားတဲ့ သစ်လုံးလှေကားတွေပဲဖြစ်ပါတယ်။ အိမ်ရှင်တွေ တောင်ယာခင်းတွေထွက်ခွာတဲ့အခါ တိရစ္ဆာန်တွေအိမ်ပေါ် တက်မရအောင်လို့ အဲဒီလှေကားလုံးကို မှောက်ပြီးထားခဲ့ကြတယ်။

ဆက်လက်ဖော်ပြပါမည်။

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးခေါင်းပွပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့



**ညောင်တုန်း မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလအတွင်း ငါးခေါင်းပွ ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်းက ငါးခေါင်းပွ ပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ငါးခေါင်းပွ ပိဿာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသမှ ငါးခေါင်းပွများအပါအဝင် ဒေသရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ဒီဘက်က ငါးခေါင်းပွတွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေတာပါ။ ဧပြီလ ပထမပတ်ကစပြီး ငါးခေါင်းပွတွေ တင်ပို့အားကောင်းလာတာဖြစ်ပါတယ်။ ဒေသတွင်းမှာကို ငါးခေါင်းပွက ဝယ်ယူမှုများနေတာပါ။ မတ်လကထက် ဧပြီလအတွင်း ပိဿာချိန် ၁၉၀၀၀ ထိ ပိုမိုတင်ပို့ ရောင်းချခဲ့ရပါတယ်။ လက်ရှိ ငါးခေါင်းပွတွေ ဝယ်ယူမှုအားကောင်းလာသလို ဈေးလဲမဆိုးဘူးလို့ ပြောရပါတယ်။ ဒါကြောင့် ငါးလုပ်ငန်းရဲ့နယ်ပယ်အသီးသီးကသူတွေ အဆင်ပြေနေပါတယ်" ဟု ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ထွက်သည့် ငါးခေါင်းပွများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဒေသဈေးကွက်များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးများ နေ့စဉ်တင်ပို့ရောင်းချလာရသည့်အတွက် ငါးမွေးမြူရေးလုပ်ငန်းရှင်များ၊ ရေလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင် အခွင့်အလမ်းများ အဆင်ပြေကောင်းမွန်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုးဝသန်

\- ထက်အာကာ တိမ်ပြိုမည်း
ထယ်ရေးလည်း ကြိုးစားပြင်၊
သီးနှံတွေ ဖြစ်ထွန်းရေးမို့
တွေးဆမြော်မြင်၊
နွားနှင့်ဖက် လုပ်ငန်းခွင်
ပင်ပန်းမထင် မမောဘူး၊
ဝမ်းစာကို ဖွဲ့သတ္တိဖြင့်
ပီတိပေါင်းကူး။

\- မိုးဝသန် မျှော်လင့်ချက်ဖြင့်
ရည်ရွယ်ဆက် အလုပ်စီမံ၊
တောင်သူတွေ စိတ်နှလုံး
ပျော်ပြုံးအားမာန်၊
စုပေါင်းပြီး ဖေးကူအမှန်
အောင်မြင်ရန် ကြိုးစား၊
စပါးတွေ အားသန်ရေးကို
တွေးလျက်လှုပ်ရှား။

\- တောင်သူတွေ အထူးကြိုးစား
နိုးကြားလျက် ရှန်းကန်ပို၊
မိုးဝသန် ရွာသွန်းဖျန်းတော့
ရွှင်လန်းပျော်ကြို၊
လယ်ကွင်းထဲ ရှင်သန်စို
စိတ်လန်းပျို ပျိုးပင်ယိမ်း၊
ပီတိလျှံ အပြုံးပန်းတွေနဲ့
လန်းဆန်းအေးငြိမ်း။ ။

**ရွှေမြိုင်သူ(မြန်မာစာ)**

# မင်းကင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၀၂၈ ဧကစိုက်ပျိုးမည်

**မင်းကင်း မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၀၂၈ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မင်းကင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၃၀၂၈ ဧကစိုက်ပျိုးရန် လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်သီးနှံစိုက်ပျိုးမှုကို ယခုနှစ် မေလ တတိယပတ်မှ စတင် စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မင်းကင်းမြို့နယ်အတွင်း ဟင်းသီးဟင်းရွက်ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမယ်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေစိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားပါမယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။



ယခင်နှစ်က ဂေါ်ဖီထုပ်စိုက်ခင်းကို တွေ့ရစဉ်။

မင်းကင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့်ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန်၊ တောင်သူများ အနေဖြင့် ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရန် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

(၂၀၆)

# စလင်းမြို့နယ် ပုလဲကုန်းကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း မေ ၁၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်ရင်းကုန်းကျေးရွာအုပ်စု ပုလဲကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို မေ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များနှင့်အတူ ပုလဲကုန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက VRFP စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ပုလဲကုန်းကျေးရွာတွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ကြသော စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၁၂၀ ကို ရန်ပုံငွေကျပ် ၃၂ ဒသမ ၇ သန်းထုတ်ချေးပေးထားကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းသန်းစိုး**

# တောင်ကြီးမြို့နယ် ပန့်ပုန်းခေတ်မီစံပြကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်ကြီး မေ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန့်ပုန်းခေတ်မီစံပြကျေးရွာ၌ ဒုတိယအကြိမ် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သောအရင်းအနှီးရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် RBF စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ပန့်ပုန်းခေတ်မီစံပြကျေးရွာတွင် အစုအဖွဲ့စနစ်ဖြင့် ပြောင်းစိုက်ပျိုးမည့် အလင်းရောင်အဖွဲ့၊ ရွှေပီးအဖွဲ့၊ ငွေပီးအဖွဲ့နှင့် ကြာညိုအဖွဲ့ စုစုပေါင်းအစုအဖွဲ့ လေးဖွဲ့ကို တစ်ဖွဲ့လျှင် RBF စီမံကိန်းရန်ပုံငွေကျပ် ၇၅ သိန်းစီ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# ထာဝရငြိမ်းချမ်းရေးအထောက်အကူပြု ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး

ငြိမ်းချမ်းရေးဆိုသောစကားရပ်သည် လူတိုင်း၏ စိတ်နှလုံးကို ချမ်းမြေ့စေသည်မှာအမှန်။ ထိုနည်းတူစွာ တည်ငြိမ်အေးချမ်းမှုရှိသော ပတ်ဝန်းကျင်တွင်လည်း တရားဥပဒေစိုးမိုးပြီး ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်လျက်ရှိသော ကမ္ဘာ့နိုင်ငံအားလုံးသည် ငြိမ်းချမ်းရေးကို ခိုင်မာအောင်တည်ဆောက်ထားပြီးဖြစ်သည်။ မြန်မာနိုင်ငံကိုလည်း ငြိမ်းချမ်း၊ စည်ပင်၊ သာယာဝပြော တိုးတက်သောပြည်ထောင်စုကြီးအဖြစ်ထူထောင်နိုင်ရန်အတွက် အစိုးရအဆက်ဆက်၊ တပ်မတော်နှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ တာဝန်ရှိသူများသည် ထာဝရငြိမ်းချမ်းရေးရရှိအောင် အပူတပြင်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။

**ကူညီကယ်ရေးလုပ်ငန်းများလုပ်ဆောင်**

နိုင်ငံတော်အစိုးရအနေဖြင့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် နိုင်ငံတကာမှလည်း လူသားချင်းစာနာထောက်ထားမှုအကူအညီများနှင့်ဆေးဝါးများကိုပေးပို့လျက်ရှိသဖြင့် နိုင်ငံတော်နှင့်ပြည်သူများက ကျေးဇူးအထူးတင်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံပေါင်း၂၆ နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများ ပံ့ပိုးပေးခြင်းအပြင် နိုင်ငံ ၁၃ နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ ၁၆ ဖွဲ့သည် ပြည်တွင်းမှအဖွဲ့အစည်းများနှင့်ပူးပေါင်းကာရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ချက်ချင်းလုပ်ဆောင်ခဲ့သဖြင့် အသက်ရှင်ကျန်ရစ်သူ ၆၅၃ ဦးနှင့် သေဆုံးသူ ၇၇၈ ဦးတို့ကို ရှာဖွေတွေ့ရှိခဲ့သည်။ မေ ၈ ရက်ထိ သေဆုံးသူ ၃၇၉၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၈၆ ဦးရှိသည်။

ဆိုရလျှင် နိုင်ငံအတွင်းဖြစ်ပေါ်ခဲ့သည့်သဘာဝဘေးအန္တရာယ်သည် အင်အားပြင်းထန်ပြီး အပျက်အစီးကြီးမားခြင်းကြောင့် ထိခိုက်ခံစားခဲ့ရသည့်ပြည်သူလူထုကို အလျင်အမြန်ဆုံးကူညီကယ်ဆယ်နိုင်ရန် ပြည်တွင်းနှင့်ပြည်ပနိုင်ငံ၊ အဖွဲ့အစည်းအားလုံးကိုဖိတ်ခေါ်ခဲ့ရသည်။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း ပြည်ပမှရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ငလျင်ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ပံ့ပိုးလှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များကလည်း ငွေနှင့်အလှူပစ္စည်းများ ဆက်လက်ပံ့ပိုးလှူဒါန်းပေးလျက်ရှိသည်။ ထိုသို့လှူဒါန်းမှုများအပေါ် သာဓုအကြိမ်ကြိမ်ခေါ်မိသည်။ ထို့ပြင် မိုးမကျမီ ငလျင်ဒဏ်သင့်ပြည်သူများ လုံခြုံသောအမိုးအကာအောက်သို့ရောက်ရှိမည်ဆိုလျှင် ပို၍ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။ အထူးသဖြင့် ကျောင်းဖွင့်ရာသီတွင် ငလျင်ဒဏ်သင့်ကလေးအားလုံး စာသင်ခန်းတွင်းရောက်ရှိရေးဝိုင်းဝန်းကူညီ ပံ့ပိုးသွားရန်လည်း လိုအပ်သည်။

**ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး**

ထို့ကြောင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးသည် ငလျင်ဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေး၊ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်စေရန်၊ နိုင်ငံတော်နှင့်နိုင်ငံသားအားလုံး၏အကျိုးစီးပွားကို ပိုမိုလျင်မြန်စွာ ဖော်ဆောင်နိုင်ရန်၊ ရေရှည်တည်တံ့ပြီး စစ်မှန်သည့် ငြိမ်းချမ်းရေးကိုဖော်ဆောင်နိုင်စေရန်နှင့် တည်ငြိမ်အေးချမ်းမှုကိုရှေးရှုလျက် တပ်မတော်အနေဖြင့် ၂၀၂၅ ခုနှစ် ဧပြီ ၂ ရက်မှ ၂၂ ရက်ထိ ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထုတ်ပြန်ခဲ့သည်။ ထို့ပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်နိုင်စေရန် ဧပြီ ၂၃ ရက်မှ ၃၀ ရက်ထိ ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထပ်မံတိုးမြှင့်ထုတ်ပြန်သတ်မှတ်ခဲ့သည်။ အလားတူ မေ ၆ ရက်မှ ၃၁ ရက်ထိ ကာလကိုလည်း ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ကာလအဖြစ် ထပ်မံတိုးမြှင့်ထုတ်ပြန်ခဲ့သည်။

ထိုသို့ယာယီပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရခြင်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုတို့တွင် ပမာဏကြီးမားစွာထိခိုက်ပျက်စီးစေခဲ့သော အင်အားအလွန်ပြင်းထန်သည့် မန္တလေးမြေငလျင်ကြီးလှုပ်ခတ်မှုကြောင့်ထိခိုက်ခံစားနေရသည့် နိုင်ငံတစ်ဝန်းရှိ ပြည်သူလူထုအား စာနာထောက်ထားနားလည်သောအားဖြင့်လည်းကောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်စေရန်အတွက်လည်းကောင်း၊ တိုင်းပြည်အတွင်း တည်ငြိမ်အေးချမ်းမှုဖော်ဆောင်နိုင်ရန်အတွက်လည်းကောင်း ရည်ရွယ်လိုခြင်းပင်ဖြစ်သည်။

**❖ ထိုသို့ယာယီပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရခြင်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုတို့တွင် ပမာဏကြီးမားစွာထိခိုက်ပျက်စီးစေခဲ့သော အင်အားအလွန်ပြင်းထန်သည့် မန္တလေးမြေငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ခံစားနေရသည့် နိုင်ငံတစ်ဝန်းရှိ ပြည်သူလူထုအား စာနာထောက်ထားနားလည်သောအားဖြင့်လည်းကောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်စေရန်အတွက်လည်းကောင်း၊ တိုင်းပြည်အတွင်း တည်ငြိမ်အေးချမ်းမှုဖော်ဆောင်နိုင်ရန်အတွက်လည်းကောင်း ရည်ရွယ်လိုခြင်းပင်ဖြစ်သည်။ ❖**

ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ထုတ်ပြန်ကြေညာထားသည့်ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အခြားလက်နက်ကိုင်အဖွဲ့များအနေဖြင့် အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများကို နှောင့်ယှက်တိုက်ခိုက်ခြင်းနှင့် ထိခိုက်ပျက်စီးစေခြင်း၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်ပျက်စီးစေခြင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏တပ်စခန်းများကို တိုက်ခိုက်ခြင်း၊ တပ်ဌာနချုပ်များကို နှောင့်ယှက်တိုက်ခိုက်ခြင်းများ၊ ငြိမ်းချမ်းရေးကို ထိခိုက်ပျက်စီးစေမည့်အင်အားစုဆောင်းခြင်း၊ ပြင်ဆင်စုဖွဲ့ခြင်း၊ နယ်မြေချဲ့ထွင်ခြင်းများကိုမပြုရန် လိုအပ်သည်။ ထိုကဲ့သို့ ဆောင်ရွက်လာပါက တပ်မတော်အနေဖြင့် ပြည်သူလူထုကိုကာကွယ်သောအားဖြင့် လိုအပ်သည့် အရေးယူတုံ့ပြန်မှုများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ကြောင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားသည့်အပေါ် တစ်ဖက်လက်နက်ကိုင်အဖွဲ့များကလည်း အလေးအနက်ရှိကြရန်၊ ပြည်သူလူထုခံစားနေရသည့်အပေါ် စာနာထောက်ထားနားလည်မှုရှိရန်၊ ကူညီကယ်ဆယ်ထောက်ပံ့မှု၊ ပြန်လည်ထူထောင်မှုလုပ်ငန်းများ ဆောင်ရွက်မှုအပေါ်အနှောင့်အယှက်၊ အဖျက်အမှောင့်တို့ မပြုလုပ်ကြရန်လိုအပ်သည်။ အထူးသဖြင့် နိုင်ငံတစ်ဝန်း ပစ်ခတ်တိုက်ခိုက်သံတို့ တိတ်ဆိတ် ကင်းမဲ့စေရန်အတွက်မှာ တစ်ဖက်လက်နက်ကိုင်အဖွဲ့အစည်းများ အနေဖြင့်လည်း အလေးဂရုပြုကြရန်လိုသည်။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားခြင်းအပေါ် အခွင့်ကောင်းအဖြစ်အသုံးချ၍ လာရောက်ပစ်ခတ်တိုက်ခိုက်မှုများ၊ စစ်ရေးလှုပ်ရှားမှုများမပြုလုပ်ကြရန် လိုအပ်သည်။

**NCA လက်မှတ်ရေးထိုးခြင်း**

စင်စစ်အားဖြင့် မြန်မာနိုင်ငံတွင်လည်း ခေတ်အဆက်ဆက်၌ တာဝန်ထမ်းဆောင်ခဲ့သောအစိုးရအသီးသီးနှင့် တပ်မတော်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ စဉ်ဆက်မပြတ်ပြုလုပ်ခဲ့ကြသည်။ အထူးသဖြင့် သမ္မတဦးသိန်းစိန်အစိုးရလက်ထက်တွင် သက်ဆိုင်သူများကြား အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ စိတ်ရှည်သည်းခံခွင့်လွှတ်မှုတို့ကို အခြေခံလျက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြုလုပ်ခဲ့ခြင်းကြောင့် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့တို့ကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(Nationwide Ceasefire Agreement-NCA)ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့ပေသည်။ ထာဝရငြိမ်းချမ်းရေးအတွက် သမိုင်းစာမျက်နှာသစ်ဖွင့်လှစ်နိုင်ခဲ့သည်။

ထို့ပြင် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းရုံးတို့ကလည်း၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် NCA ၌ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည်။ ထို့ကြောင့် လက်ရှိအချိန်တွင် NCA ၌ ပါဝင်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ထိရှိလာပြီဖြစ်သည်။ အလားတူ ကျန်ရှိနေသော အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကလည်း NCA ၌ပါဝင်လက်မှတ်ရေးထိုးနိုင်ကြမည်ဆိုလျှင် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးအတွက် အတိုင်းထက်အလွန်ပင်ဖြစ်သည်။

**ထာဝရငြိမ်းချမ်းရေးအထောက်အကူပြု ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး**

လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံတကာမှလည်း ကယ်ဆယ်ရေးအဖွဲ့များ၊ ဆေးအဖွဲ့များစေလွှတ်၍ လိုအပ်သည်များကူညီဆောင်ရွက်ပေးခြင်း၊ ထောက်ပံ့ရေးပစ္စည်းများပေးပို့ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ထိခိုက်ပျက်စီးခဲ့ရသည့် အစိုးရရုံးဌာနများ၊ ပြည်သူများ၏အိုးအိမ်နှင့်လမ်းပန်းဆက်သွယ်မှုလုပ်ငန်းများ ပြန်လည်တည်ဆောက်ခြင်းနှင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့်ကုန်ထုတ်လုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းတို့ကို အားသွန်ခွန်စိုက်ဆောင်ရွက်သွားရမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ငလျင်ဒဏ်သင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်စေရန်၊ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏အကျိုးစီးပွားကို ပိုမိုလျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရန်၊ ရေရှည်တည်တံ့ပြီး စစ်မှန်သည့်ငြိမ်းချမ်းရေးကိုဖော်ဆောင်နိုင်စေရန်နှင့် တည်ငြိမ်အေးချမ်းမှုကို ရှေးရှုလျက် တပ်မတော်အနေဖြင့် ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလကို ထပ်မံတိုးမြှင့်ထုတ်ပြန်ထားသည်။

စင်စစ်အားဖြင့်ငြိမ်းချမ်းရေးသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မရေသောက်မြစ်ပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံအတွက် အသက်တမျှအရေးပါသော ထိုငြိမ်းချမ်းရေးအား ရယူတည်ဆောက်နိုင်ရန်သည် ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုများကြား သံသယများဖယ်ရှား၍ယုံကြည်မှုကိုခိုင်မာအောင် တည်ဆောက်သွားရန်လိုအပ်သည်။ ယုံကြည်မှုကို ဦးစွာတည်ဆောက်ပြီးမှသာ ထာဝရငြိမ်းချမ်းရေးကိုတည်ဆောက်နိုင်မည်ဖြစ်သည်။

အတိတ်ကမည်သို့ပင်ဖြစ်ခဲ့စေကာမူ လက်ရှိပစ္စုပ္ပန်တွင် တိုင်းပြည်ငြိမ်းချမ်းရေးအတွက် ရိုးသားပွင့်လင်းသည့် စိတ်ရင်းစေတနာမှန်ဖြင့် ဆွေးနွေးအဖြေရှာသွားသင့်ပေသည်။ ထိုသို့ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် ဒို့တာဝန်အရေးသုံးပါးကိုထိခိုက်စေမည့်အချက်များကို အထူးသတိထား ရှောင်ကြဉ်သွားရန်လည်းလိုအပ်သည်။ ပြည်သူအားလုံး၏ တူညီသောရည်မှန်းချက်သည် ထာဝရငြိမ်းချမ်းရေးရရှိရေးသာဖြစ်သောကြောင့် နှစ်ဖက်အဖွဲ့အစည်းများကြား ရိုးသားပွင့်လင်းစွာဆွေးနွေးသွားမည်ဆိုလျှင် ထာဝရငြိမ်းချမ်းရေးအတွက် သဘောတူညီချက်များ ရရှိလာမည်မှာ ဧကန်ပင်ဖြစ်သည်ဟုဆိုချင်သည်။

ထို့ကြောင့် ငလျင်ကြီးလှုပ်ခတ်ပြီးနောက်ပိုင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရေးအပြင် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြား စဉ်ဆက်မပြတ် ထိတွေ့ဆွေးနွေးမှုများ လုပ်ဆောင်သွားသင့်သည်။

ဆိုရလျှင် လက်နက်ကိုင်းလမ်းစဉ်သည်ဒေသခံပြည်သူများကိုသာ အတိဒုက္ခရောက်စေမည်ဖြစ်သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံရေးနည်းလမ်းဖြင့်သာ ဆွေးနွေးညှိနှိုင်းအဖြေရှာသွားသင့်သည်။ ထို့ကြောင့် ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလ တိုးမြှင့်ထုတ်ပြန်ခြင်းသည် နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းသာယာရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေးတို့အတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ခိုင်မာစွာယုံကြည်မိပါတော့သည်။

**ကိုးကား**

- နေ့စဉ်ထုတ်သတင်းစာများ။
- https://www.cfr.org/backgrounder/indonesia-aceh-peace-agreement

မောင်သောင်းဝင်း(တမန်ဟောင်း)

# မြောင်မြို့နယ်တွင် ဆောင်းသီးနှံမတ်ပဲ ရာနှုန်းပြည့်ကေရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၁၇ ဒသမ ၉၄ တင်း ထွက်ရှိ



**စစ်ကိုင်း မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်မတ်ပဲ ရာနှုန်းပြည့်ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၂၅၀၀ ကေစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ကေ ရိတ်သိမ်းပြီးစီးပြီး တစ်ကေလျှင် ၁၇ ဒသမ ၉၄ တင်း ထွက်ရှိကြောင်း သိရသည်။

"မြောင်မြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ မတ်ပဲ ၁၂၅၀၀ ကေစိုက်ပျိုးခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့မတ်ပဲခင်းတွေ လက်ရှိ အချိန်မှာတော့ ရာနှုန်းပြည့်ကေ ရိတ်သိမ်းပြီးစီးနေပြီ ဖြစ်ပါတယ်။ မတ်ပဲစိုက် တောင်သူတွေကိုလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကို မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် မတ်ပဲစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မတ်ပဲ အထွက်နှုန်း ကောင်းမွန်စေရန် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ်၌ ကန်အောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**ဝမ်းတွင်း မေ ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့်မိသားစုဝင်ငွေ တိုးပွားလာစေရန်ရည်ရွယ်၍ ပင်တလဲကျေးရွာအုပ်စု ကန်အောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၂ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းဇယားများပြည့်စုံမှုရှိ၊ မရှိစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကန်အောက်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၁၀ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၀၉ ဦးကို ငွေကျပ် ၃၉ ဒသမ ၈၅ သန်း၊ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် လေးသန်းနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ကိုးသန်းစုစုပေါင်း အသင်းသား၊အသင်းသူ ၂၆၂ ဦးကို ရန်ပုံငွေကျပ် ၅၂ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးခြောက်အစုံပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးခြောက်အစုံပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောပြ၍ သိရသည်။



လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးခြောက်အစုံပိဿာချိန် ၅၅၀၀၀ ထိသာ ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ငါးခြောက်အစုံပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသကထွက်တဲ့ ငါးခြောက်အစုံကို စနစ်တကျ ထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာပါ။ ပြီးခဲ့တဲ့တစ်လအတွင်း ငါးခြောက်အစုံပိဿာချိန် ၇၅၀၀၀ ထိ ရောင်းချခဲ့ရပါတယ်။ ဒေသထွက် ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေလို့ ရောင်းအားကောင်းနေတာဖြစ်ပါတယ်။ ငါးခြောက်တွေကတော့ ပြည်တွင်းမှာကို စားသုံးသူများလို့ အဝယ်လိုက်နေတာဖြစ်ပါတယ်"ဟု ဒေါ်မြင့်မြင့်ဝင်းက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချခဲ့သည့် ငါးခြောက်အမျိုးအစားများသည် ငါးကွမ်းရှပ်(ငါးညို)ခြောက်၊ ငါးလိပ်ကျောက်ခြောက်၊ ငါးပြေမခြောက်၊ ငါးဖောင်ရိုးခြောက်၊ ငါးတံခွန်ခြောက်၊ အာပဲ့ခြောက် စသည့်ငါးခြောက်များကို အများဆုံး တင်ပို့ရောင်းချနေရကြောင်း၊ အဆိုပါတင်ပို့ရောင်းချခဲ့သည့် ငါးခြောက်ဈေးနှုန်းသည် မေ ၁ ရက်မှ မေ ၉ ရက်ထိ ငါးဖောင်ရိုးခြောက်တစ်ပိဿာလျှင် ငွေကျပ် ၂၈၅၀၀၊ ငါးကွမ်းရှပ်(ငါးညို) တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀၊ ငါးပြေမခြောက် တစ်ပိဿာလျှင် ငွေကျပ် ၅၄၀၀၀၊ ငါးလိပ်ကျောက်ခြောက်တစ်ပိဿာလျှင် ငွေကျပ် ၄၅၅၀၀၊ ငါးတံခွန်ခြောက် တစ်ပိဿာလျှင်ငွေကျပ် ၃၄၅၀၀၊ အာပဲ့ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀၀ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မင်းလှမြို့နယ် ချင်းကုန်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ မေ ၁၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချင်းကုန်ကျေးရွာ၌ ဆဋ္ဌမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက ချင်းကုန်ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) အကောင်အထည်ဖော်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၄၃ သန်းကို ချင်းကုန် ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာကော်မတီဝင်များက ချင်းကုန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၃၇ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ သုံးဦးကိုချေးငွေကျပ် ၁ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၇ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၃ ဒသမ ၅ သန်း၊ စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၃ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေကျပ် ၄၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ကိုညီ**

# ကော့ကရိတ်မြို့နယ် နောင်ဟင်ကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကော့ကရိတ် မေ ၁၀**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင်ဟင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆာဒေါက်ဖော့နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက VRFP စီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံ၍ နောင်ဟင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားသည်။

အဆိုပါ နောင်ဟင်ကျေးရွာ၌ VRFP စီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၁ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၃၅ ဒသမ ၇ သန်း ထုတ်ချေးထားကြောင်း သိရသည်။

**ကိုသက်**

# ဒရုန်းခွင်းနည်းပညာနှင့်စွမ်းရည်မြှင့်တင်ရန် အမေရိကန်၏ကြိုးပမ်းမှု

နေရှား(သုတေသန)

မျက်မှောက်ခေတ်မောင်းသူမဲ့စနစ်များ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်မှုနှင့် ပြန့်ပွားမှုသည် လက်ရှိဖြစ်ပေါ်လျက်ရှိသည့် ပဋိပက္ခ၏ပုံစံကိုပြောင်းလဲစေသည်။ ဤစိန်ခေါ်မှုကိုဖြေရှင်းရန် ကာကွယ်ရေးဝန်ကြီးဌာနသည် စစ်ဆေးမှုနယ်ပယ်များ၊ သွင်ပြင်လက္ခဏာများ၊ လုပ်ငန်းစဉ်များနှင့် အချိန်ကာလအပိုင်းအခြားများကို ရန်သူများအသုံးပြုမှုမှတန်ပြန်ရန် လုံခြုံမှုအဆင့်သတ်မှတ်ထားသည့်မဟာဗျူဟာတစ်ရပ်ကို သမ္မတဂျိုးဘိုင်ဒင် လက်ထက်က ရေးဆွဲခဲ့သည်။ အဆိုပါမဟာဗျူဟာပေါ်ပေါက်နေသည့် ဒရုန်းများ အန္တရာယ်၌ ဝန်းကျင်ကိုဖော်ပြခဲ့သည်။ ယခုအခါ သမ္မတဒေါ်နယ်ထရန့်လက်ထက်၌ ဒရုန်းခွင်းနည်းပညာနှင့် စွမ်းရည်များ မြှင့်တင်ရေးကို လုပ်ဆောင်လာသည်။

**မဟာဗျူဟာမြောက်ပတ်ဝန်းကျင်**

စီးပွားဖြစ်ဆန်းသစ်တီထွင်မှုနှင့် ဉာဏ်ရည်တု (AI)၊ ကိုယ်တိုင်ဆုံးဖြတ်လုပ်ဆောင်ခွင့်နှင့် ကွန်ရက်ချိတ်ဆက်မှုနည်းပညာများ၏ ခေတ်မီဆန်းပြားမှုတိုးပွားလာခြင်းကြောင့် မောင်းသူမဲ့လေယာဉ်စနစ်များသည်အရွယ်အစား၊ စွမ်းဆောင်ရည်အပြင် အသုံးပြုသူများကပါ ၎င်းတို့၏ရည်မှန်းချက်များကို အောင်မြင်စေရန် မည်သို့လုပ်ဆောင်ရမည်ကို အခြေခံကျကျပြောင်းလဲ လျက်ရှိသည်။

အရှေ့အလယ်ပိုင်းမှ ယူကရိန်းထိ အမေရိကန်ပြည်မကြီးအပါအဝင် ကမ္ဘာတစ်ဝန်းရှိ မောင်းသူမဲ့စနစ်များသည် နည်းဗျူဟာများ၊ နည်းစနစ်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်ပုံဖော်လျက်ရှိသည်။ ထူထောင်ထားသော လုပ်ငန်းဆောင်ရွက်မှုအခြေခံမှုများကို စိန်ခေါ်ခြင်း၊ စစ်ဘက်ဆိုင်ရာဆန်းသစ်တီထွင်မှုသံသရာကို ချုပ်ငြိမ်းစေခြင်းတို့ကို ဦးတည်စေသည်။ မောင်းသူမဲ့လေယာဉ်၊ တပ်ဖွဲ့များ၊ တပ်စခန်းများနှင့် စောင့်ကြည့်မှုစနစ်များကိုထည့်တွက်ခြင်းမရှိဘဲ ပိုမိုလွယ်ကူစွာစောင့်ကြည့်ရန်၊ နှောင့်ယှက်ရန် သို့မဟုတ် တိုက်ခိုက်ရန်လုပ်ဆောင်နိုင်သည်။ မဟာဗျူဟာအဆင့်တွင် မောင်းသူမဲ့လေယာဉ်စနစ်များသည် ကုန်ကျစရိတ်များကို လျှော့ချပေးနိုင်စွမ်းရှိသည်။ ဤစနစ်များသည် ကုန်ကျစရိတ်သက်သာပြီး တိကျသည့်တိုက်ခိုက်မှုကို လုပ်ဆောင်နိုင်စေသည်။ ရေရှည်တွင် မောင်းသူမဲ့လေယာဉ်စနစ်များသည် ကွန်ရက်ချိတ်ဆက်နိုင်သည်ထိ စွမ်းဆောင်နိုင်သည်။ တစ်အုပ်တစ်မစုဖွဲ့လုပ်ဆောင်လာပါကကြီးမားသည့် ဝန်ထုပ်ဝန်ပိုးဖြစ်စေမည်ဖြစ်သည်။

**❖ မောင်းသူမဲ့စနစ်များကို တန်ပြန်ခြင်းအတွက် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏ မဟာဗျူဟာအသစ်သည် ဤစိန်ခေါ်မှုကို ရင်ဆိုင်ရန် ပေါင်းစပ်လုပ်ဆောင်နိုင်မှု၊ လျင်မြန်သောဝယ်ယူရေး လုပ်ငန်းစဉ်များနှင့်အရွယ်အစားအလိုက် ဖြေရှင်းချက်များကိုအလေး ပေးသည့် ပေါင်းစပ်မှုဘောင်တစ်ခုကိုပံ့ပိုးပေးသည်။ ဒရုန်းများသည် လုံခြုံရေးပတ်ဝန်းကျင်ကိုပြောင်းလဲလျက်ရှိသည်။ ထောက်လှမ်းမှုမှ ကာမီကာဇီတိုက်ခိုက်မှုများထိ စစ်ပွဲများတွင်ဒရုန်းများကို အဓိက အသုံးပြုလျက်ရှိသည်။ အမေရိကန်တို့၏ မဟာဗျူဟာသည် ဤစိန်ခေါ်မှုကိုအရှိန်အဟုန်နှင့် စည်းလုံးညီညွတ်စွာ ဖြည့်ဆည်းနိုင်ရန်ဖြစ်သည်။ ❖**

**အမေရိကန်၏မဟာဗျူဟာနည်းလမ်းများ**

ရေတိုရေရှည်ကာလတွင်မောင်းသူမဲ့လေယာဉ်စနစ်များ၏အကျိုးသက်ရောက်မှုများကို လျှော့ပါးသက်သာစေရန်အတွက် မဟာဗျူဟာဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ရမည့် တိကျသော ဦးတည်ချက်တစ်ခုစီကို ပံ့ပိုးပေးသည်။ ၎င်းက မဟာဗျူဟာမြောက်နည်းလမ်းငါးခုကို ရှင်းလင်းဖော်ပြထားသည်။ ပထမအချက်မှာ ကာကွယ်ရေးဝန်ကြီးဌာနသည် မောင်းသူမဲ့စနစ်များ၏ခြိမ်းခြောက်မှုများကို ပိုမိုနားလည်သဘောပေါက်လာစေရန်နှင့် ဤခြိမ်းခြောက်မှုများကို ရှာဖွေဖော်ထုတ်ရန်ဖြစ်သည်။ ခြေရာခံခြင်းနှင့်သွင်ပြင်လက္ခဏာရပ်များကို ဖော်ထုတ်နိုင်စေခြင်းဖြင့် စစ်ဆင်ရေးတပ်ဖွဲ့များ၏ စွမ်းရည်ကိုမြှင့်တင်ပေးခြင်းဖြစ်သည်။ ဒုတိယအချက်မှာ မောင်းသူမဲ့စနစ်များ၏ခြိမ်းခြောက်မှုကွန်ရက်များကို နှောင့်ယှက်ခြင်းနှင့်ဖိဖျက်နှောင့်ယှက်ခြင်းပြုလုပ်ရန် အခြားအမေရိကန်ဌာနများနှင့် အေဂျင်စီများ၏ ပူးပေါင်းခြင်းဖြစ်သည်။ ဤနည်းဖြင့် ခြိမ်းခြောက်မှုကွန်ရက်များကို ကိုင်တွယ်ဖြေရှင်းမည်ဖြစ်သည်။

တတိယအချက်မှာ အမေရိကန်အကျိုးစီးပွားအတွက် မောင်းသူမဲ့စနစ်များ ခြိမ်းခြောက်မှုများကို ခုခံကာကွယ်ခြင်းဖြစ်သည်။ ကာကွယ်ရေးဝန်ကြီးဌာနသည် မောင်းသူမဲ့စနစ်များကို ခုခံကာကွယ်ရာတွင် အပြည့်အဝ လိုက်လျောညီထွေဖြစ်စေရန်လုပ်ဆောင်သွားမည်ဖြစ်သည်။ စတုတ္ထအချက်မှာ ကာကွယ်ရေးဌာနသည် လျင်မြန်သောဝယ်ယူမှုနည်းလမ်းများကို အသုံးချခြင်းဖြင့် အရှိန်အဟုန်နှင့်အတိုင်းအတာဖြင့် အားကောင်းသည့်ဒရုန်းတန်ပြန်စနစ်များကိုပေးအပ်မည်ဖြစ်သည်။ ပဉ္စမအချက်မှာ မောင်းသူမဲ့စနစ်များ မောင်းနှင်သည့်စစ်ပွဲအတွက် အနာဂတ်ပူးပေါင်းအင်အားစုကို တီထွင်ဖန်တီးဒီဇိုင်းဆွဲမည်ဖြစ်သည်။

**ကာကွယ်ရေးဝန်ကြီး၏လမ်းညွှန်ချက်**

အမေရိကန်ကာကွယ်ရေးဝန်ကြီး ပီတီဟေဆက်က မောင်းသူမဲ့စနစ်များကြီးထွားလာနေသည့် ခြိမ်းခြောက်မှုတန်ပြန်ရေးကို အာရုံစိုက်ကာ ကြည်းတပ်ခေတ်မီရေးနှင့် ဝယ်ယူရရှိရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုအရှိန်မြှင့်ရန်အတွက် ပြတ်သားသောလုပ်ငန်းစဉ်တစ်ရပ်ကိုချမှတ်ရန် ပင်တဂွန်စစ်ဌာနချုပ်မှ ထိပ်တန်းခေါင်းဆောင်များကို တရားဝင်ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။ ၂၀၂၅ ခုနှစ် ဧပြီ ၃၀ ရက်တွင် ထုတ်ပြန်သည့်ညွှန်ကြားလွှာတွင် မောင်းသူမဲ့လေယာဉ်စနစ်နှင့် ဒရုန်းတန်ပြန်စွမ်းရည်များပေါင်းစပ်လုပ်ဆောင်ရန် အမေရိကန်စစ်တပ်အတွက် တိကျသောရည်မှန်းချက်များကိုဖော်ပြထားသည်။ ပဋိပက္ခဖြစ်ပွားနေသောဒေသများအပါအဝင် ကျယ်ပြန့်သော ပင်လယ်နီဒေသအတွင်း ဒရုန်းအန္တရာယ်များ မြင့်မားလာနေသောအခြေအနေကိုအကြောင်းပြု၍ ဤလမ်းညွှန်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဟေဆက်၏ ညွှန်ကြားချက်သည် အမေရိကန်စစ်ဘက်ဆိုင်ရာပိုင်ဆိုင်မှုများ၊ မဟာမိတ်များနှင့် အရပ်ဘက်ဆိုင်ရာအခြေခံအဆောက်အအုံများကိုတိုက်ခိုက်ရာတွင် တိုးမြှင့်အသုံးပြုနေသည့် မောင်းသူမဲ့လေယာဉ်စနစ်၏ ပြောင်းလဲနေသော သဘောသဘာဝနှင့်ပတ်သက်၍ အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနအတွင်း ကြီးထွားလာသောစိုးရိမ်မှုကို ထင်ဟပ်စေသည်။ မောင်းသူမဲ့လေယာဉ်စနစ်များသည် အမေရိကန်တပ်များ၊ အဆောက်အအုံများနှင့် အရေးကြီးသောတည်နေရာများအတွက် အရေးပေါ်နှင့် ရေရှည်ဖြစ်ပေါ်နိုင်သော အန္တရာယ်နှစ်ခုလုံးရှိနေကြောင်းနှင့် အနာဂတ်စစ်ပွဲကိုအနိုင်ယူရန် လုပ်ဆောင်ရမည်ဟုဆိုထားသည်။

**အရှေ့အလယ်ပိုင်းတွင် မကြာသေးမီကဖြစ်ပေါ်မှုများ**

အထူးသဖြင့် ယီမင်တွင် အီရန်နှင့်မဟာမိတ်ဖွဲ့ထားသည့် ဟူသီတပ်ဖွဲ့များကဒရုန်းတိုက်ခိုက်မှုများ အရှိန်မြှင့်လာခြင်းကို အရေးတကြီးအားဖြည့်ပေးခဲ့သည်။ ကုန်ကျစရိတ်သက်သာပြီး အချိုးမညီသော ဤလက်နက်ကိရိယာများသည်ရေကြောင်းလုံခြုံရေးကို အနှောင့်အယှက်ပေးကာ လက်ရှိလေကြောင်းရန်ကာကွယ်ရေးစနစ်များတွင် အားနည်းချက်များကို ဖော်ထုတ်နိုင်ခဲ့သည်။ ယခုအခါ အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနသည် နည်းဗျူဟာများတွင် ဒရုန်းများသည် အဓိကအခန်းကဏ္ဍမှပါဝင်နေသည့်ခေတ်သစ်စစ်ပွဲတွင် ပိုမိုကျယ်ပြန့်သောအပြောင်းအလဲကို ညွှန်ပြနေသည်ဟု ရှုမြင်ထားသည်။

ဤပြောင်းလဲနေသော ခြိမ်းခြောက်မှုအခင်းအကျင်းကိုဖြေရှင်းရန်အတွက် အမေရိကန်ကာကွယ်ရေးဝန်ကြီး ပီတီဟေဆက်က ၂၀၂၆ခုနှစ်အကုန်တွင် ကာကွယ်ရေးတပ်မတိုင်း၌ မောင်းသူမဲ့လေယာဉ်စနစ်နှင့် မြေပြင်နှင့်ဝေဟင်မှပစ်လွှတ်သည့် မောင်းသူမဲ့လေယာဉ်စနစ်များတပ်ဆင်ရန် ညွှန်ကြားခဲ့သည်။ တစ်ဆက်တည်းတွင် ၎င်းစနစ်များ၏ တန်ပြန်စွမ်းရည်များကို ၂၀၂၆ ခုနှစ်တွင် တပ်စိတ်အဆင့်အသုံးပြုလေ့ကျင့်မှုပြုလုပ်ပြီး၂၀၂၇ခုနှစ်တွင် တပ်ခွဲအဆင့်ထိ တိုးချဲ့လုပ်ဆောင်ရမည်ဖြစ်သည်။ ဤနည်းပညာများကို နည်းဗျူဟာမြောက်ဖြန့်ကြက်ခြင်းသာမက အနာဂတ်ပဋိပက္ခများတွင် စစ်ဆင်ရေးဆိုင်ရာဆက်စပ်မှုရှိစေရန်အတွက် တိုးမြှင့်ရွှေ့လျားနိုင်မှုနှင့် ကုန်ကျစရိတ်သက်သာမှုတို့လိုအပ်ကြောင်းလည်း အလေးပေးဖော်ပြထားသည်။

ဤခေတ်မီရေးကြိုးပမ်းအားထုတ်မှုသည် မရိန်းလေကြောင်းရန် ကာကွယ်ရေးပေါင်းစပ်စနစ်နှင့် တာတိုပစ်လေကြောင်းရန် ကာကွယ်ရေးစနစ်များကို ဖြန့်ကြက်လုပ်ဆောင်နေပြီဖြစ်သည်။ ပူးတွဲနည်းဗျူဟာမြောက်ယာဉ်တွင် တပ်ဆင်ထားသောမရိန်းလေကြောင်းရန် ကာကွယ်ရေးပေါင်းစပ်စနစ်သည် ရေဒါ၊ လျှပ်စစ်အလင်းအာရုံခံကိရိယာများနှင့် အီလက်ထရွန်နစ် စစ်ဆင်မှုဆိုင်ရာကိရိယာများ တပ်ဆင်ထားပြီး ၎င်းသည် ဒရုန်းငယ်များအပါအဝင် ဝေဟင်မှခြိမ်းခြောက်မှုများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေကာစွမ်းအားမြဲစေသည်။ မရိန်းလေကြောင်းရန်ကာကွယ်ရေးပေါင်းစပ်စနစ်များကို အရှေ့အလယ်ပိုင်းနှင့် အင်ဒို-ပစိဖိတ်ဒေသများတွင် တပ်ဖြန့်ချထားပြီး ၎င်းတို့သည် တပ်ဖွဲ့ကာကွယ်ရေးတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။

Stryker သံချပ်ကာယာဉ်ကို အခြေခံထားသည့် တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်သည် မြေပြင်စနစ်များကို ထိန်းကျောင်းရန်အတွက် ရွေ့လျားနိုင်သော တာတိုလေကြောင်းရန်ကာကွယ်ရေးကိုပံ့ပိုးပေးရန် Stinger ဒုံးကျည်များ၊ မီလီမီတာ ၃၀ အမြောက်များနှင့် အဆင့်မြင့်မြင်ကွင်းစနစ်များကိုပေါင်းစပ်ထားသည်။ ဤစနစ်များသည် တပ်မတော်၏ နည်းဗျူဟာမြောက် ဒရုန်းဖျက်စွမ်းရည်၏ရှေ့ပြေးအဖြစ်ဆောင်ရွက်ပြီး အမေရိကန်ကာကွယ်ရေးဝန်ကြီး ပီတီဟေဆက်၏ နည်းဗျူဟာတွင် ဖော်ပြထားသောလမ်းညွှန်ချက်ကို စံနမူနာပြုသည်။

မောင်းသူမဲ့စနစ်များကို တန်ပြန်ခြင်းအတွက် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏ မဟာဗျူဟာအသစ်သည် ဤစိန်ခေါ်မှုကို ရင်ဆိုင်ရန် ပေါင်းစပ်လုပ်ဆောင်နိုင်မှု၊ လျင်မြန်သောဝယ်ယူရေး လုပ်ငန်းစဉ်များနှင့် အရွယ်အစားအလိုက် ဖြေရှင်းချက်များကိုအလေးပေးသည့် ပေါင်းစပ်မှုဘောင်တစ်ခုကိုပံ့ပိုးပေးသည်။ ဒရုန်းများသည် လုံခြုံရေးပတ်ဝန်းကျင်ကိုပြောင်းလဲလျက်ရှိသည်။ ထောက်လှမ်းမှုမှ ကာမီကာဇီတိုက်ခိုက်မှုများထိ စစ်ပွဲများတွင် ဒရုန်းများကို အဓိကအသုံးပြုလျက်ရှိသည်။ အမေရိကန်တို့၏ မဟာဗျူဟာသည် ဤစိန်ခေါ်မှုကိုအရှိန်အဟုန်နှင့် စည်းလုံးညီညွတ်စွာ ဖြည့်ဆည်းနိုင်ရန်ဖြစ်သည်။

ကိုယ်တိုင်ဆုံးဖြတ်လုပ်ဆောင်သည့် မြေပြင်စနစ်များ၊ ဒရုန်းကာကွယ်ရေးကွန်ရက်များနှင့် AI သုံးအာရုံခံစနစ်ပေါင်းစပ်မှုအပါအဝင် နည်းပညာအသစ်များအတွက် စမ်းသပ်စနစ်ဖြစ်သည့် SGT STOUT ကဲ့သို့သော အထူးပြုစနစ်များ၏ အလုပ်သည် ဤပြုပြင်ပြောင်းလဲမှုများကို ပိုမိုပံ့ပိုးပေးသည်။ တွန်းအားပေးထားသည့် ဒီဇိုင်းအတွက် ဤစမ်းသပ်ချဉ်းကပ်နည်းကို အဆင့်မြင့်မောင်းသူမဲ့လေယာဉ်နှင့် ဒရုန်းတန်ပြန်စွမ်းရည်များ ပေါင်းစပ်မှုအတွက် စံနမူနာအဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။

မောင်းသူမဲ့လေယာဉ် နည်းပညာဆန်းသစ်တီထွင်မှု၊ ဖွဲ့စည်းပုံပြုပြင်ပြောင်းလဲမှုနှင့် စစ်မြေပြင်ပေါင်းစည်းမှုတို့ဖြင့် အမေရိကန်တပ်မတော်သည် ယနေ့ရွေ့လျားနေပြီးဖြစ်သော ပြတ်သားသည့်စွမ်းရည်များဖြင့် အနာဂတ်ခြိမ်းခြောက်မှုများကို ရင်ဆိုင်အနိုင်ယူရန် ပြင်ဆင်လျက်ရှိသည်။

ခြုံ၍ဆိုရလျှင် ကမ္ဘာတစ်ဝန်းတွင် ဒရုန်းများ၏ အန္တရာယ်သည် သိသိသာသာ မြင့်မားလာသကဲ့သို့ ဒရုန်းကိုစတင်ခဲ့သည့် အမေရိကန်သည် အရှေ့အလယ်ပိုင်းတွင် ဒရုန်းအန္တရာယ်ကို ကိုယ်တွေ့ရင်ဆိုင်နေရကြောင်း တွေ့ရှိရသည်။ ထို့ပြင် မျက်မှောက်ကာလဖြစ်ပွားသည့် ပဋိပက္ခများတွင် ဒရုန်းများ၏အပြန်အလှန်ခြိမ်းခြောက်တိုက်ခိုက်မှုများ မြင့်မားလာသည်မှာလည်း ငြင်းဆို၍မရသည့်အချက်ဖြစ်သည်။ အနာဂတ်တွင် ဒရုန်းများကို အခြားစနစ်များနှင့်ပါ ချိတ်ဆက်နိုင်စွမ်းရှိလာမည်ဖြစ်ပြီး ဘက်စုံအသုံးပြုလာနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ ဒရုန်းများအန္တရာယ်ကို ကောင်းစွာသိရှိနေသည့်နည်းပညာမြင့်မားသော အမေရိကန်တို့အနေဖြင့် ဒရုန်းတန်ပြန်စွမ်းရည်များ မြှင့်တင်ရေးကို မဟာဗျူဟာချမှတ်ဆောင်ရွက်လာခြင်းဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။

**ကိုးကား**


- U.S. Defense Secretary Hegseth Urges U.S. Army to Modernize and Enhance Anti-Drone Capabilities, Defense News, 6 May, 2025
- fact-sheet-strategy-for-countering-unmanned-systems, media.defense. gov, December 2024

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## ကိုယ့်အားကိုယ်ကိုးပါ

တစ်ခါတုန်းက တောရွာကလေးတစ်ရွာမှာ မောင်ပိုဆိုတဲ့ လူငယ်ကလေးတစ်ယောက်ရှိပါတယ်။ မောင်ပိုရဲ့ မိဘတွေက တောရွာကလေးမှာ ချမ်းသာကြတဲ့ တောသူဌေးတွေပေါ့ကွယ်။ ဒါကြောင့် မောင်ပိုကလေးက ဘာအလုပ်မှမလုပ်ဘဲ အေးအေးဆေးဆေးနဲ့ မိဘလုပ်စာထိုင်စားနေရသတဲ့ကွယ်။

မောင်ပိုကလေးဟာ နံနက်ခင်းအိပ်ရာထတာနဲ့ အိမ်ကအခိုင်းအစေတွေချက်ပြုတ်ထားတဲ့ နံနက်စာကိုစားပြီး မိခင်ဆီက အသပြာကိုတောင်း၍ ရွာထဲက အပေါင်းအသင်းတွေဆီသွားပြီး ပျော်ပါးသတဲ့ကွယ်။ နေ့လယ်ခင်းကြပြန်တော့ အစဉ်သင့်ချက်ပြုတ်ထားတဲ့ ထမင်းကိုစားပြီးတော့ ငွေအသပြာတောင်းပြီး အပေါင်းအသင်းတွေဆီ ပြန်သွားပြန်သတဲ့ကွယ်။ ညနေခင်းရောက်ပြန်တော့လဲ ထိုနည်းအတိုင်းပဲ အသပြာတောင်းပြီး အပေါင်းအသင်းများနဲ့ ပျော်ပါးကာ ညမိုးချုပ်မှ အိမ်ပြန်လာသတဲ့ကွယ်။ ဒါကမောင်ပိုလေး နေ့စဉ်နေ့တိုင်း အမြဲလုပ်နေကျ အလုပ်ပေါ့ကွယ်။

တစ်နေ့မှာတော့ မောင်ပိုလေးရဲ့ မိဘနှစ်ပါးဟာ မောင်ပိုလေး အခုလို အလုပ်အကိုင်မရှိဘဲ မိဘလုပ်စာထိုင်စားနေရင် တစ်နေ့ အခက်တွေ့တော့မယ်ဆိုပြီး နှစ်ဦးသားခေါင်းချင်းဆိုင်ပြီး တိုင်ပင်ကြသတဲ့ကွယ်။ မောင်ပိုကလေးဟာ မနက်အိပ်ရာထမျက်နှာသစ်ပြီးတာနဲ့ နံနက်စာစားဖို့ ထမင်းစားဝိုင်းကိုရောက်လာသတဲ့ကွယ်။ မောင်ပိုကလေးမနိုးခင်ကတည်းက မိဘနှစ်ပါးက ထမင်းစားဝိုင်းမှာမောင်ပိုကလေးကို ထိုင်ပြီး စောင့်နေတာပေါ့ကွယ်။ မောင်ပိုလေးကို ဖခင်ဖြစ်သူက ထမင်းဖိုး ငွေဒင်္ဂါးတစ်ပြားရအောင် ဒီကနေ့ရှာလာခဲ့ဖို့ ပြောလိုက်သတဲ့ကွယ်။ မောင်ပိုကလေးလဲ ဖခင်ရှာခိုင်းတဲ့ထမင်းဖိုးကို ရှာခဲ့ပါ့မယ်လို့ ကတိပေးလိုက်သတဲ့ကွယ်။

မောင်ပိုလေးဟာ နံနက်စာစားပြီး ထမင်းဖိုး ငွေဒင်္ဂါးတစ်ပြားရှာဖို့ အိမ်ကထွက်လာခဲ့တာပေါ့ကွယ်။ ငွေဒင်္ဂါးတစ်ပြားရအောင် ဘယ်လိုရှာရမလဲလို့တွေးပြီး ဦးလေးဖြစ်တဲ့သူအိမ်ကို ထွက်လာတာပေါ့ကွယ်။ ဦးလေးအိမ်လဲရောက်ရော မိဘနှစ်ပါးက သူ့ကို ထမင်းဖိုးရှာခိုင်းတဲ့အကြောင်းစုံကို ပြောပြလိုက်သတဲ့ကွယ်။ ဦးလေးကလဲ သူ့တူလေးကို ဒီလိုခိုင်းရမလာဆိုပြီး သူဌေးကြီးလင်မယားကို အပြစ်ဖွဲ့ပြီး မောင်ပိုကလေး ပင်ပန်းဆင်းရဲစွာ ငွေမရှာစေချင်တာနဲ့ ဒင်္ဂါးတစ်ပြားကို ထုတ်ပေးလိုက်သတဲ့ကွယ်။

မောင်ပိုကလေးဟာ ဦးလေးပေးလိုက်တဲ့ဒင်္ဂါးပြားကိုကိုင်ပြီး အိမ်ပြန်လာသတဲ့ကွယ်။ အိမ်ပြန်ရောက်တော့ ဖခင်ကို ဒင်္ဂါးပြားပေးလိုက်သတဲ့ကွယ်။ ဖခင်



ကလဲ မောင်ပိုပေးတဲ့ဒင်္ဂါးပြားကိုယူပြီး မောင်ပိုလေးကို မီးဖိုထဲပစ်ချခိုင်းသတဲ့ကွယ်။မောင်ပိုလေးလဲ အလွယ်တကူမီးဖိုထဲကို ဒင်္ဂါးပြားပစ်ချပြီး ပုံမှန်အတိုင်းထမင်းစားသတဲ့ကွယ်။ ဒီလိုနဲ့ နောက်တစ်နေ့မှာလဲ ဦးလေးပေးတဲ့ ဒင်္ဂါးတစ်ပြားကို ဖခင်ကိုပြန်ပေးသတဲ့ကွယ်။ ဖခင်သူဌေးကြီးကလဲ ထုံးစံအတိုင်း မီးဖိုထဲကို ပစ်ချခိုင်းတာပေါ့။ မောင်ပိုကလေးကလဲ အရင်နေ့တုန်းကလို မီးဖိုထဲပစ်ချပြီး ထမင်းစားမြဲစားနေသတဲ့ကွယ်။

တတိယမြောက်နေ့ကျတော့ မောင်ပိုကလေး အခက်တွေ့သွားသတဲ့ကွယ်။ ဦးလေးဖြစ်သူက အလုပ်ကိစ္စတစ်ခုကြောင့် အခြားနယ်တစ်ခုကိုထွက်သွားသတဲ့ကွယ်။ ဦးလေးဆီက ဒင်္ဂါးပြားအလကားမရတော့ဘူးပေါ့။ ဒါကြောင့် မောင်ပိုလေးဟာ သစ်ပင်တစ်ပင်အောက်မှာထိုင်ပြီး ဒင်္ဂါးပြားတစ်ပြားရအောင် ဘယ်လိုလုပ်ရပ့ါမလဲဆိုပြီး မှိုင်တွေနေသတဲ့ကွယ်။ မောင်ပိုလေးသစ်ပင်အောက်မှာ မှိုင်တွေနေတာကို ခရီးသွားလူကြီးတစ်ယောက်က မြင်သွားသတဲ့ကွယ်။ ဘာ့ကြောင့် သစ်ပင်အောက်မှာ ထိုင်ပြီးမှိုင်နေရသလဲ လို့လဲ မေးလိုက်သတဲ့။ မောင်ပိုကလေးလဲ ခရီးသွားလူကြီးကို ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်သတဲ့ကွယ်။

ခရီးသွားလူကြီးဟာ မောင်ပိုကလေးရဲ့ မိဘနှစ်ပါးက မောင်ပိုလေးကို အကြောင်းမဲ့သက်သက် ဒင်္ဂါးပြားတစ်ပြားရှာခိုင်းတာမဟုတ်ဘူးဆိုတာ ရိပ်မိသွားသတဲ့ကွယ်။ မောင်ပိုကလေးကိုလဲ ဘာမှမပူနဲ့ ငါအလုပ်ပေးမယ်ဆိုပြီး အိမ်ကိုခေါ်သွားသတဲ့ကွယ်။

မောင်ပိုကလေးဟာ ခရီးသွားလူကြီး အိမ်ရောက်တော့ ထင်းခွဲ၊ ရေခပ်အလုပ်တွေကို ညနေစောင်းတဲ့ထိ လုပ်ပေးရသတဲ့ကွယ်။ မိုးမချုပ်တချုပ်ဖြစ်မှ အလုပ်နားခိုင်းပြီး မောင်ပိုကလေးကို ဒင်္ဂါးတစ်ပြားပေးလိုက်သတဲ့ကွယ်။ မောင်ပိုကလေးလဲ ခရီးသွားလူကြီး ပေးလိုက်တဲ့ ဒင်္ဂါးတစ်ပြားကိုကိုင်ပြီး အိမ်ကိုပြန်လာခဲ့တာပေါ့။ ထင်းခွဲ၊ ရေခပ်အလုပ်တွေကို ပင်ပင်ပန်းပန်း လုပ်ကိုင်ထားရတော့ မောင်ပိုကလေးခင်ဗျာ အရင်ရက်ကလို သွက်သွက်လက်လက်မရှိဘဲ အိမ်ကို ခပ်နှေးနှေးသာ ပြန်လာနိုင်သတဲ့ကွယ်။ အိမ်ရောက်တော့ ဖခင်ဖြစ်သူကို ဒင်္ဂါးတစ်ပြားထုတ်ပေးလိုက်သတဲ့။ ဖခင်ဖြစ်သူကလဲ မီးဖိုထဲကို လွှတ်ပစ်ဖို့ ပြောလိုက်တာပေါ့ကွယ်။ ဒီတစ်ခါတော့ မောင်ပိုကလေးဟာ ဒင်္ဂါးပြားလေးကိုကိုင်ပြီး မှိုင်နေသတဲ့ကွယ်။ နောက်မကြာပါဘူး မျက်ရည်တွေကျလာပြီး ဒင်္ဂါးပြားကို မလွှတ်ပစ်နိုင်ကြောင်း ဖခင်ဖြစ်သူကို ငိုပြီးတော့ပြောသတဲ့ကွယ်။ ဖခင်ဖြစ်သူကလဲ ဘာဖြစ်လို့ မလွှတ်ပစ်တာလဲလို့ မေးတော့တာပေ့ါ။ ဒီတော့ မောင်ပိုကလေးက ခရီးသွားဦးကြီးအိမ်မှာ ပင်ပင်ပန်းပန်းနဲ့ ထင်းခွဲရေခပ်ပြီးမှရလာတဲ့ ဒင်္ဂါးပြားလေးမို့ မီးထဲကို မလွှတ်ပစ်နိုင်ကြောင်း ငိုပြီး ပြောလိုက် သတဲ့ကွယ်။

ကလေးတို့ရေ တကယ်တော့ မောင်ပိုကလေးရဲ့ မိဘတွေက မောင်ပိုကလေးမိဘတွေ ရှာထားတဲ့ ငွေတွေကို အလွယ်တကူသုံးဖြုန်းနေရင် တစ်နေ့မှာ သူတို့နှစ်ဦးမရှိတဲ့အချိန် မောင်ပိုကလေးတစ်ယောက်ထဲ သုံးဖြုန်းလို့ကုန်သွားရင်ဒုက္ခတွေ့မှာစိုးလို့ မောင်ပိုကလေးကို ငွေကို ဘယ်လိုခက်ခက်ခဲခဲရှာရသလဲ ဆိုတာသိအောင် လုပ်ခိုင်းလိုက်တာပါကွယ်။ မောင်ပိုကလေးလဲ ငွေကို ပင်ပင်ပန်းပန်းနဲ့ရှာရတယ်ဆိုတာသိသွားတော့ အရင်ကလို အပေါင်းအသင်းတွေနဲ့ ပျော်ပါးမြူးတူးပြီး မနေတော့ဘူးတဲ့ကွယ်။ အဲ့ဒီနေ့ကစပြီး မောင်ပိုကလေးလဲ ကိုယ့်အားကိုယ်ကိုးပြီး မိဘနှစ်ပါးရဲ့အလုပ်တွေကို ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးသတဲ့ကွယ်။

**မောင်သိန်းနိုင်(လက်ဖက်ရည်)**

## အောင်မြင်လိုလျှင် ဇွဲစိတ်ယှဉ်

♦ အောင်မြင်လိုလျှင် ဇွဲစိတ်ယှဉ်
ကြိုးစားထာဝစဉ်၊
ပျင်းရိရှောင်ကြဉ် သူငါများ
ရည်မှန်းချက်တွေထား ။

♦ တက်ကြွနိုးကြား ယခုနောင်
ဝီရိယရှေ့ဆောင်၊
သတ္တိထွန်းပြောင် ဘဝလမ်း
ခူးဆွတ်မြတ်အောင်ပန်း။ ။

ရဲသွေးနီ(တက်ဝန်)



## ယဉ်ကျေးမှု

♦ မိဦး၊ ဖဦး ချန်ကာရယ်
ထမင်းစားကြမယ်၊
လက်လေးကိုကွယ် စင်စင်ဆေး
ရောဂါဘယဝေး။

♦ ဘယ်လက်လေးနဲ့ ဇွန်းကိုင်ကာ
ဟင်းရည်ခပ်သောက်ပါ၊
အသံမြည်စွာမစားရ
မှတ်ကြ မောင်ညီမ။ ။

စိုင်းနေဝန်း(ဟူမ္မလင်း)



# တူကီယဲနိုင်ငံ ထရေးရှင်းနယ်မြေတွင် မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေပြီး စိုက်ပျိုးရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးနိုင်



**အင်ကာရာ မေ ၁၀**

တူကီယဲနိုင်ငံ အနောက်မြောက်ဘက်ပိုင်းရှိထရေးရှင်းနယ်မြေတွင် ၂၀၂၅ ခုနှစ်အတွင်း မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေပြီး ထရေးရှင်းနယ်မြေမှ တောင်သူများအတွက် စိုက်ပျိုးရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးနိုင်ကြောင်း တူကီယဲစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု မေ ၉ ရက် သတင်းများတွင် ဖော်ပြထားသည်။

ထရေးရှင်းနယ်မြေသည် ဂျုံနှင့် မုယောစပါးအများဆုံးစိုက်ပျိုးသည့်နယ်မြေဖြစ်ပြီး မိုးခေါင်သည့်ပြဿနာဖြင့် စတင်ရင်ဆိုင်ရတော့မည်ဖြစ်သည့်အတွက် ဂျုံနှင့် မုယောစပါးများ မျိုးစေ့ချရန်မှာ အခက်တွေ့လာနိုင်ကြောင်း၊ မျိုးစေ့ချပြီးသော နယ်မြေများတွင်လည်း မျိုးစေ့များ အောင်မြင်ဖြစ်ထွန်းမှု ရာခိုင်နှုန်းနည်းနိုင်ကြောင်း တူကီယဲစိုက်ပျိုးရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှ သုတေသီတစ်ဦးဖြစ်သူ ဟာဘီရင်ဒီဇန်က ပြောကြားသည်။

"လာမဲ့ရက်ပိုင်းလောက်ကနေစတင်ပြီးတော့ ထရေးရှင်းနယ်မြေမှာ မိုးရွာသွန်းလာတော့မှာမဟုတ်ပါဘူး။ ဘယ်လောက်ထိကြာမှာလဲဆိုတာတော့ အတပ်မပြောနိုင်ဘူး။ ထရေးရှင်းနယ်မြေဟာ ဂျုံနဲ့မုယောစပါးတွေ အများဆုံးစိုက်ပျိုးထွက်ရှိတဲ့ နယ်မြေဖြစ်ပါတယ်။ ဂျုံနဲ့မုယောစပါး မျိုးစေ့တွေချရတော့မဲ့ကာလလဲဖြစ်တယ်။ တချို့ကတော့ မျိုးစေ့တောင်ချပြီးဖြစ်ပါတယ်။ မိုးခေါင်မှုစတင်တော့မှာဖြစ်တဲ့အတွက် ဂျုံနဲ့မုယောစပါးမျိုးစေ့ချနိုင်မှာ မဟုတ်သလို မျိုးစေ့ချထားပြီး စိုက်ခင်းတွေလဲ ရှင်သန်ဖြစ်ထွန်းဖို့ အခက်အခဲတွေ ရှိလာနိုင်ပါတယ်"ဟု တူကီယဲ စိုက်ပျိုးရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှ သုတေသီတစ်ဦးဖြစ်သူ ဟာဘီရင်ဒီဇန်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# တရုတ်နိုင်ငံတစ်ဝန်း ပြင်းထန်သော မိုးသက်မုန်တိုင်းများ တိုက်ခတ်နေသဖြင့် နိုင်ငံပိုင်မိုးလေဝသဌာနက အဝါရောင်သတိပေးချက် ထုတ်ပြန်

**ပေကျင်း မေ ၁၀**

တရုတ်နိုင်ငံတစ်ဝန်းတွင် ပြင်းထန်သော မိုးသက်မုန်တိုင်းများတိုက်ခတ်နေသဖြင့် နိုင်ငံပိုင်မိုးလေဝသဌာနက မေ ၈ ရက်တွင် ပြည်သူများကို သတိပြုနေထိုင်နိုင်ရေးအတွက် အဝါရောင်သတိပေးချက်ထုတ်ပြန်ထားကြောင်း မေ ၉ ရက်သတင်းများအရ သိရသည်။

တရုတ်နိုင်ငံ တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသတချို့တွင် မေ ၈ ရက် မွန်းလွဲ ၂ နာရီကစ၍ သည်းထန်စွာ ရွာသွန်းနေသော မိုးသည် ယနေ့ထိ ဆက်လက်ရွာသွန်းနေဆဲဖြစ်ကြောင်း သိရသည်။



ထိုသို့မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် နိုင်ငံ၏ အရှေ့ပိုင်းရှိ ကျန်းရှီးပြည်နယ် အလယ်ပိုင်းရှိ ဟူနန်ပြည်နယ်နှင့် တောင်ပိုင်းရှိ ဂန်းရှီးပြည်နယ်တို့တွင် ရေကြီးခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေကျခြင်းများ ဖြစ်လာနိုင်ကြောင်း၊ ထို့ပြင် နိုင်ငံအရှေ့ပိုင်းရှိ အန်ဟွေးပြည်နယ်နှင့် ကျန်းရှုပြည်နယ်တို့၌လည်း လေပြင်းတိုက်ခတ်မှုများ ဖြစ်ပွားနိုင်ပြီး နိုင်ငံ၏တောင်ပိုင်း ဟူနန်၊ ကွမ်ရှီးနှင့် ကွမ်တုံပြည်နယ်တို့၌ လေဆင်နှာမောင်းပါ တိုက်ခတ်လာနိုင်သည့်အတွက် ပြည်သူများကို သတိပြုနေထိုင်ကြရန် နိုင်ငံပိုင်မိုးလေဝသဌာနက သတိပေးထားကြောင်း သိရသည်။

"ပြည်သူတွေအနေနဲ့ မိုးလေဝသဌာနက ထုတ်ပြန်တဲ့ မိုးလေဝသခန့်မှန်းချက်တွေ၊ အရေးပေါ်သတိပေးချက်တွေကို အမြဲမပြတ်နားထောင် စောင့်ကြည့်ဖို့လိုပါတယ်။ တကယ်လို့ သဘာဝဘေးတစ်ခုခုဖြစ်ပေါ်လာရင် နောက်ဆက်တွဲဘေးအန္တရာယ်တွေကိုလဲ သတိရှိရှိ ဖြတ်ကျော်ဖို့အတွက် ပြင်ဆင်ထားရပါမယ်"ဟု နိုင်ငံပိုင်မိုးလေဝသဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : KZ

# ဝေလနိုင်ငံ လင်ကျွန်းဆွယ်တွင် လောင်ကျွမ်းနေသည့်တောမီးကို ထိန်းချုပ်နိုင်ပြီဖြစ်

**ကာဒစ် မေ ၁၀**

ဝေလနိုင်ငံ လင်ကျွန်းဆွယ်ရီးကျေးလက်ဒေသတွင် မေ ၅ ရက်မှ စတင်လောင်ကျွမ်းခဲ့သောတောမီးကို မေ ၈ ရက်တွင် စတင်၍ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း မေ ၉ ရက် သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုသည် ရီးကျေးလက်ဒေသတွင် သစ်တောမြေစတုရန်းမီတာ ၅၀၀၀ ကျော်ထိ ပျက်စီးသွားခဲ့ပြီး အနီးပတ်ဝန်းကျင်ရှိ နီဖန်ဒေသ၊ ပေါ့မာဒေါ့ဒေသ၊ အဘာဆော့ရှ်ဒေသနှင့် လန်ဂတ်နီဒေသတို့မှ မီးသတ်တပ်ဖွဲ့ဝင်များက တောမီးငြိမ်းသတ်ရေးတွင် ပါဝင်ကူညီပေးခဲ့သည့်အတွက် ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။

"မေ ၅ ရက်က ရီးကျေးလက်ဒေသမှာ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေတဲ့အကြောင်း ဖုန်းဆက်သတင်းပေးမှုကို လက်ခံရရှိခဲ့ပါတယ်။ တောမီးအရှိန်ပြင်းထန်တဲ့အတွက်ကြောင့် ရီးကျေးလက်ဒေသမီးသတ်တပ်ဖွဲ့ဝင်တွေနဲ့တင် တောမီးကိုထိန်းချုပ်နိုင်ဖို့ အင်အားမလုံလောက်ဘူး။ ဒါကြောင့် အနီးပတ်ဝန်းကျင်မှာရှိတဲ့ နီဖန်ဒေသ၊ ပေါ့မာဒေါ့ဒေသ၊ အဘာဆော့ရှ်ဒေသနဲ့ လန်ဂတ်နီဒေသတို့က မီးသတ်တပ်ဖွဲ့ဝင်တွေကို ဖုန်းဆက်ညွှန်ကြားပြီး တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် ရီးကျေးလက်ဒေသကို စေလွှတ်ခဲ့ပါတယ်။ တောမီးကြောင့် သစ်တောမြေစတုရန်းမီတာ ၅၀၀၀ ကျော်ထိ ပျက်စီးခဲ့တယ်။ မေ ၈ ရက်ကနေစတင်ပြီးတော့ တောမီးကို ထိန်းချုပ်နိုင်ပြီ ဖြစ်ပါတယ်။ တောမီး လောင်ကျွမ်းမှုတွေ နောက်ထပ် ဖြစ်မလာစေဖို့အတွက် ဒေသခံပြည်သူတွေအနေနဲ့ ပူးပေါင်းပါဝင်ပေးဖို့လဲ တိုက်တွန်းချင်ပါတယ်"ဟု North Wales Fire and Rescue Service (NWFRS) မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ဩစတြေးလျနိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းတစ်လျှောက်တွင် ရေနေသတ္တဝါများ သေဆုံးနေရခြင်းမှာ အဆိပ်ရှိရေညှိများကြောင့်ဖြစ်

**ကင်ဘာရာ မေ ၁၀**

ဩစတြေးလျနိုင်ငံ တောင်ပိုင်းကမ်းရိုးတန်း တစ်လျှောက်တွင် ရေနေသတ္တဝါများ သေဆုံးရခြင်း၏ အဓိကအကြောင်းရင်းမှာ အဆိပ်ရှိ ရေညှိများကြောင့်ဖြစ်သည်ဟု ပြည်နယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက မေ ၈ ရက်တွင် ပြောကြားခဲ့ကြောင်း မေ ၉ ရက် သတင်းများအရ သိရသည်။

ဩစတြေးလျနိုင်ငံ တောင်ပိုင်း အက်ဒီလက်မြို့၏ တောင်ဘက်ကီလိုမီတာ ၈၀ အကွာရှိ ဖလဲရီးယာ့ကျွန်းဆွယ်ရှိ ကမ်းခြေများတွင် အဆိပ်အတောက်ဖြစ်စေသော ရေညှိများပေါက်ရောက်နေကြောင်း၊ အဆိုပါ ရေညှိများ ပေါက်ရောက်ရာ ရေပြင်အကျယ်အဝန်းသည် ဧရိယာစတုရန်းကီလိုမီတာ ၄၄၀၀ ရှိသဖြင့် ကန်ဂရူးကျွန်း၏အရွယ်အစားခန့်ရှိကြောင်း ပြည်နယ်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဆူဆန်ကလို့စ်က ပြောကြားခဲ့သည်။

"ဒါဟာ မြင်ဖူးနေကျရေညှိတွေထက် အပင်ပွားတာမြန်တယ်လို့ပြောရမှာပါ။ ဒီရေညှိတွေက အဏ္ဏဝါသက်ရှိတွေအပေါ် သိသိသာသာ ဆိုးကျိုးသက်ရောက်မှုဖြစ်စေပါတယ်။ ဒီရေညှိကြောင့် သေဆုံးခဲ့ရတဲ့အဏ္ဏဝါသက်ရှိတွေလဲ တော်တော်လေးများနေပါပြီ"ဟု ဆူဆန်ကလို့စ်က ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံတောင်ပိုင်း ကမ်းခြေများတွင် မေလပထမပတ်အတွင်း ငါးမန်းနှစ်ကောင်အပါအဝင် ကင်းမွန်၊ ရေဘဝဲ၊ ပင်ဂွင်နှင့် ငါးမျိုးစိတ်များစွာ သေဆုံးခဲ့ရကြောင်း၊ အဆိုပါသေဆုံးမှုများသည် ရေညှိများကြောင့်ဖြစ်ကြောင်း၊ ၎င်းရေညှိများသည် ပင်လယ်ရေအပူချိန်၊ လူတို့စွန့်ပစ်လိုက်သော ဓာတုပစ္စည်းများ၊ နေရောင်ခြည်တို့ဓာတ်ပြုပေါင်းစပ်ခြင်းကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

ဧပြီလကတည်းက အဆိုပါ ရေညှိများ ပေါက်ရောက်ရာ ကမ်းခြေများတွင် ရေကူးခြင်းကို ရှောင်ကြဉ်ကြရန် ပြည်သူများကို ပြည်နယ်အစိုးရက အကြံပြုထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# COP30 ညီလာခံတွင် တစ်ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုစီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းရန် ဘရာဇီးနိုင်ငံက တိုက်တွန်းမည်

**ဘရာဇီးလီးယား မေ ၁၀**

ဘရာဇီးနိုင်ငံသည် COP30 ညီလာခံ၏အိမ်ရှင်အဖြစ် နိုဝင်ဘာ ၁၀ ရက်မှစတင်၍ ဘရာဇီးနိုင်ငံ ပါရာပြည်နယ် ဘယ်လမ်မြို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုစီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းရန် တိုက်တွန်းမည်ဖြစ်ကြောင်း အန်ဒရေကော်ရီယာက ပြောကြားခဲ့သည်ဟု မေ ၉ ရက် သတင်းများတွင် ဖော်ပြထားသည်။

COP30 ညီလာခံတွင် စက်မှုခေတ်ကာလမတိုင်မီက ဖြစ်ပေါ်ခဲ့သောအပူချိန်ပမာဏထက် နှစ်ဒီဂရီစင်တီဂရိတ်ထိ လျှော့ချနိုင်ရေးအတွက်လည်း ဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း၊ COP30 ညီလာခံတွင် ကမ္ဘာ့နိုင်ငံများအနေဖြင့် ရာသီဥတုဖောက်ပြန်မှုလျှော့ချရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လာနိုင်ရန် ဆွေးနွေးမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရန်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများသည် ဘဏ္ဍာရေး အခက်အခဲများရှိနေသဖြင့် နိုင်ငံတကာ၏အကူအညီကို လိုအပ်သကဲ့သို့ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးအတွက်လည်း လိုအပ်ချက်များကို စိစစ်ရန်အတွက် တာဝန်ယူဆောင်ရွက်ပေးမည့်အဖွဲ့အစည်းတစ်ခု လိုအပ်နေကြောင်း ဘရာဇီးရာသီဥတုပြောင်းလဲမှု၊ စွမ်းအင်နှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာနအတွင်းရေးမှူး အန်ဒရေကော်ရီယာက ပြောကြားခဲ့သည်။

"တစ်ကမ္ဘာလုံးအတိုင်းတာနဲ့ ရာသီဥတုဖောက်ပြန်မှုကိုထိန်းချုပ်နိုင်ဖို့အတွက် ပူးပေါင်းဆောင်ရွက်သွားမဲ့ကိစ္စမှာ ဘယ်လိုပူးပေါင်းဆောင်ရွက်ကြမလဲဆိုတဲ့ အချက်ကိုစိစစ်နိုင်ဖို့အတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ရပ်လိုအပ်တယ်။ COP30 မှာ တစ်ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုစီမံခန့်ခွဲရေးအဖွဲ့ကို အမြဲတမ်းဖွဲ့စည်းနိုင်ဖို့ တိုက်တွန်းသွားမယ်"ဟု အန်ဒရေကော်ရီယာက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat




## လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး
## ကတ္တရာတင်ဒါခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/အဖွဲ့များမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေများဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် (၆၀/၇၀) နှင့် (၈၀/၁၀၀)အမျိုးအစားကတ္တရာများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန် | - | (၁၃-၅-၂၀၂၅)နေ့ (ရုံးချိန်အတွင်း) |
| တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်/အချိန် | - | (၂၆-၅-၂၀၂၅)နေ့၊ နေ့လည် (၁၂:၀၀)နာရီ |
| တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်/အချိန် | - | (၂၇-၅-၂၀၂၅)(ရုံးချိန်အတွင်း) |
| တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန် | - | (၂၈-၅-၂၀၂၅) နေ့၊ နံနက် (၉:၃၀)နာရီ |
| တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လမ်း ၃၀၊ ၇၀ x ၇၁ လမ်းကြား၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကတ္တရာတင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
၀၉-၄၄၄၀၃၄၅၈၄၊ ၀၉-၄၀၃၇၄၀၄၆၄

## ဘိုးဘပိုင် / မြေပိုင် အခွင့်အရေးရရှိထားသောမြေ
## အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ **နန္ဒဝန်**ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(**၃/၁၆**)၊ အကွက်အမည် **အုဖွဲ့လ်ကျင်းကွင်း**၊ ဦးပိုင်အမှတ်(**၅၄/ခ**)၊ ဧရိယာ(**၀.၀၃၀**)ဧကနှင့် ဦးပိုင်အမှတ်(**၅၆/ခ**)၊ ဧရိယာ(**၀.၁၃၆**)ဧက၊ စုစုပေါင်း ဧရိယာ (**၀.၁၆၆**)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - လမ်း
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်-၅၇/က
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်-၅၆/က၊ ၅၇/က
(ဃ) မြောက်လားသော် - လမ်း

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးကျော်လင်းမောင်**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၅ ခုနှစ်၊ ဇွန်လ(၆)ရက်နေ့**မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်မြေစာရင်းဦးစီးဌာန
စစ်ကိုင်းမြို့

## အဖိုးတန်
## ရေချိုကို
## ချွေတာပါ

## ပျောက်ဆုံးကြောင်း

တာမိုးညဲမြို့၊ အမှတ်(၆)ရပ်ကွက်နေ မောင်အောင်ကျော်လင်း (ဘ) ဦးလီကျင်ရိန်(၁၃/ကခန(နိုင်)၀၅၆၀၉၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၀၁၇၀၂၇

## ပျောက်ဆုံးကြောင်း

တာမိုးညဲမြို့၊ အမှတ်(၆)ရပ်ကွက်နေ မအေးနွယ် (ဘ) ဦးကျန်ဖူစိမ်(၁၃/ကခန(နိုင်)၀၅၇၁၄၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၀၁၇၀၂၇

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို




အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

❖ “ပညာ”ဆိုသည်မှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် “အသိဉာဏ်” ရရှိစေ...

❖ နိုင်ငံသားတိုင်း “အသိဉာဏ်ပညာ” ပြည့်စုံမှသာ နိုင်ငံအကျိုးသယ်ပိုးနိုင်သည့် “စစ်မှန်သည့်အင်အား”တစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သည့် နှင်းပုလဲနှင့် တောင်စွန်းဘူတာကြား ရထားတံတားအမှတ်(၆၅) ပြုပြင်ပြီးစီး၍ ရန်ကုန်-မော်လမြိုင်-ရန်ကုန်ရထားများ ပြန်လည်ပြေးဆွဲပေးလျက်ရှိ



နေပြည်တော် မေ ၁၀

ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်းရှိ မွန်ပြည်နယ် ဘီးလင်းမြို့နယ် နှင်းပုလဲဘူတာနှင့်တောင်စွန်းဘူတာကြား မိုင်တိုင်အမှတ် ၁၁၂/၁၀-၁၁ရှိ ပေ၂၀ သံဘောင်ခန်းဖွဲ့သုံးခုပါ အရှည်ပေ ၆၀ ရှိ ရထားတံတားအမှတ်(၆၅)အောက်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် နှင်းပုလဲနှင့် တောင်စွန်းရထားလမ်းပိုင်းကို မေ ၆ ရက်မှစ၍ ယာယီပိတ်ထားခဲ့ရပြီး ရန်ကုန်-မော်လမြိုင်-ရန်ကုန်ပြေးဆွဲနေသော အမှတ်(၈၁) အဆန်/(၈၂)အစုန်လူစီးရထားများကို ယာယီရပ်နားခဲ့ရသည်။

မြန်မာ့မီးရထားအနေဖြင့် ယာယီပိတ်ထားရသည့် ရထားလမ်းပိုင်းအတွင်း ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာခရီးသွားလာနိုင်ရေးနှင့် ကုန်စည်များ အဆင်ပြေစွာသယ်ယူပို့ဆောင်ပေးနိုင်ရေးအတွက်

စာမျက်နှာ ၂၂ ကော်လံ ၄ ☆

**အကျိုး**

**စီးပွားချင်းထပ်**

**ကောင်းမြတ်ခဲ့ပြီ**

**ဆောင်းပါး**

စာမျက်နှာ- ၁၉

## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် မေ ၁၀

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေဝင်ရောက်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ အပူပျံ့တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ မေ ၁၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊

စာမျက်နှာ ၂၂ ကော်လံ ၄ ❑

၁၁-၅-၂၀၂၅ ရက်နေ့မှ ၁၂-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ

